# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 **The Mirror Daily**

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် တနင်္လာနေ့ | 18, Monday April 2016 | (၈၅၃၅)


## နိုင်ငံတစ်နိုင်ငံဟာ တိုးတက်ဖို့ ချမ်းသာဖို့ဆိုလို့ရှိလို့ရှိရင် ညီညွတ်မှုဟာ အင်မတန်မှအရေးကြီး

### အမျိုးသားရင်ကြားစေ့ရေးကိုဦးတည်တဲ့ အစိုးရလို့ပြောတဲ့အခါမှာ ထောက်ခံမဲပေးခဲ့တဲ့ပြည်သူ၊ မဲမပေး မထောက်ခံတဲ့ ပြည်သူတွေအတွက်လည်း တာဝန်ယူ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်း**

**၁၈-၄-၂၀၁၆**

ဒီနှစ်သစ်ကူးအခါသမယမှာ ကျွန်မတို့ ပြည်သူပြည်သားများအားလုံး၊ ကမ္ဘာသူကမ္ဘာသားများအားလုံးကျန်းမာချမ်းသာကြပါစေ။ ဘေးဘယာဝေးကွာကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။

ကျွန်မတို့ဒီလိုမင်္ဂလာရှိတဲ့အချိန်အခါမှာ ပြည်သူလူထုကို နှုတ်ခွန်းဆက်ခွင့်ရတဲ့အတွက်လည်း အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသစ်ကနေပြီးတော့ နှစ်သစ်ကူးအချိန်ကာလမှာ တာဝန်ယူရတာလည်း အတိတ်နိမိတ်ကောင်းတယ်လို့ ကျွန်မယူဆပါတယ်။ အသစ်ကိုပြောင်းတဲ့အချိန်မှာ ကောင်းမွန်တဲ့သစ်ဆန်းမှုတွေကို ကျွန်မတို့ တည်ဆောက်တဲ့အချိန်ကာလမို့လို့ အတိတ်နိမိတ်ကောင်းတယ်လို့ ဆိုလိုတာပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဆိုတဲ့ အသုံးအနှုန်းကိုလည်း ကျွန်မ အဓိပ္ပာယ်နည်းနည်းလေးရှင်းပြချင်ပါတယ်။ ဒီဟာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကနေပြီးတော့ စိုးမိုးတယ်၊ အာဏာယူတယ်၊ အုပ်ချုပ်ပိုင်ခွင့်ကိုရယူတယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ ပြောတာမဟုတ်ပါဘူး။

ကျွန်မပြောချင်တဲ့ အဓိပ္ပာယ်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲမတိုင်မီက ပြည်သူလူထုကိုတင်ပြခဲ့တဲ့ မူဝါဒတွေအပေါ်မှာ အခြေခံပြီးတော့ ဆောက်တည်မယ့် အုပ်ချုပ်မှုစနစ်မျိုးဖြစ်တယ်လို့ ကျွန်မပြောချင်တာပါ။ တာဝန်ယူမယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ ပြောချင်တာပါ။ ဒီတော့ တာဝန်ယူမယ်ဆိုတဲ့အခါမှာ ကျွန်မတို့အဖွဲ့ချုပ်ကသတ်မှတ်ထားတဲ့မူတွေအရ၊ အခြေခံမူတွေအရ တာဝန်ယူမှာပါ။

ဒီအခြေခံမူများဟာ အားလုံးသိတဲ့အတိုင်းပဲ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ပြီးတော့ အမြစ်တွယ်အောင်လို့ လုပ်ရေးတို့ဖြစ်ပါတယ်။

အရေးကြီးဆုံးကတော့ အမျိုးသားရင်ကြားစေ့ရေးပါပဲ။ နိုင်ငံတစ်နိုင်ငံဟာ တိုးတက်ဖို့ ချမ်းသာဖို့ဆိုလို့ရှိလို့ရှိရင် ညီညွတ်မှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ ဒါကြောင့်မို့လို့ ဒီအစိုးရဟာ အမျိုးသားရင်ကြားစေ့ရေးကိုဦးတည်တဲ့ အစိုးရလို့ပြောတဲ့အခါမှာ ကျွန်မတို့ပါတီကို ထောက်ခံမဲပေးခဲ့တဲ့ ပြည်သူလူထုအတွက်တင်မဟုတ်ဘူး။ ကျွန်မတို့ကို မဲမပေး၊ မထောက်ခံတဲ့ ပြည်သူတွေအတွက်လည်း ဒီအစိုးရဟာ တာဝန်ယူမှာပါလို့ ကျွန်မက ရှင်းရှင်းလင်းလင်းပြောချင်ပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်သူလူထု နှလုံးစိတ်ဝမ်းငြိမ်းချမ်းစေရေးကို ဦးတည်ကာ အကျဉ်းသား ၈၃ ဦးကို ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် ဧပြီ ၁၇**

အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်သူလူထု နှလုံးစိတ်ဝမ်းငြိမ်းချမ်းစေရေးကို ဦးတည်ပြီး အကျဉ်းသား ၈၃ ဦးကို ယနေ့ (မြန်မာနှစ်ဆန်း ၁ ရက်) နံနက်ပိုင်းမှစတင်၍ အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးလိုက်ပြီ ဖြစ်သည်။

အဆိုပါ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုခြင်းကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ယမန်နေ့ (ဧပြီ ၁၆ ရက်)က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ရာ အကျဉ်းထောင်/စခန်း ၂၅ ခုမှ အမျိုးသား ၇၅ ဦးနှင့် အမျိုးသမီး ၈ ဦး စုစုပေါင်း ၈၃ ဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးအနေဖြင့် အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက် လိုအပ်သည့်စိစစ်မှုများဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ ၈ ရက်က ကြေညာချက်အမှတ် (၂/၂၀၁၆)ထုတ်ပြန်ခဲ့ပြီးနောက် ယခုကဲ့သို့ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

ထို့အတူ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား၊ ကျောင်းသူများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း **စာမျက်နှာ ၈ ကော်လံ ၄ သို့** ✱



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ဧပြီ ၁၇ ရက်က အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကို ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ် (ယုဇန)


**မြန်မာ့နှစ်သစ်ကူး ကံစမ်းမဲ အထူးအစီအစဉ်**

MECTel မြန်မာနှစ်သစ်ကူး Lucky Draw အထူးအစီအစဉ်ကို ၂၀၁၆ ခုနှစ် မတ်လ(၃၁)ရက်နေ့မှ ၂၀၁၆ ခုနှစ် ဧပြီလ(၂၉)ရက်နေ့အထိ ကံစမ်းခွင့်အခွင့်အရေးကို စတင်လိုက်ပါပြီ။
MECTel ရဲ့ဖုန်းအချင်းချင်းတစ်မိနစ်ပြောတိုင်း၊ MECTel Sim Card အသစ်စတင်အသုံးပြုတိုင်း၊ ၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်တိုင်း၊ Samsung Glaxy Note 4 (၁၆)လုံး၊ Samsung Tab A (၈)လုံး၊ Sony 40" TV (၄)လုံး၊ ရွှေစင်း (၁)ကျပ်သား (၃၀)ခု၊ ၃၀၀၀ိ/- ကျပ်တန်ငွေဖြည့်ကတ် (၇၄၄၂)ကတ် အစရှိသောဆုမဲပေါင်းများစွာကို ကံထူးခွင့်ရရှိနိုင်ပါပြီ။



MECTel
Anytime,Anywhere
for Everybody



အသေးစိတ်သိရှိလိုပါက 1212 CALL CENTER သို့ ခေါ်ဆိုမေးမြန်းနိုင်ပါသည်။

ကြေးမုံ

# ပြည်သူ့ခေတ် ပြည်သူ့အသံ

ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် အစိုးရပေါ်ပေါက်လာပြီး ပထမဆုံးသကြ်ာန်ကာလကို ဖြတ်သန်းရသည့်အခါ သကြ်ာန်ဒိုးသံများနှင့်အတူ ခေတ်ကိုမြင်သည့်အတိုင်း၊ ခံစားရသည့်အတိုင်း ထုတ်ဖော်သည့် သံချပ်သံများ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခဲ့သည်။

မြန်မာတို့၏ အစဉ်အလာ ရိုးရာယဉ်ကျေးမှုတစ်ရပ်သဖွယ် ဖြစ်နေသော သံချပ်ထိုးသံဆိုသည်များက ပြည်သူ့အသံကိုကိုယ်စားပြုထွက်ပေါ်လာခြင်းဟု ဆိုရပါမည်။

ပြည်သူကို ကိုယ်စားပြုကာ တိုင်းပြည်တွင်းရှိ အဆီအငေါ်မတည့်မှုများ၊ ပြည်သူ့လိုလားချက်များကို ဝေဖန်ကြ၊ သရော်ကြ၊ တောင်းဆိုကြနှင့် တစ်ထောင့်တစ်နေရာမှ တိုင်းကျိုးပြည်ကျိုးပြုနေသူများအဖြစ် မြန်မာ့လူမှုအဖွဲ့အစည်းက အားပေးဂုဏ်ပြုသည့်အနေဖြင့် သံချပ်သမားများကို ဆုအမျိုးမျိုးချီးမြှင့်ရင်း စင်မြင့်ထိုးကာ မဏ္ဍပ်များ ပြင်ဆင်ပေးထားသည်များကိုလည်း မြို့ကြီးများတွင် တွေ့မြင်နေရသည်။

အဆိုပါ ဆုပေးမဏ္ဍပ်များထဲမှ ၄၆ လမ်းထိပ်ရှိ ဗမာသစ်မဏ္ဍပ်တွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် (၇၁)ကြိမ်မြောက် မဟာသကြ်ာန် ဆုပေးမဏ္ဍပ်ဟု ရေးထိုးထားသည်ကို ကြည့်ခြင်းဖြင့် သံချပ်ယဉ်ကျေးမှု၏ လေးနက်မှုကို သတိပြုနိုင်ပေသည်။ လွတ်လပ်ရေးမရခင်ကတည်းက ခိုင်ခိုင်မာမာတည်ရှိလာခဲ့သော ပြည်သူ့အသံထုတ်ဖော်ဟစ်ကြွေးမှုသမိုင်းကြောင်းကို တစ်စွန်းတစ်စ မြင်ရပါမည်။

ပြည်သူ့အသံ ဖော်ထုတ်ခွင့်ဆိုသည်ကား ဒီမိုကရေစီ၏ အခြေခံအကျဆုံးအခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ သံချပ်သံများဟူသည် မိမိယုံကြည်ရာကို လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကိုယ်စားပြုနေသည်။ ဒီမိုကရေစီ ဆိတ်သုဉ်းသည့်ကာလများတွင် ပြည်သူ့အသံဖော်ထုတ်ခွင့် နည်းပါးလျော့ရဲပျောက်ကွယ်လာပြီး ဒီမိုကရေစီအားကောင်းလာလျှင် ပြည်သူ့အသံတို့ ပို၍ ကျယ်လောင်လာမည်မှာ ဓမ္မတာ။

သည်နှစ် အစိုးရသစ်ပေါ်ပေါက်လာပြီးနောက် ဖော်ထုတ်လာသော သံချပ်သံတို့တွင် ဆိုရှယ်လစ်ခေတ်မှစ၍ မရိုးနိုင်အောင်ပါဝင်နေသည့် လျှပ်ပေါ်လော်လီ ဝတ်စားဆင်ယဉ်မှုများမှလွဲလျှင် အခြားသော အသံများမှာ အသစ်အသစ်သော ခေါင်းစဉ်များဖြစ်နေသည်ကို သတိထားမိပါသည်။

အာဏာရှင် အမျိုးမျိုးအောက်မှ လွတ်မြောက်ခါစ အသံများဟု ဆိုရမည်လား မသိ။ ဒီမိုကရေစီအရေး၊ ကျောင်းသားများအရေး၊ ကျောင်းသားသမဂ္ဂအရေးတို့က တစ်နည်း။ ပြည်သူတို့လက်သန်းများမှာ စွန်းထင်းခဲ့သောမင်ပြာများ၏ အောင်ပွဲ၊ ပြည်သူတို့တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များကို အားပေးထောက်ခံရင်း ပြည်သူ့အရေးကိစ္စများကို တိုင်တည်ကာ တာဝန်ကျေအောင် ဆောင်ရွက်ခိုင်းနေသည့် အသံများက တစ်ဖုံ။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်တို့ကို ပြည်သူ့ခေါင်းဆောင်များအဖြစ် ယုံကြည်အပ်နှင်းရင်း ပြည်သူတို့အတွက် ဆောင်ရွက်ပေးစေလိုသော မြစ်ဆုံကိစ္စ၊ လယ်သမားတို့ လယ်ယာသိမ်းခံနေရသည့် ပြဿနာများက တစ်သွယ်။ သယံဇာတများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်များ၊ တိုင်းရင်းသားတို့နှင့် ညီညွတ်ရေးရယူကာ ပြည်ထောင်စုစစ်စစ် နိုင်ငံတော်ထူထောင်ရေး၊ ပြည်သူတို့ အထိနာနေလှပြီဖြစ်သော ပြည်တွင်းစစ် အမြန်ရပ်စဲနိုင်ရေး၊ စစ်မှန်သော ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရေး၊ ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေး စသည်စသည်တို့က တစ်မျိုးဖြင့် စုံလင်လှသည့် ပြည်သူ့အသံများ လူထုကြားမှာ လွင့်ပျံ့နေသည်။

ပြည်သူ့အစိုးရအနေဖြင့် ပြည်သူ့အသံများကို အလေးအနက် နားစိုက်နိုင်ကြပါစေသတည်း။ ။

## ရွှေတောင်ကုန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၏ အန္တိမစျာပန ပဲခူးဆယ်မိုင်ကုန်းတွင် ပြုလုပ်မည်

**ရန်ကုန် မေ ၁၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မေ ၁၆ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ခန္ဓာဝန်ချစံလွန်တော်မူခဲ့သော ရွှေတောင်ကုန်းသာသနာ့ရိပ်သာကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) မဟာထေရ် သက်တော်(၉၅)နှစ် ဝါတော်(၇၅)ဝါ၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်ကို နိုင်ငံရပ်ခြားနှင့် ရပ်ဝေးနေဒကာတို့၏ မေတ္တာရပ်ခံမှုကြောင့် မေ ၂၂ ရက်သို့ ပြောင်းရွှေ့ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဘီးလင်းဆရာတော်ကြီးနှင့် တပည့်ရင်း သံဃာတော်တို့၏ အဆုံးအဖြတ်ဖြင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်ကို ၁၃၇၈ ခုနှစ် တန်ခူးလပြည့်(သောကြာနေ့) မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာ သဲဖြူချောင်း ပဲခူးမြို့တွင် ကျင်းပမည်ဟု သိရသည်။

ဆရာတော်ကြီးအား ရည်စူးကုသိုလ်ပြုပွဲနှင့် စံကျောင်းဆင်းပွဲကို မေ ၂၀ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ ပြုလုပ်မည်ဖြစ်ပြီး ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်အား ရန်ကုန်မြို့ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ပဲခူးမြို့ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာသို့ ပင့်ဆောင်ပူဇော်မည်ဟု သိရသည်။

ဓမ္မပူဇာအစီအစဉ်များအနေဖြင့် ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဗဟန်းမြို့နယ် သံလွင်လမ်း၌ မေ ၁၇ ရက် ည ၇ နာရီတွင် ကံ့ကော်မြိုင်သာသနာရိပ်သာ ဆရာတော် အရှင်သာသနဘဒ္ဒ၊ မေ ၁၈ ရက် ည ၇ နာရီတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး၊ မေ ၁၉ ရက် ည ၇ နာရီတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသတို့က တရားများ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပဏ္ဍိတာရာမဆယ်မိုင်ကုန်းတရားစခန်းရိပ်သာ၌ မေ ၂၀ ရက် ည ၇ နာရီတွင် မော်လမြိုင်မြို့ ပဏ္ဍိတာရာမရွှေတောင်ကုန်း ဆရာတော် အရှင်နန္ဒာသိရီ၊ မေ ၂၁ ရက် ည ၇ နာရီတွင် သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရတို့က တရားများ ချီးမြှင့်သွားမည်ဟု သိရသည်။ **(MgCs)**

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းထိန် မျက်စိခွဲစိတ်ကုသမှုခံယူ

**နေပြည်တော် မေ ၁၇**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်သည် ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် ဝဲဘက်မျက်လုံးအတွင်းတိမ်အား ခွဲစိတ်ကုသမှုခံယူခဲ့ရာ အောင်မြင်စွာ ပြီးစီးခဲ့သည်။



အဆိုပါဆေးရုံကြီးတွင် မဟာသကြ်ာန်အတက်နေ့ မေ ၁၆ ရက် နံနက်ပိုင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပိုတို့နှင့်အတူ ဦးဝင်းထိန်လည်း မျက်စိခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

ထိုသို့ မျက်စိခွဲစိတ်ကုသမှုနှင့်ပတ်သက်၍ ဦးဝင်းထိန်က "မနေ့ နံနက်ပိုင်းက နေပြည်တော် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးမှာ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးအောင်ကို၊ ပဲခူးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပိုတို့နဲ့အတူ မျက်စိခွဲခဲ့တယ်။ ဒေါက်တာဒေါ်ခင်ဥမ္မာခိုင်နဲ့အဖွဲ့က ခွဲစိတ်ပေးခဲ့တာပါ။ တော်တော်ကောင်းပါတယ်။ ဒီနေ့မနက် ပတ်တီးဖြေတယ်။ မျက်စိက ကြည့်လို့ကောင်းပါတယ်။ မနက်ဖြန်မှာ ပြန်ပြီးစစ်ရမယ်"ဟု ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဦးဝင်းထိန်၏ မျက်စိခွဲစိတ်မှုအား ပတ်တီးဖြေခဲ့ရာ အခြေအနေကောင်းမွန်ပြီး မေ ၁၈ ရက်တွင် ပြန်လည်စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း၊ ထိုသို့ ခွဲစိတ်ကုသမှုအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါ်ခင်ဥမ္မာခိုင်နှင့်အဖွဲ့က ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ ၎င်းမှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဧည့်ရိပ်သာတွင် အနားယူလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**





ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တကယ့်အရေးကြီးတာ နိုင်ငံသူ နိုင်ငံသားများရဲ့စွမ်းအား၊ သယံဇာတပစ္စည်းများမဟုတ်

❖ **ရွှေဖုံးမှ**

ကျောသားရင်သား ခွဲခြားမှာမဟုတ်ပါဘူး။ ဒီမိုကရေစီအရ ပြည်သူလူထုက ရွေးချယ်လို့တက်လာတဲ့အစိုးရဆိုတာဟာ လူတိုင်းအတွက် နိုင်ငံသူနိုင်ငံသားများ အားလုံးအတွက် တာဝန်ယူရမှာပါ။ အားလုံးကိုမျှမျှတတ မေတ္တာ၊ စေတနာနဲ့ ဆက်ဆံရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အမျိုးသားရင်ကြားစေ့ရေးကို အင်မတန်မှ အလေးထားပါတယ်။ ဒီလို အလေးထားပြီးလုပ်ဆောင်တဲ့နေရာမှာ ပြည်သူပြည်သားများ အားလုံးကလည်း ပါဝင်ပြီးတော့ ကျွန်မတို့ကိုပံ့ပိုးမယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးရှိစေချင်တယ်ဆိုတာဟာ နိုင်ငံသူ နိုင်ငံသားများအားလုံးဟာ တရားဥပဒေရဲ့ ကာကွယ်မှုအောက်မှာ လုံလုံခြုံခြုံနေနိုင်ခြင်းကို ကျွန်မတို့ဦးတည်တာကို ပြောတာပါ။ တရားဥပဒေဆိုတာဟာ တရားမျှတရမယ်။ ကောင်းမွန်တဲ့သက်ရောက်မှုရှိနိုင်တဲ့ဥပဒေတွေရှိရမှာဖြစ်ပါတယ်။

ကျွန်မတို့ တရားစီရင်ရေးမဏ္ဍိုင်ကြီးဟာ တည့်မတ်ဖို့၊ ထိရောက်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ တရားစီရင်ရေးနဲ့ပတ်သက်လို့ဆိုလို့ရှိရင် တရားမျှတမှုရှိရမယ်။ နိုင်ငံတကာကလက်ခံထားတဲ့စံနှုန်းတွေနဲ့ ကိုက်ညီရမယ်။ တရားမျှတမှုဆိုတာဟာ မျှတတဲ့တရားစီရင်ခြင်းဆိုတာဟာ အဆိုရှိပါတယ်။ လုပ်ရုံတင်နဲ့မပြီးဘူး။ လုပ်ပါတယ်ဆိုတာထင်ရှားရမယ်။ တရားမျှတရုံနဲ့မလုံလောက်ဘူး။ တရားမျှတခြင်းရှိပါတယ်ဆိုတာ ထင်သာမြင်သာဖြစ်ရပါလိမ့်မယ်။ အဲဒါကတော့ အခြေခံတစ်ခုပါပဲ။

နောက်တစ်ခုက တရားဥပဒေစိုးမိုးရေးအတွက် အင်မတန်အရေးကြီးတဲ့မူတစ်ခုကတော့ မည်သူမဆို အပြစ်ရှိတယ်ဆိုတာကို ခိုင်လုံတဲ့သက်သေသာဓက မရှိလို့ရှိရင် အပြစ်မဲ့လို့ သတ်မှတ်ရပါလိမ့်မယ်။ ဒါဟာ --- တရားဥပဒေရဲ့ အခြေခံလိုအပ်တဲ့မူတစ်ခုရှိပါတယ်။ အပြစ်ရှိတဲ့လူများပင်လျှင် တရားဥပဒေအရ စီရင်တဲ့အခါမှာ တရားဥပဒေထိရောက်မှုကို အကြင်နာ၊ ကရုဏာနဲ့ပျော့ပျောင်းအောင် လုပ်ရမယ်ဆိုတဲ့အဆိုလည်းရှိပါတယ်။

ဒီလိုအကြင်နာ၊ ကရုဏာနဲ့ တရားဥပဒေရဲ့ထိရောက်မှုကို ပျော့ပျောင်းအောင်လုပ်တဲ့ခြေလှမ်းတစ်ခုအနေနဲ့လည်း ကျွန်မတို့ သမ္မတကြီးကနေပြီးတော့ ဒီနှစ်သစ်ကူးအခါသမယမှာ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စတွေကို လက်မှတ်ထိုးပြီးတော့ သဘောတူခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့တရားဥပဒေစိုးမိုးရေးဆိုတာဟာ ပြည်သူတွေကို ကာကွယ်ဖို့၊ ပြည်သူတွေကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးဖို့ ဖြစ်ပါတယ်။

ပြည်သူတွေကိုချုပ်ချယ်ဖို့မဟုတ်ပါဘူး။ ဖိနှိပ်ဖို့မဟုတ်ပါဘူး။ တချို့တွေက ဥပဒေဆိုရင် ကြောက်ကြပါတယ်။ ဥပဒေဆိုတာ ပြည်သူကို ဖိနှိပ်ဖို့လို့ထင်ကြပါတယ်။ ဒီလိုမဟုတ်ပါဘူးဆိုတာ ကျွန်မအနေနဲ့ရှင်းလင်းပြီးတော့ ပြောချင်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ ကျွန်မတို့ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း အင်မတန်မှ အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့ ကျွန်မတို့ငြိမ်းချမ်းရေးကို ဆောက်တည်လို့မရပါဘူး။ ငြိမ်းချမ်းရေးအကြောင်းပြောနေတဲ့ တစ်ချိန်တည်းမှာ ကျွန်မပြောချင်တာဟာ ကျွန်မတို့ဟာ အရင်အစိုးရရဲ့လုပ်ရပ်တွေအားလုံးကို ပစ်ပယ်တဲ့စိတ်ဓာတ် မရှိပါဘူး။

အကောင်းတွေလုပ်ခဲ့တာကို ကျွန်မတို့ အသိအမှတ်ပြုပါတယ်။ ဒီဟာတွေပေါ်မှာ ဆက်ပြီးတော့ ဆောက်တည်သွားပါမယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ အပစ်အခတ်ရပ်စဲရေးစတင်ပြီးတော့ လုပ်ခဲ့တဲ့အတွက် ကျွန်မတို့ဒါကို အများကြီးတန်ဖိုးထားပါတယ်။ ဒီအပစ်အခတ်ရပ်စဲရေးဟာ ပြီးမြောက်အောင်လို့ အားလုံးပါဝင်သင့်တဲ့အဖွဲ့အစည်းများပါဝင်အောင်လို့ ကျွန်မတို့ဆက်ပြီးတော့ ကြိုးစားပါမယ်။

ငြိမ်းချမ်းရေးညီလာခံများကနေတစ်ဆင့် ကျွန်မတို့နိုင်ငံသူနိုင်ငံသားများအားလုံး လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ခု ထူထောင်ဖို့အတွက် ကျွန်မတို့ဆက်ပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ခုနကပြောတဲ့ ကျွန်မတို့ရဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေးနဲ့ဟာ အင်မတန်မှ လေးလေးနက်နက်ကို ဆက်နွှယ်မှုရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကိုလည်း လိုအပ်ပါတယ်။

ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ တကယ့်စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို ပေါက်ဖွားစေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြစ်ဖို့လိုပါတယ်။ ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့လုပ်တဲ့နေရာမှာ ကျွန်မတို့ဟာ ပြည်သူလူထုကိုမထိခိုက်တဲ့နည်းတွေပဲ ကျွန်မတို့သုံးမှာပါ။ ကျွန်မတို့ရဲ့ နိုင်ငံရဲ့ အေးချမ်းမှုကို ထိခိုက်တဲ့နည်းတွေနဲ့ ကျွန်မတို့ လုပ်ဆောင်သွားမှာမဟုတ်ပါဘူး။

ဒါဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမြဲပဲကိုင်စွဲခဲ့တဲ့မူပါ။ ပြည်သူ မနာစေရပါဘူး။ လုပ်စရာရှိရင် ကျွန်မတို့ ရှေ့ကနေခံစရာရှိရင်ခံပါမယ်။ အနောက်ကနေ ကာစရာရှိရင် ကာပါမယ်။ ပြည်သူလူထုကို မထိခိုက်တဲ့ နည်းတွေသာ သုံးစွဲပြီးတော့ ကျွန်မတို့ရဲ့နိုင်ငံကိုမှန်ကန်တဲ့လမ်းပေါ်ကို ပို့ဖို့ဆိုတာဟာ ကျွန်မတို့အခု အစိုးရသစ်ရဲ့ အင်မတန်မှခိုင်မာတဲ့ အခြေခံမူတစ်ခုဖြစ်ပါတယ်လို့ ပြောပါရစေ။

ကျွန်မတို့အခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ စဉ်းစားတဲ့အခါမှာ အရေးကြီးဆုံးအချက်တစ်ခုကဘာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူနံပါတ်(၄)မှာပါတဲ့အချက်ပါ။ အဲဒါကတော့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဟာ နိုင်ငံသားများဆီက ဆင်းသက်တယ်။ နိုင်ငံတစ်ဝန်းလုံးမှာတည်ရှိတယ်။ ဒါဟာ ဒီမိုကရေစီရဲ့အခြေခံမူပါပဲ။

ဒါကိုကျွန်မတို့လုံးဝလက်ခံတယ်။ ဒါကိုလည်း လုံးဝကျင့်သုံးသွားပါမယ်။ နိုင်ငံသူနိုင်ငံသားတွေဟာ အဓိကပါပဲ။ နိုင်ငံသူနိုင်ငံသားများဟာ ပထမ၊ နိုင်ငံသူနိုင်ငံသားများဟာ ဒုတိယ၊ နိုင်ငံသူနိုင်ငံသားများဟာ အဆုံးအထိပဲ။ နိုင်ငံသူနိုင်ငံသားများအတွက် နိုင်ငံကဖြစ်ရမယ်။ နိုင်ငံဆိုတာဟာ နိုင်ငံသူနိုင်ငံသားများ မရှိလို့ရှိရင် အဓိပ္ပာယ်မရှိပါဘူး။ နိုင်ငံသူနိုင်ငံသားများအတွက် အစိုးရဟာဖြစ်ရပါလိမ့်မယ်။ ဒီမူကို ကျွန်မတို့ဘယ်တော့မှ လက်လွှတ်မှာမဟုတ်ပါဘူးဆိုတာ ကျွန်မတို့ရဲ့ပြည်သူလူထုကို ကတိပေးချင်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ သဘာဝသယံဇာတပစ္စည်းပေါများတဲ့ နိုင်ငံဖြစ်တယ်ဆိုပြီးတော့ တစ်ကမ္ဘာလုံးကနေပြီးတော့ ပြောကြပါတယ်။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မဒါကို သိပ်အလေးမထားပါဘူး။ တကယ့်အရေးကြီးတာ ကျွန်မတို့ရဲ့နိုင်ငံသူနိုင်ငံသားများရဲ့ စွမ်းအားပါပဲ။ သယံဇာတပစ္စည်းတွေ မဟုတ်ပါဘူး။ သဘာဝသယံဇာတပစ္စည်းတွေဆိုတာ တစ်နေ့တစ်ချိန်တစ်ခါမှာ ကုန်ခန်းသွားနိုင်ပါတယ်။

နောက်ပြီးတော့ ဒီကမ္ဘာကြီးမှာ လှည့်ကြည့်လိုက်လို့ရှိရင် အင်မတန်သေးငယ်ပြီးတော့ သဘာဝသယံဇာတပစ္စည်းမရှိတဲ့ နိုင်ငံများပင်လျှင် အင်မတန်မှ ဩဇာလွှမ်းမိုးနေတယ်။ စီးပွားရေးအရတိုးတက်မှုရှိနေတယ်ဆိုတာလည်း သတိပြုမိကြမှာပါ။ ဒါကြောင့် ကျွန်မဟာ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို အားကိုးပါတယ်။ ကျွန်မတို့အစိုးရသစ်ရဲ့ ရည်ရွယ်ချက်တစ်ခုဟာ ပြည်သူပြည်သူများရဲ့စွမ်းအင်တွေ၊ အရည်အချင်းတွေကို မြှင့်တင်ပေးဖို့ပါပဲ။

ပြည်သူပြည်သားများဟာ နိုင်ငံပေါ်မှာသစ္စာရှိပြီးတော့ နိုင်ငံရဲ့တာဝန်ကိုကျေကျေပွန်ပွန်ထမ်းဆောင်နိုင်တဲ့ နိုင်ငံသူနိုင်ငံသားများဖြစ်လာဖို့ ကျွန်မတို့ ကြိုးစားပါမယ်။ ကျွန်မတို့နိုင်ငံဟာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာပါ။ ဒီနိုင်ငံထဲမှာ ပြုပြင်ပြောင်းလဲစရာတွေ အများကြီးရှိပါတယ်။ ဒီအချိန်မှာ ဘာတွေ ပြုပြင်ပြောင်းလဲဖို့လိုလဲဆိုတာ ကျွန်မတစ်ခုချင်း မပြောသွားချင်ပါဘူး။ များလွန်းလို့ ပြောလို့ဆုံးမှာမဟုတ်ပါဘူး။ ဒါပေမယ့် ပိုပြီးအရေးကြီးတဲ့ကိစ္စတွေက ဘာတွေလဲဆိုတာလည်း ကျွန်မတို့ပြည်သူပြည်သားတွေ သိတယ်လို့ ကျွန်မယုံကြည်ပါတယ်။

> **“ကျွန်မတို့နိုင်ငံ ကမ္ဘာ့အလယ်မှာ တင့်တယ်တယ်ဆိုရင် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေ ဘယ်နိုင်ငံ သွားသွား မြန်မာနိုင်ငံကလာတဲ့ နိုင်ငံသူ နိုင်ငံသားတွေဟေ့ဆိုပြီးတော့ ခေါင်းမော့ပြီးတော့ ဂုဏ်ယူနိုင်တဲ့ အဆင့်ကို ဖြစ်စေချင်ပါတယ်”**

ကျွန်မတို့ပြည်သူပြည်သားတွေရဲ့ဆင်ခြင်တုံတရားကိုယုံကြည်လို့ ကျွန်မ ဒီမိုကရေစီအတွက် ရုန်းကန်ခဲ့တာပါ။ ကျွန်မတို့ပြည်သူပြည်သားတွေကို မယုံကြည်လို့ရှိရင် ဒီမိုကရေစီကိုလည်း ယုံကြည်စရာအကြောင်းမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီဆိုတာ ပြည်သူတွေရဲ့ အုပ်ချုပ်ရေးစနစ်ပါပဲ။ ပြည်သူတွေကို တန်ဖိုးမထားရင်၊ ပြည်သူတွေကိုမယုံကြည်လို့ရှိရင် ဒီမိုကရေစီကို ထူထောင်ဖို့ဆိုတာဟာ အိပ်မက်မက်စရာတောင်မှမဟုတ်ပါဘူး။

ကျွန်မတို့ ပြည်သူတွေကိုယုံကြည်သလောက် ပြည်သူတွေကလည်း ပြန်ပြီးတော့ တုံ့ပြန်ပြီးတော့ ကျွန်မတို့ကိုယုံယုံကြည်ကြည်နဲ့ ဝန်းရံပြီးတော့ ကူညီကြပါလို့ ကျွန်မအနေနဲ့လည်း မေတ္တာရပ်ခံချင်ပါတယ်။ အစိုးရအဖွဲ့တစ်ခုဆိုတာ နိုင်ငံကိုအောင်မြင်အောင်လို့၊ နိုင်ငံကို ဖွံ့ဖြိုးအောင်လို့၊ တိုးတက်အောင်လို့မလုပ်နိုင်ပါဘူး။ ပြည်သူတွေပါလာမှ ဒီလုပ်ငန်းတွေဟာအောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူပြည်သားများဟာ တာဝန်သိစိတ်နဲ့ အားလုံးလက်တွဲပြီးတော့ ဆောင်ရွက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

အခုချိန်မှာ ကမ္ဘာကြီးက အလျင်အမြန်တိုးတက်နေပါတယ်။ ကျွန်မတို့က ဒီတိုးတက်နေတဲ့ကမ္ဘာကြီးနဲ့ မီအောင်လိုက်ဖို့ဆိုတာဟာ တခြားလူတွေထက် ပိုပြီးတော့ ကြိုးစားရမယ့်အခြေအနေရှိပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးခါစတုန်းက ဖေဖေက ပြောခဲ့ပါတယ်။ တခြားနိုင်ငံတွေနဲ့ မီအောင်လို့ဆိုလို့ရှိရင် တခြားနိုင်ငံတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံကပြေးပြီးလိုက်မှ မီမှာတဲ့။ ဒါတောင်မှ အနှစ်နှစ်ဆယ်လောက်ကြာမှ မီမှာဆိုပြီး ပြောခဲ့ပါတယ်။

အခုလည်း ကျွန်မတို့ အဲဒီတုန်းက အခြေအနေနဲ့တော့သိပ်ပြီးတော့ မကွာဘူးလို့ပဲ ကျွန်မမြင်ပါတယ်။ ကျွန်မတို့ဟာ တခြားနိုင်ငံတွေလမ်းလျှောက်နေတဲ့အချိန်မှာ ပြေးပြီးတော့၊ အပင်ပန်းခံပြီးတော့ လုပ်မှသာလျှင် တခြားနိုင်ငံတွေနဲ့ကို ကျွန်မတို့ မီမှာဖြစ်ပါတယ်။ အဲဒီတော့ တခြားနိုင်ငံတွေကို မီအောင်လို့လုပ်တဲ့နေရာမှာ မှန်ကန်တဲ့နည်းတွေပဲ ကျွန်မတို့သုံးချင်ပါတယ်။

ကျွန်မတို့နိုင်ငံကို ကမ္ဘာ့အလယ်မှာ တင့်တယ်စေချင်တယ်ဆိုတာ ကျွန်မက ရုပ်ပိုင်းဆိုင်ရာအရ ချမ်းသာမှုကိုတင် ပြောတာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသားများရဲ့အရည်အချင်းကို ကမ္ဘာကနေပြီးတော့ လေးစားရအောင်လို့၊ ကမ္ဘာကနေပြီးတော့ တန်ဖိုးထားအောင်လို့ လုပ်ချင်တဲ့ စိတ်ဓာတ်အရပြောတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ ကမ္ဘာ့အလယ်မှာ တင့်တယ်တယ်ဆိုရင် ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေ ဘယ်နိုင်ငံသွားသွား မြန်မာနိုင်ငံကလာတဲ့ နိုင်ငံသူနိုင်ငံသားတွေဟေ့ဆိုပြီးတော့ ခေါင်းမော့ပြီးတော့ ဂုဏ်ယူနိုင်တဲ့အဆင့်ကို ဖြစ်စေချင်ပါတယ်။

အဲဒါအတွက်ဆိုရင် အားလုံးကကြိုးစားရမှာပါ။ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ ထောက်ခံမှုကို တောင်းခံတဲ့အခါမှာ ကတိကဝတ်တွေကို လွယ်လွယ်နဲ့ မပေးခဲ့ပါဘူး။ လွယ်လွယ်နဲ့ ကျွန်မတို့နိုင်ငံဟာ တိုးတက်မယ်၊ ချမ်းသာမယ်လို့ ကျွန်မတို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။

ဒီလိုမပြောခဲ့တဲ့အကြောင်းဟာ ကျွန်မတို့ကိုယ်ကျွန်မတို့ မယုံကြည်လို့လည်း မဟုတ်ဘူး။ ပြည်သူပြည်သားတွေကို မယုံကြည်လို့လည်းမဟုတ်ဘူး။ တာဝန်ရဲ့လေးနက်မှုကို ကျွန်မတို့သဘောပေါက်လို့ဖြစ်ပါတယ်။ တာဝန်ဆိုတာဟာ အင်မတန်မှ လေးနက်ပါတယ်၊ အင်မတန်မှကြီးမားပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ဆိုတာ အထူးလေးနက်တယ်၊ အထူးကြီးမားပါတယ်။

ဒါကြောင့်မို့လို့ ဒီတာဝန်တွေထမ်းဆောင်တဲ့နေရာမှာဆိုလို့ရှိရင် လုပ်စရာတွေကများလွန်းလို့ လွယ်လွယ်နဲ့ ဒါလုပ်ပေးမယ်၊ ဒါလေးတော့ ဖြစ်စေမယ်ဆိုပြီးတော့ ပေါ့ပေါ့နဲ့ကျွန်မတို့မပြောချင်ပါဘူး။

အလေးအနက်ထားပြီးတော့ ပြည်သူလူထုရဲ့ ပါဝင်ပတ်သက်မှုနဲ့ ကျွန်မတို့ အောင်မြင်စေရမယ်လို့တော့ ကျွန်မပြောရပါတယ်။ ပြည်သူပါလို့ရှိရင် ပြည်သူ တကယ်ပဲထောက်ခံတယ်၊ ပြည်သူက ယုံကြည်မှုတကယ်ရှိတယ်ဆိုလို့ရှိရင် ကျွန်မတို့ မအောင်မြင်နိုင်တဲ့ကိစ္စ ဘာမှမရှိပါဘူးလို့ပြောပါရစေ။ ကမ္ဘာကြီးနဲ့ယှဉ်ပြီးတော့ ကျွန်မတို့က ကြိုးစားရမယ့်နိုင်ငံတစ်ခုဖြစ်တော့ ကျွန်မတို့ရဲ့ နိုင်ငံခြားရေးဝါဒနဲ့ ပတ်သက်လို့လည်း ပြည်သူတွေက သိချင်မှာဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရစဉ်ကာလကတည်းက တစ်ကမ္ဘာလုံးနဲ့သင့်မြတ်အောင်လို့နေခဲ့ပါတယ်။

အဲဒီဟာက ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှဂုဏ်ယူစရာကိစ္စတစ်ခုဖြစ်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှာ လွတ်လပ်ရေးရစဉ်အခါကတည်းက ကျွန်မတို့နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ နိုင်ငံလေးလည်းဖြစ်ခဲ့တယ်။ စစ်အတွင်းမှာ အင်မတန်မှ ထိခိုက်နစ်နာခံခဲ့ရတဲ့ နိုင်ငံလေးလည်းဖြစ်ခဲ့တယ်။ သို့သော်ငြားလည်း ကျွန်မတို့ကို ကမ္ဘာကဝိုင်းပြီးတော့ လေးစားခဲ့တယ်။ ဘာဖြစ်လို့လဲ။ ကျွန်မတို့ဒုက္ခတွေအများကြီးကြားထဲက ကျွန်မတို့ပြည်သူလူထုရဲ့ အရည်အချင်းဟာ ထွန်းတောက်ခဲ့တယ်။

ဒီလိုထွန်းတောက်နိုင်တဲ့ အခြေအနေကိုပြန်ရောက်အောင်လို့ ကျွန်မတို့ အားလုံးဝိုင်းကြိုးစားဖို့ လိုပါတယ်။ ကျွန်မတို့ ဘယ်လိုမူဝါဒတွေ အခြေခံ ဘယ်လို သဘောတရားတွေနဲ့ ဆက်ပြီးတော့ ရှေ့ခရီးကိုသွားမလဲဆိုတာ စဉ်းစားရပါလိမ့်မယ်။ ကျွန်မတို့လျှောက်ရမယ့်ခရီးဟာ ခရီးလမ်းလည်း ရှည်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဆိုတာ ကမ္ဘာတည်သရွေ့ပါပဲ။ ခရီးကလည်း လွယ်မှာမဟုတ်ပါဘူး။ ကျွန်မတို့ များစွာသောစိန်ခေါ်မှုတွေကို ရင်ဆိုင်ရမှာပါ။

အဲဒီတော့ ဒီစိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်မလဲ။ ကျွန်မတို့ရဲ့ အစိုးရသစ်ဟာ အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ အင်မတန်မှ အတွေ့အကြုံနည်းတယ်ဆိုပြီးတော့ တချို့ကနေပြီးတော့စိုးရိမ်နေကြပါတယ်။

အတွေ့အကြုံနည်းတာ မှန်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့ဟာ အတွေ့အကြုံရှိတဲ့ပုဂ္ဂိုလ်တွေနဲ့အတူ လက်တွဲပြီးတော့လုပ်ဖို့ဟာဝန်မလေးပါဘူး။ အရင်တုန်းက လုပ်ခဲ့တဲ့သူတွေမို့လို့ ပစ်ပယ်တယ်ဆိုတာလည်း ကျွန်မတို့မရှိပါဘူး။ ကျွန်မတို့ဟာ နိုင်ငံကိုအကျိုးပြုနိုင်မယ့် ပုဂ္ဂိုလ်တွေ မည်သူ့ကိုမဆို လက်တွဲပြီးတော့ ကျွန်မတို့နဲ့ပါဝင်ပြီးတော့ လုပ်စေချင်ပါတယ်။

၁၉၄၇ ခုနှစ် ရွေးကောက်ပွဲများပေါ့နော်။ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဦးတည်တဲ့ရွေးကောက်ပွဲများ ကျင်းပပြီးတဲ့အခါတော့ ဖေဖေပြောခဲ့တဲ့ အင်မတန်မှ တိုတောင်းပြီးတော့ ရှင်းလင်းတဲ့ စကားလေးတစ်ခုရှိပါတယ်။ ဒီနိုင်ငံကို မေတ္တာ၊ သစ္စာနဲ့ အုပ်ချုပ်ပါ့မယ်။ အဲဒီတော့ နိုင်ငံကို မေတ္တာ၊ သစ္စာနဲ့ အုပ်ချုပ်ပါ့မယ်ဆိုတဲ့ အဓိပ္ပာယ်က နိုင်ငံသူ နိုင်ငံသားတွေအပေါ် မေတ္တာထားပါမယ်။ နိုင်ငံအပေါ်မှာ သစ္စာစောင့်ပါမယ်။ ဒီဟာက အင်မတန်မှ တိုတိုတောင်းတောင်းနဲ့ ဘယ်အစိုးရမဆို၊ ပြည်သူလူထုကို လေးစားတဲ့ ဘယ်အစိုးရမဆို ပေးသင့်၊ တည်သင့်တဲ့ ကတိဖြစ်ပါတယ်။ ကျွန်မတို့လည်း ဒီအတိုင်းပဲ ဆက်ပြီးတော့လုပ်သွားချင်ပါတယ်။ ပြည်သူပြည်သားတွေအပေါ်မှာ မေတ္တာထားပါ့မယ်၊ နိုင်ငံအပေါ်မှာ သစ္စာစောင့်ပါ့မယ်။ အဲဒီဟာ နှစ်ခုပဲ လုပ်နိုင်ပြီဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ အောင်မြင်ဖို့သေချာပါတယ်။

ဒီတော့ ကျွန်မအနေနဲ့ နိဂုံးချုပ်စကားလေးပြောရမယ်ဆိုလို့ရှိရင် ကျွန်မတို့ အခုဒီအချိန်အခါကနေစပြီးတော့ ကျွန်မတို့ရဲ့နိုင်ငံရဲ့ အနာဂတ်တစ်လျှောက် အောင်မြင်ဖို့အတွက် ကျွန်မတို့ပြည်သူပြည်သားအားလုံးဟာ မေတ္တာခြုံလို့ လုံနိုင်ပါစေ၊ သစ္စာဆောင်လို့ အောင်နိုင်ပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# စင်ကာပူ၌ ကင်းလှည့်ရေယာဉ်သစ် ရေချ

**စင်ကာပူ မေ ၁၇**

စင်ကာပူနိုင်ငံ၏ ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် ဒုတိယမြောက် ကင်းလှည့်ရေယာဉ်တစ်စင်းကို မေ ၁၆ ရက်တွင် ရေချပွဲ အခမ်းအနား ပြုလုပ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

"အချုပ်အခြာအာဏာ"ဟု အမည်ပေးထားသော ပင်လယ်ကမ်းရိုးတန်းကင်းလှည့်ရေယာဉ်သည် စင်ကာပူရေတပ်က လက်ရှိအသုံးပြုနေသော ဖီးယားလက်စ် အမျိုးအစားကင်းလှည့် ရေယာဉ်များ၏ နေရာတွင် အစားထိုး ဝင်ရောက်လာမည်ဖြစ်သည်။

သက်တမ်းနှစ် ၂၀ ရှိကင်းလှည့်ရေယာဉ်များကို အစားထိုးနိုင်ရန် ကင်းလှည့်ရေယာဉ်သစ်များကို တည်ဆောက်သွားမည်ဖြစ်သည်။

မေ ၁၆ ရက်က ရေချလိုက်သော ကင်းလှည့်ရေယာဉ်ကို စင်ကာပူရေတပ်က ၂၀၁၇ ခုနှစ်တွင် စစ်ဆင်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်မည်ဟု မျှော်လင့်ရသည်။



စင်ကာပူနိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ နယ်နိမိတ်များကိုကာကွယ်စောင့်ရှောက်နိုင်ရန် စစ်ရေယာဉ်သစ်များလိုအပ်ကြောင်း ရေချပွဲ အခမ်းအနားတွင် စင်ကာပူဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေး ညှိနှိုင်းရေးဝန်ကြီး တိုချေဟန်က ပြောကြားသည်။

**ဆင်ဟွာ။**

# ဆီးရီးယားစစ်ပြေးဒုက္ခသည်များအား ကူညီရန် ဒေါ်လာသန်း ၉၇၀ ဂျပန်ထောက်ပံ့ပေးမည်

**ဝါရှင်တန် မေ ၁၇**

ဆီးရီးယားပြည်တွင်းစစ်ကြောင့် ထွက်ပြေးခိုလှုံနေရသည့် ဒုက္ခသည်ဦးရေများစွာကို လက်ခံထားရသည့် လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံတို့ အဆင်ပြေစေရေးအတွက် ဂျပန်နိုင်ငံက လာမည့် ငါးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ သန်း ၉၇၀ ခန့်ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အမေရိကန်ဒေါ်လာ သန်း ၅၀ အကူအညီပေးမည့် ထောက်ပံ့ရေးအစီအစဉ်တစ်ရပ် အပါအဝင် ချေးငွေ ဂျပန် ယန်း ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၉၂၀)ကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဝါရှင်တန်မြို့တွင် ပြုလုပ်သော အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်းဒေသတို့သို့ အကူအညီပေးရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ပြောကြားသည်။

ဂျပန်နိုင်ငံက မီနာ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေးအဖွဲ့မှတစ်ဆင့် ထောက်ပံ့သွားမည်ဖြစ်သည်။ ယင်းအဖွဲ့အစည်းကို လွန်ခဲ့သည့်နှစ် အောက်တိုဘာလက ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂနှင့် အစ္စလာမ့်စ် ဖွံ့ဖြိုးရေးဘဏ်တို့ ပူးတွဲ၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

**ကျိုဒို။**

■

# သံနှင့်သံမဏိ ထွက်ကုန်များအပေါ် သွင်းကုန်ခွန်တိုးမြှင့်ရန် အိန္ဒိယဆုံးဖြတ်ချက် ဂျပန်ကန့်ကွက်

**ဂျီနီဗာ မေ ၁၇**

ပြည်ပမှ တင်သွင်းသော သံနှင့် သံမဏိပစ္စည်းများအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံရန် အိန္ဒိယအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ အစည်းအဝေးတွင် ကန့်ကွက်မှုများ ပေါ်ထွက်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်ပမှ တင်သွင်းသော သံနှင့် သံမဏိထုတ်ကုန်ပစ္စည်း ၁၇၀ ကျော်အပေါ် သွင်းကုန်ခွန်များ တိုးမြှင့်ကောက်ယူခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် ကိုက်ညီမှုမရှိကြောင်း ဒဗလျူတီအို၏ ကုန်ပစ္စည်းများဆိုင်ရာ ကောင်စီ အစည်းအဝေးတွင် ဂျပန်နိုင်ငံက ဦးဆောင်၍ ကန့်ကွက်ခဲ့သည်။ ဂျပန်ကုန်သွယ်ရေးကိုယ်စားလှယ်၏ ကန့်ကွက်ပြောဆိုမှုကို တရုတ်တိုင်ပေ၊ ကနေဒါ၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကုန်သွယ်ရေးကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြကြောင်း ဒဗလျူတီအို တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီ ၅ ရက်က အိန္ဒိယနိုင်ငံက ထုတ်ပြန်ကြေညာခဲ့သော သံနှင့်သံမဏိထုတ်ကုန်ပစ္စည်းများဆိုင်ရာ အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်းများသည် ဂျပန်နိုင်ငံ၏ ပို့ကုန်အပေါ် သိသိသာသာ ထိခိုက်စေနိုင်ပြီး ဒဗလျူတီအို၏ စည်းမျဉ်းများနှင့် မကိုက်ညီကြောင်း၊ မေ ၁၅ ရက်က ကျင်းပသော တံခါးပိတ်အစည်းအဝေးတွင် သံနှင့်သံမဏိ တင်ပို့ရောင်းချသော နိုင်ငံများက အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဝေဖန်ပြောဆိုခဲ့ကြကြောင်း ဒဗလျူတီအို တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာပေါ်တွင် သံမဏိထုတ်လုပ်မှု အများဆုံး နိုင်ငံဖြစ်သော တရုတ်နိုင်ငံကမူ ပန်းသီးဈေးကွက်တွင် အိန္ဒိယက ကန့်သတ်မှုများ ပြုလုပ်ခြင်းအတွက် ဝေဖန်ပြောကြားသော်လည်း သံမဏိထုတ်ကုန်များနှင့် ပတ်သက်၍မူ ဝေဖန်ပြောကြားခြင်း မရှိကြောင်း သိရသည်။

**ရိုက်တာ။**

# ဂျပန်ငလျင်ဘေးဒုက္ခသည်များကို အမေရိကန်ကူညီ

**ကျိုတို မေ ၁၇**

ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စုတွင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ဒုက္ခသည်များအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရန် အမေရိကန်၏ ပို့ဆောင်ရေး ကူညီထောက်ပံ့မှုကို ဂျပန်နိုင်ငံအနေဖြင့် လက်ခံရရှိရန် သဘောတူထားကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မီဒီယာများသို့ ယနေ့ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကူမာမိုတိုစီရင်စုနှင့် အနီးဝန်းကျင်ဒေသများရှိ ငလျင်ဘေးသင့်ဒုက္ခသည် ၁၈၀၀၀၀ ကို ဒုက္ခသည်စခန်းများသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။ ဂျပန်နိုင်ငံ၏ငလျင်ဘေးသင့်ဒေသများတွင် ပို့ဆောင်ရေးအဆင်ပြေ ချောမွေ့စေရေးအတွက် လေကြောင်းအကူအညီများပေးရန် အဆင်သင့်ဖြစ်လျက်ရှိကြောင်း အမေရိကန်အစိုးရက ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီ အားပြောကြားခဲ့သည်ကို ကိုးကားပြီး မီဒီယာသို့ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြန်လည်ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်က အမေရိကန်၏ ကူညီထောက်ပံ့မှုကို အလွန်ပင်ဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် ကူညီထောက်ပံ့မှု အမှန်တကယ် လိုအပ်သည့်နေရာများကို စစ်တမ်းကောက်ယူနေပါကြောင်း မီဒီယာသို့ပြောကြားခဲ့သည်။ ဂျပန်အစိုးရအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၊ ရဲအရာရှိများနှင့် မီးသတ်တပ်ဖွဲ့တို့၏ အကူအညီများကို ရယူသည့်အပြင် နိုင်ငံအတွင်းရှိ အမေရိကန်တပ်သားများ၏ ကယ်ဆယ်ရေး အကူအညီများကိုလည်း ရယူလျက်ရှိကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ငလျင်ဘေးသင့်ဒုက္ခသည်များအား အစာရေစာ၊ ဆေးဝါးထောက်ပံ့မှုနှင့် ဘေးကင်းလုံခြုံသောနေရာများစီမံဆောင်ရွက်ပေးမှုများအပြင် အခြားလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

**အင်န်အိတ်ချ်ကေ။**




# အီကွေဒေါနိုင်ငံတွင် အင်အား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ် အနည်းဆုံး လူ ၂၃၃ ဦးသေဆုံး၊ ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရ

**ကွီတို မေ ၁၇**

ပစိဖိတ်ကမ်းရိုးတန်းပေါ်ရှိ အီကွေဒေါနိုင်ငံကို ဗဟိုပြုပြီး ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူ ၂၃၃ ဦးထက် မနည်းသေဆုံးခဲ့ပြီး ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒေသန္တရ အာဏာပိုင်များကဆိုသည်။

မေ ၁၆ ရက်ညဦးပိုင်းအချိန်တွင် လှုပ်ခတ်ခဲ့သော အဆိုပါ ငလျင်သည် အီကွေဒေါနိုင်ငံကို ဦးတည်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကွီတိုမြို့နှင့် ဂိုင်ယာကေးမြို့များအပါအဝင် ငလျင်ဗဟိုချက် အနီးဝန်းကျင်တွင် အပျက်အစီးများစွာဖြစ်ပေါ်စေခဲ့ကြောင်း အမေရိကန်ဘူမိဗေဒပညာရှင်များက ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးကာ လမ်းမများပေါ်တွင် အပျက်အစီးများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ မြို့အတွင်းရှိ မိုးပျံလမ်းတစ်ခုမှာ ဒေါက်တိုင်များယိုင်နဲ့ပြိုကျပြီး မော်တော်ယာဉ်များပေါ်သို့ ပိကျလျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသွားများအားဆွဲဆောင်သော ထန်းပင်ရိပ်များဖြင့်အေးချမ်းလှသည့် ကမ်းခြေများရှိရာ ပီဒါနေးလ်ဒေသအပါအဝင် ငလျင်ဗဟိုချက်နှင့်နီးသော နိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းဒေသများတွင် အပျက်အစီးများ ပိုမိုဖြစ်ပေါ်စေသည်။

ယင်းငလျင်သည် အီကွေဒေါနိုင်ငံ၏ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးသော ငလျင်လှုပ်ခတ်မှုတစ်ခုဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူအရေအတွက် တိုးပွားနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် သမ္မတ ရာဖာရီရယ်ကော်ရီယာက အီတလီနိုင်ငံသို့ သွားရောက်မည့် ၎င်း၏အလည်အပတ်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီး ယင်းငလျင်ကို တစ်မျိုးသားလုံး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ်ကြေညာထားပြီး ၁၆ သန်းသော ပြည်သူများအား အလွန်အမင်း စိုးရိမ်ပူပန်မှုမရှိကြရန် အားပေးစကားပြောခဲ့သည်။

ပစိဖိတ်ဆူနာမီ သတိပေးချက်ထုတ်ပြန်ရေးစင်တာက အီကွေဒေါနိုင်ငံ၏ ကမ်းရိုးတန်းအချို့တွင် ဆူနာမီရေလှိုင်းများ ပင်လယ်ရေမျက်နှာပြင်အထက် တစ်မီတာခန့်မြင့်တက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။ အိမ်နီးချင်းပီရူးနိုင်ငံရှိ ဆူနာမီ သတိပေးချက်ထုတ်ပြန်ရေးစင်တာက အီကွေဒေါနိုင်ငံမြောက်ပိုင်းတွင် ဆူနာမီရေလှိုင်းများ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

**ရိုက်တာ။**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူသို့ ကျေးဇူးတင်လွှာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ရက်၊**
**မြန်မာနှစ်ဆန်း ၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**

၁။ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီး ပြီးဆုံးသွားသည့်နောက် မင်္ဂလာရှိသော နှစ်သစ်သို့ ချင်းနင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နိုင်ငံသူ နိုင်ငံသားများ စိတ်အေးချမ်းမြေ့စွာ ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲနိုင်ရန်အတွက် ကျရာနေရာ၊ ထမ်းရသည့်တာဝန်များကို စေတနာအပြည့်ဖြင့် ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံသူ နိုင်ငံသားများကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ခဲ့ရပါသည်။

၂။ ပထမဦးစွာ သင်္ကြန်ပွဲတော်ရက်များအတွင်း ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် နယ်စွန်နယ်ဖျား ဒေသများနှင့် မြို့ရွာများတွင် လုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းရေး၊ ပဋိပက္ခများနှင့် ခိုက်ရန်ဖြစ်ပွားမှုများ လျော့နည်းရေး၊ အများပြည်သူဘေးကင်းလုံခြုံစွာ သွားလာနေထိုင်နိုင်ရေးအတွက် စေတနာအပြည့်အဝဖြင့် တာဝန်ကျေပွန်ခဲ့ကြသော ယာဉ်ထိန်းရဲများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။

၃။ အလားတူ သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများအား ၂၄ နာရီ အချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ပြည်သူ့ရေးရာဝန်ဆောင်မှုများ၊ ရုံးလုပ်ငန်းများ မပျက်ယွင်းမလစ်လပ်စေရန် တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံ့ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးအထူးပင်တင်ရှိပါသည်။

၄။ ထို့အပြင် အများပြည်သူပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနိုင်ကြစေရန်လည်းကောင်း၊ အမှိုက်ကင်းစင်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်လည်းကောင်း၊ အရေးပေါ်အကူအညီ၊ သွေးအလှူ၊ ဆေးဝါးအလှူစသည့် မွန်မြတ်သော လုပ်ဆောင်ချက်များအတွက် လည်းကောင်း၊ လူပျောက်ဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုတို့တွင် ဆွေမျိုးသားချင်းမိသားစုစိတ်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ခြင်းများအတွက်လည်းကောင်း၊ မိမိတို့တတ်နိုင်သည့် နေရာများမှ မေတ္တာစေတနာစိတ်အပြည့်အဝဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူငယ်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံသူ နိုင်ငံသားများအားလုံးကို ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါသည်။

၅။ နောက်ဆုံးအနေဖြင့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာထုံးတမ်းစဉ်လာများကို မပျောက်ပျက်စေရန် ဆက်ခံထိန်းသိမ်း၍ စတုဒိသာအလှူဒါနပြုကြသူ၊ လူကြီးသူမများအား တရော်ကင်ပွန်းများဖြင့် ခေါင်းလျှော်ရေချိုး၊ ခြေသည်းလက်သည်း သန့်စင်ခြင်းများဖြင့် ကန်တော့ကြသူ၊ ဘုရား၊ ကျောင်းကန်များတွင် သန့်ရှင်းရေးနှင့် ဝေယျာဝစ္စများ လုပ်ဆောင်ကြသူ၊ တိရစ္ဆာန်များအား ဘေးမဲ့ပေးခြင်းစသည့် ဇီဝိတဒါနအလှူပြုကြသူ၊ ရပ်ရွာတစ်ခွင် အန္တရာယ်ကင်းပရိတ်ရွတ်ခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်းများ ဆောင်ရွက်ကြသူ နိုင်ငံသူ နိုင်ငံသားများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်

၆။ ဤသို့ မွန်မြတ်လှသော စိတ်ရင်းစေတနာကောင်းများ၊ ရိုင်းပင်းကူညီမှုများ၊ ဖေးမစောင့်ရှောက်မှုများကို မြင်တွေ့ကြားသိရသည့်အတွက် နိုင်ငံတော်၏ အနာဂတ်ခရီးအတွက် နှစ်ထောင်းအားရ ဂုဏ်ယူဝမ်းမြောက်ရသလို ရှေ့လာမည့် နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ မျှော်လင့်ချက်အသစ်များဖြင့် ဆက်လက်လျှောက်လှမ်းကြရာ၌ နိုင်ငံသူ နိုင်ငံသားအပေါင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် သက်ကြီးပူဇော်ပွဲ အခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ပွဲကျင်းပ

**ရန်ကုန် မေ ၁၇**

ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသစ် ပထမထပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့မှ ဦးဆောင်၍ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကျင်းပရာ ကန်တော့ခံပုဂ္ဂိုလ်များအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟို အလုပ်အမှုဆောင် ဦးအုန်းကြိုင်(ခ) ဦးအောင်ဝင့်၊ ဦးအောင်သိန်း(သာကေတ)၊ ဦးလှမင်း၊ ဒေါ်စန်းနွဲ့ (ပညာရေးကွန်ရက်)၊ သခင်ချန်ထွန်းတို့ တက်ရောက်ကြသည်။

အဆိုပါ ကန်တော့ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဗဟိုကော်မတီဝင်များနှင့် ပါတီဝင်များနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ တက်ရောက်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ချိုးဖြင့် ကန်တော့ကာ ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား သခင်ချန်ထွန်းက ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ အဆိုပါနေရာ၌ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲပြုလုပ်ရာ အောင်မင်္ဂလာ ပရိယတ္တိကျောင်းမှ ဦးကေတုနန္ဒ အပါအဝင် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုကော်မတီဝင်များနှင့် ပါတီဝင်များတက်ရောက်၍ တရားနာယူကြသည်။

**ကိုလတ်(သတင်းစဉ်)**

# ရွှေနှင့်စက်ဝယ်ခဲ့ရသော စာအုပ်တစ်အုပ်

**မြင့်ဆွေဦး**

အင်းစိန်အကျဉ်းထောင်ထဲတွင် ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် ကြေးမုံဦးသောင်းနှင့်အတူ အခြားသတင်းစာဆရာ၊ စာရေးဆရာများ ထိန်းသိမ်းခြင်းခံရလေသည်။ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဖြစ်သည်။ အင်းစိန်ထောင်ထဲ၌ရှိနေစဉ် တစ်နေ့တွင် ကြေးမုံဦးသောင်းအား တစ်ဖက်ခန်းမှ တစ်ယောက်ကမေးလိုက်သည်။

**"အမေရိကန် စာပဒေသာမဂ္ဂဇင်း (Reader's Digest) ဖတ်မလား"**

အမေရိကန်စာပဒေသာမဂ္ဂဇင်းတွင် ဘိန်းဘုရင် လော်စစ်ဟန်၏ အမှုကို ရန်ကုန်မြို့တွင် စစ်ဆေးရကြောင်း ဆောင်းပါးဖော်ပြရာတွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ အမည်ကိုထည့်သွင်းရေးသားခဲ့သည်။ ထိုသို့ သူ့အမည်ကို ထည့်သွင်းရေးသားရမည်လားဟု ဆတ်ဆတ်ခါစိတ်ဆိုးပြီး အမေရိကန်စာပေမဂ္ဂဇင်းကို ဖောက်ပြန်သည့်အရင်းရှင်စာပေဟုသမုတ်ပြီး မြန်မာပြည်တွင်းသို့ တင်သွင်းဖြန့်ချိခွင့်ပိတ်ပင်လိုက်လေသည်။ ရန်ကုန်မြို့တွင် တောင်မှဝယ်၍ ရရန်ခက်ခဲသောမဂ္ဂဇင်းကို ထောင်ထဲတွင် ရနိုင်ဖို့ဆိုသည်မှာ မဖြစ်နိုင်ကြောင်း ကြေးမုံဦးသောင်းက ပြောလာသူကို ပြောပြလေသည်။

ထိုအခါ ပြောလာသူက ကြေးမုံဦးသောင်း၏ လက်ကိုဆွဲပြီး သူတို့အဆောင်ရှိ ထောင်ကျများ၏ ပစ္စည်းသိုလှောင်ခန်းသို့ ခေါ်လာပြီး ပြသလေသည်။ သံတိုင်ကြားမှ လှမ်းကြည့်လိုက်သောအခါ စားပွဲတစ်ခုပေါ်တွင် ဆေးရောင်စုံနှင့် မဂ္ဂဇင်းကို မြင်ရလေသည်။ အမေရိကန်နိုင်ငံသားတစ်ယောက် ခရီးသည်အဖြစ် မြန်မာပြည်တွင်လည်ပတ်နေရင်း အဖမ်းခံရသည်။ ထိုမဂ္ဂဇင်းမှာ အမေရိကန်ခရီးသည်ထံမှ သိမ်းဆည်းထားခြင်းဖြစ်သည်။ မဂ္ဂဇင်းကို မျက်ဝါးထင်ထင် တွေ့မြင်ရသဖြင့် ထောင်ကျနေသော စာနယ်ဇင်းသမားအဖို့ ယင်းစာအုပ်ကို လက်မလွှတ်နိုင်၊ ထိုမဂ္ဂဇင်းကို ဖတ်ချင်လွန်း၍ သံတိုင်ကြားမှ မျှော်ကြည့်ပြီး အားမလိုအားမရ ဖြစ်နေကြသည်။

ကြေးမုံဦးသောင်းတို့ရှိနေသည့် အဆောင်တွင် မဒါးဆပ်ပြာစက်သူဌေးကြီး၏သား မဒါးညီအစ်ကိုနှစ်ယောက်ရှိသည်။ မိုးကုတ်မြမောင်ဟု အမည်တွင်သော မိုးကုတ်မှ ကျောက်သူဌေး ဦးမြမောင်လည်းရှိသည်။ ဦးမြမောင်သည် အေးအေးဆေးဆေးနေတတ်သူဖြစ်သည်။ ရင်းနှီးသူအနည်းငယ်နှင့်သာ စကားပြောဆို ဆက်ဆံလေသည်။ ထောင်တွင်းစကားဝိုင်းများ ငြင်းခုံပွဲများတွင် ပါဝင်လေ့မရှိ၊ ကြေးမုံဦးသောင်းနှင့်တော့ ရင်းနှီးသူဖြစ်သည်။

မဒါးညီအစ်ကိုက ပြဿနာအမျိုးမျိုးရှာတတ်သူများဖြစ်သည်။ သူတို့က ပြဿနာများလာလျှင် လွတ်ပေးလိမ့်မည်ဟု ယူဆနေကြသည်။ အများသောက်သော သောက်ရေအိုးမှရေနှင့် ခြေဆေးသဖြင့် မခံချင်သူများနှင့်ရန်ဖြစ်ကြသည်။ ဦးမြမောင်က နဂိုကတည်းက မတရား ဖမ်းဆီးခံထားရ၍ စိတ်တိုနေသူဖြစ်သဖြင့် တစ်နေ့တွင် မဒါးညီအစ်ကိုတို့နှင့် ပြဿနာဖြစ်ရာ ဦးမြမောင်က မဒါးညီအစ်ကိုထဲမှ အငယ်တစ်ဦးကို ဆွဲထိုးလိုက်သည်။

ကြေးမုံဦးသောင်းက ဦးမြမောင်နှင့်ရော မဒါးညီအစ်ကိုနှင့်ပါ ခင်မင်ရင်းနှီးနေသဖြင့် လက်လွန်ခြေလွန် မဖြစ်ရအောင်ဝင်ပြီး ဖျန်ဖြေခြင်းဖြစ်သည်။ ဦးမြမောင်မှာ တိုက်ပိတ်ခံရပြီး ညီမဒါးမှာသွားနှစ်ချောင်းကျိုးသွားသည်။ ကြေးမုံဦးသောင်းသာဝင်မကယ်လျှင် ညီမဒါးလည်းသေသွားနိုင်ပြီး ဦးမြမောင်အဖို့လည်း အမှုကြီးသွားမည်ဖြစ်သည်။ ကျိုးသွားသည့် သွားနှစ်ချောင်းအနက် တစ်ချောင်းမှာ ရွှေထူထူကွပ်ထားသော ရွှေသွားဖြစ်သည်။ ဦးသောင်းက သူ့အသက်ကိုကယ်သည့် ကျေးဇူးရှင်ဖြစ်သဖြင့် "ရွှေသွားကလေး ငါ့ကိုလှူပါလား ကွာ၊ မင်းပါးစပ်ထဲမှာ နောက်ထပ်ရွှေသွားငါးချောင်းတောင်ရှိပါသေးတယ်"

**"၁၉၆၃ ခုနှစ်မှ ၁၉၆၆ ခုနှစ် သုံးနှစ်တာကာလမှာ ကျွန်တော့်ဘဝအတွက် မှောင်မိုက်သောနေ့ရက်များဖြစ်သည်။ ကျွန်တော်နေထိုင်ရာအဆောင်တွင် နိုင်ငံရေးအကျဉ်းသား ၃၀ နှင့်အတူ နေခဲ့ရသည်။ ကျွန်တော်တို့အားလုံးမှာ အချိန်နှင့်အမျှ ကြမ်းပြင်ပေါ်ထိုင်၍ အဆောင်နံရံများကို ငေးကြည့်ရုံမှတစ်ပါး ဘာမျှလုပ်စရာမရှိပါ။ စာဖတ်စရာလည်းမရှိ။ စာရေးစရာလည်း နတ္ထိ။ စာနယ်ဇင်းသမားများဖြစ်သဖြင့် ထိုကဲ့သို့ အပြစ်ပေးထားခြင်းမှာ အလွန်တရာ နာကျည်းခံခက်စရာ ဖြစ်လေသည်။"**

ဟု ချော့ပြောပြီးတောင်းလေသည်။ ညီအစ်ကို နှစ်ယောက်စလုံးက ကပ်စေးနှဲကြလေသည်။

တစ်ပတ်ကြာသောအခါ လူငယ်တစ်ဦး၏ အကူအညီဖြင့် ရွှေသွားရလာပါသည်။ထိုရွှေသွားဖြင့် ထောင်ကြပ်က ခိုးယူလာသော စာအုပ်ကိုရွှေသွားနှင့် ရောင်းလေသည်။ ရွှေနှင့်စက်၍ ဝယ်ရသောစာအုပ်ဖြစ်သည်။ ဦးသောင်းသည် ထောင်ထဲက ထိုအဖြစ်အပျက်ကိုရေးသားခဲ့ရာ ၁၉၇၈ ခုနှစ် ဩဂုတ်လ Reader's Digest မဂ္ဂဇင်းတွင် Paid for in Gold အမည်ဖြင့် ဖော်ပြခြင်းခံရသည်။

**ရွှေဖြင့်စက်၍ ဝယ်ခဲ့ရသည်**

မြန်မာ့အကျဉ်းထောင်ထဲတွင် သမ္မတဦးနေဝင်းအစိုးရကို ဝေဖန်ရေးသားမှုဖြင့် သုံးနှစ်တာမျှ နိုင်ငံရေးအကျဉ်းသားအဖြစ် နေထိုင်ခဲ့ရလေသည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၆ ခုနှစ် သုံးနှစ်တာကာလမှာ ကျွန်တော့်ဘဝအတွက် မှောင်မိုက်သောနေ့ရက်များဖြစ်သည်။ ကျွန်တော်နေထိုင်ရာအဆောင်တွင် နိုင်ငံရေးအကျဉ်းသား ၃၀ နှင့်အတူ နေခဲ့ရသည်။ ကျွန်တော်တို့အားလုံးမှာ အချိန်နှင့်အမျှ ကြမ်းပြင်ပေါ်ထိုင်၍ အဆောင်နံရံများကို ငေးကြည့်ရုံမှ တစ်ပါး ဘာမျှလုပ်စရာမရှိပါ။ စာဖတ်စရာလည်းမရှိ စာရေးစရာလည်း နတ္ထိ။ စာနယ်ဇင်းသမားများဖြစ်သဖြင့် ထိုကဲ့သို့ အပြစ်ပေးထားခြင်းမှာ အလွန်တရာ နာကျည်းခံခက်စရာ ဖြစ်လေသည်။

ဤသို့နှင့် တစ်ရက်တွင် အမေရိကန်ခရီးသွားတစ်ယောက်အဖမ်းခံရလေသည်။ သူနှင့်အတူပါလာသော ပစ္စည်းများထဲတွင် မြန်မာနိုင်ငံ၌ အလွန်တရာမှ ရှားပါးလှသော Reader's Digest မဂ္ဂဇင်းတစ်စောင်ပါလာလေသည်။ ကျွန်တော်တို့အဆောင်ရှိ စာနယ်ဇင်းအကျဉ်းသား ၃၀ မှာ ထိုမဂ္ဂဇင်းကို အငမ်းမရဖတ်ချင်နေကြသည်။ ထိုပစ္စည်းများက ထောင်ကြပ်များလက်ထဲတွင်ရှိသည်။ ကျွန်တော်တို့အားလုံးက ထိုမဂ္ဂဇင်းကို လိုချင်နေကြသည်။

ထိုထောင်ကြပ်ဝါဒါထဲမှ တစ်ယောက်သည် ကျွန်တော်တို့နှင့် အလွန်ခင်သည်။ တစ်ခါတလေ ကျွန်တော်တို့အား အကူအညီပေးခဲ့ဖူးသည်။ သို့သော် ယခုအခါတွင်မူ ထိုမဂ္ဂဇင်းအတွက်သူ့ကို ရွှေပေးမှရမည်ဟု တောင်းဆိုလေသည်။ ကျွန်တော်တို့အားလုံးမှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှမရှိပါ။ ကျွန်တော်တို့ စာနယ်ဇင်းသမားများမှာ ကြံရည်ဖန်ရည်နှင့် အစွမ်းအစရှိသူများဖြစ်သည်။ ကျွန်တော်တို့အထဲမှ တစ်ယောက်က အကျဉ်းခံနေရသူ ချမ်းသာကြွယ်ဝသော ကုန်သည်ကြီးတစ်ဦးထံ ချဉ်းကပ်၍ စည်းရုံးပြီး သူ့ထံမှ ရွှေသွားကိုရယူနိုင်ခဲ့သည်။ ဤသို့ဖြင့် Reader's Digest မဂ္ဂဇင်းကို ရွှေဖြင့်စက်၍ ဝယ်ယူနိုင်ခဲ့လေသည်။

ရရှိလာသောမဂ္ဂဇင်းကို ကျွန်တော်တို့သည် ဝမ်းပန်းတသာနှင့် ဖတ်ကြသည်။ အစမှအဆုံး စကားလုံးတစ်လုံးပင် မလွတ်စေရ။ ယခင်အခါက စာအုပ်တစ်အုပ်ကို ယခုလိုမျိုး မဖတ်ဖူးခဲ့ပေ။ ကျွန်တော်တို့စာနယ်ဇင်းသမားအကျဉ်းကျ လူ ၃၀ လုံး ထိုမဂ္ဂဇင်းကို မမောတမ်း၊ မပန်းတမ်းအကြိမ်ကြိမ် အခါခါ ဖတ်ရှုကြလေသည်။

ယခုဆိုလျှင် ကျွန်တော်သည် လွတ်မြောက်သူဖြစ်ခဲ့ပြီ။ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်၍ အလုပ်လုပ်ရသူ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် Reader's Digest မဂ္ဂဇင်းကို လစဉ်မှန်မှန်ဖတ်ရှုရသည်။ မဂ္ဂဇင်းကပေးလာသမျှရသအစုံကို ဖတ်ရှုနေရပြီဖြစ်သည်။ သို့သော် ကျွန်တော့်အနေဖြင့် မြန်မာပြည်အကျဉ်းထောင်ထဲ၌ Reader's Digest မဂ္ဂဇင်းဖတ်ရှုခဲ့ရသည်ကိုတော့ မည်သည့်အခါမျှ မမေ့နိုင်မည်မဟုတ်ပါ။

ဤစာတိုကလေးကို Reader'sDigest မဂ္ဂဇင်းတွင် ဖော်ပြခဲ့သဖြင့် ကြေးမုံဦးသောင်း၏ နိုင်ငံကူးလက်မှတ်စာအုပ် ပိတ်သိမ်းခြင်းခံခဲ့ရလေသည်။ ။

# တောင်သူလယ်သမားကျေးလက်ပြည်သူများကို ဂရုစိုက်ကြပါစို့

**သင်္ဂဟ**

မြန်မာတိုင်းမ်ဂျာနယ်(၇-၁၃၊ ၄၊ ၂၀၁၆)မှာ နွေစပါးဈေးထိုးကျသွားလို့ လယ်သမားတွေ အခက်ကြုံနေရတာကို ဖတ်ရပါတယ်။ ၂၀၁၆ ခုနှစ် မတ်လအလယ်လောက်မှာ စပါးတင်း ၁၀၀ ကို ကျပ်ခြောက်သိန်းခန့် ရှိနေရာကနေ ဧပြီလဆန်းမှာ ကျပ်လေးသိန်းခွဲလောက်ပဲရှိပါတော့တယ်။ နွေစပါးစိုက်စရိတ်ကလည်း ဒီနှစ်မှာ ဓာတ်မြေဩဇာကို ဒေါ်လာဈေးအမြင့်နဲ့ဝယ်ရတာ၊ ရိတ်သိမ်းအလုပ်သမားခတွေ ဈေးကြီးလာတာ စတာတွေကြောင့် တစ်ဧကကို ကျပ်သုံးသိန်းခွဲလောက်အထိ တိုးလာတယ်ဆိုပါတယ်။ စပါးထွက်နှုန်းကလည်း တစ်ဧက တင်း ၁၀၀ က အများဆုံးဖြစ်လို့ တောင်သူလယ်သမားတွေ အနေနဲ့ တစ်ဧကမှာ ကျပ်တစ်သိန်းလောက်ပဲ မြတ်တဲ့သဘောမျိုးဖြစ်နေပါတယ်။ လယ်သမားအိမ်ထောင်စုတွေရဲ့ထက်ဝက်လောက်ဟာ ပျမ်းမျှတစ်အိမ်ထောင်ကို ၃ ဒသမ ၆ ဧက လောက်ပဲရှိတဲ့ လယ်ယာမြေလောက်ကိုပဲ စိုက်ပျိုးလုပ်ကိုင်နိုင်တာပါ။ လယ်သမားအိမ်ထောင်စုတွေရဲ့ဝင်ငွေ ဘယ်လောက်နည်းနေသလဲဆိုတာကို အလွယ်ပဲမြင်သာပါတယ်။ လယ်သမားတွေရဲ့ပြဿနာက စပါးကိုကြိုက်ဈေးရတဲ့အထိ လှောင်မထားနိုင်ဘဲ မိသားစုရဲ့ လိုအပ်ချက်တွေကြောင့် ရရာဈေးနဲ့ရောင်းချရတာပါ။ တိုင်းပြည်လူဦးရေရဲ့အများစုဟာ တောင်သူလယ်သမားကျေးလက်ပြည်သူတွေဖြစ်လို့ ဒီတောင်သူလယ်သမားကျေးလက်ပြည်သူတွေ ဝင်ငွေကောင်းမှသာ တိုင်းပြည်ရဲ့ ကျန်စီးပွားရေးကဏ္ဍတွေပါ တစ်ပါတည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ ဝင်ငွေနည်းပါးနေတာကို ဂရုစိုက်ကိုင်တွယ်နိုင်ဖို့ လိုအပ်ပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ တောင်သူလယ်သမားတွေရဲ့ ဝင်ငွေထိခိုက်နည်းပါးသွားတာမျိုးမဖြစ်ရအောင် လယ်ယာမြေဝင်ငွေအာမခံအစီအစဉ်တွေ ချမှတ်ဆောင်ရွက်တာကို တွေ့ရပါတယ်။ လယ်ယာမြေဝင်ငွေ အာမခံအစီအစဉ်တွေရဲ့သဘောကို အကြမ်းဖျင်းပုံဖော်နိုင်အောင် Agriculture Insurance Company of India Ltd. ရဲ့ ရှေ့ပြေးစီမံကိန်းတစ်ခုအပေါ် အခြေခံတင်ပြပါမယ်။ လယ်ယာမြေဝင်ငွေအာမခံအစီအစဉ်မှာ တစ်ဟက်တာအတွက် အာမခံဝင်ငွေတွက်ချက်တာက အဓိကကျပါတယ်။ ပြီးခဲ့တဲ့ ခုနစ်နှစ်အတွင်း တစ်ဟက်တာ ပျမ်းမျှအထွက်နှုန်းကို တွက်ချက်နေတဲ့နှစ်ရဲ့ သတ်မှတ်ကြမ်းခင်းဈေး (Minimum Support Price -MSP) နဲ့မြှောက်ပြီး ရလဒ်ကို လျော်ကြေးနှုန်းထား (Indemnity Level) နဲ့ ထပ်မြှောက်ရင် တစ်ဟက်တာအတွက် အာမခံဝင်ငွေကို ရပါတယ်။ တစ်ဟက်တာအာမခံဝင်ငွေကို စိုက်ပျိုးတဲ့ ဟက်တာနဲ့မြှောက်ရင် လယ်သမားရမယ့် အာမခံဝင်ငွေကို ရပါတယ်။ လယ်သမားရတဲ့အမှန်တကယ်ဝင်ငွေကတော့ အမှန်တကယ်ထွက်တာကို လက်ရှိဈေးကွက်ပေါက်နှုန်းနဲ့ မြှောက်လိုက်တာပါပဲ။ လက်ရှိဈေးကွက်ပေါက်နှုန်းကိုတော့ ခရိုင်အလိုက်ဖွဲ့စည်းထားတဲ့ လယ်ယာထွက်ကုန်ဈေးကွက်ကော်မတီ (Agricultural Produce Market Committee-APMC) က နေ့စဉ်ဈေးကွက်ပေါက်ဈေးကို ရက်သတ္တရှစ်ပတ် ဆက်တိုက်ကောက်ယူပြီး ပြန်တွက်ပါတယ်။ အမှန်တကယ်ဝင်ငွေက အာမခံဝင်ငွေထက်နည်းနေရင် နည်းနေသလောက်ကို လယ်သမားက လျော်ကြေးအနေနဲ့ရပါတယ်။ အာမခံပေးရာမှာ ရာသီဥတုအပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံအထွက်လျော့နည်းပျက်စီးတာနဲ့ ဈေးနှုန်းမတည်ငြိမ်မှုကြောင့် ဆုံးရှုံးနစ်နာရတာတွေ အကျုံးဝင်ပါတယ်။ လယ်ယာမြေဝင်ငွေအတွက် ပေးသွင်းရတဲ့ ပရီမီယံကြေးရဲ့ ၅၀ ရာခိုင်နှုန်းကနေ ၇၅ ရာခိုင်နှုန်းအထိကို အစိုးရက စိုက်ထုတ်ပေးပါတယ်။ ဒါက လယ်ယာမြေဝင်ငွေအာမခံအစီအစဉ်ရဲ့ အခြေခံပုံကြမ်းလေးပါ။ ဒီနှစ်ဇန်နဝါရီလမှာ အိန္ဒိယဝန်ကြီးချုပ်ရဲ့ လယ်ယာမြေဝင်ငွေအာမခံအစီအစဉ်သစ်ကို အတည်ပြုချမှတ်နိုင်ခဲ့ပါတယ်။ ဒီလယ်ယာမြေဝင်ငွေအာမခံအစီအစဉ်ကို အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်အားလုံးမှာ အကောင်အထည်ဖော်မှာဖြစ်ပြီး အိန္ဒိယနိုင်ငံအတွင်း စိုက်ပျိုးတဲ့ သီးနှံအားလုံးအကျုံးဝင်ပါတယ်။ လယ်သမားပေးရမယ့် ပရီမီယံကြေးကို လယ်သမားရရှိမယ့် သီးနှံဝင်ငွေအပေါ် အခြေခံတွက်ပါတယ်။ မိုးရာသီသီးနှံဆိုရင် ဝင်ငွေရဲ့ နှစ်ရာခိုင်နှုန်း၊ ဆောင်းရာသီသီးနှံဆိုရင် ဝင်ငွေရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းပေးရပါတယ်။ စီးပွားဖြစ်စိုက်သီးနှံတွေနဲ့ သစ်သီးဝလံပန်းမန်တွေကတော့ ဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းအထိ ပေးရပါတယ်။ လိုအပ်တဲ့ ပရီမီယံကြေး ပြည့်မီအောင် လယ်သမားတွေတိုက်ရိုက်ပေးရတဲ့ ပရီမီယံကြေးကို အစိုးရက လိုအပ်သလို ထပ်ဖြည့်စိုက်ထုတ်ပေးရပါတယ်။ ဒီလယ်ယာမြေဝင်ငွေအာမခံအစီအစဉ်မှာ တောင်သူလယ်သမားအားလုံး ပါဝင်ခွင့်ရှိပေမယ့် မဝင်မနေရ မဟုတ်ပါဘူး။ ဆန္ဒရှိမှ ပါဝင်ရတာပါ။

အိန္ဒိယနိုင်ငံရဲ့ လယ်ယာမြေဝင်ငွေ အာမခံအစီအစဉ်တွက်ချက်လုပ်ကိုင်ပုံကို ကြည့်လိုက်ရင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အချက်အလက်တွေပြည့်စုံဖို့ လိုတာကို တွေ့ရမှာပါ။ နှစ်စဉ် ဟက်တာအလိုက် သီးနှံအထွက်နှုန်း၊ စိုက်ပျိုးမြေဧရိယာ၊ နေ့စဉ်သီးနှံဈေးကွက်ပေါက်ဈေး စတဲ့အချက်အလက်တွေ ပြည့်စုံမှန်ကန်မှ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှာပါ။ မြန်မာနိုင်ငံမှာက လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အချက်အလက်တွေ ပြည့်စုံမှန်ကန်မှုမရှိသေးတော့ လယ်ယာမြေဝင်ငွေအာမခံအစီအစဉ်ချမှတ်နိုင်ဖို့ မလွယ်သေးပါဘူး။ ဒါပေမယ့် ထွက်လာတဲ့စပါးကို ဈေးကောင်းရအောင် မလှောင်ထားနိုင်ဘဲ မိသားစုလိုအပ်ချက်တွေကြောင့် လယ်သမားက ရရာဈေးနဲ့ ရောင်းချနေရတဲ့ အခြေအနေကို ကျော်လွှားနိုင်မယ့်ပုံစံတစ်ခုကိုတော့ ကြိုးပမ်းဖော်ထုတ်သင့်ပါတယ်။ တောင်သူလယ်သမားကျေးလက်ပြည်သူတွေ ဝင်ငွေကောင်းမှ တိုင်းပြည် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မယ်ဆိုတာကို နှလုံးသွင်းဖို့ လိုအပ်ပါတယ်။ ။

# မြန်မာပြည်မြို့ကြီးများပတ်ဝန်းကျင်ရှိ မြေယာများနှင့်ပတ်သက်သောပြဿနာများ

**ဒေါက်တာကျော်လတ်**

ယခုအခါ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများပတ်ဝန်းကျင်တွင် လယ်မြေများ သို့မဟုတ် မြို့ပြမြေအဖြစ် သိမ်းသွင်းထားခြင်းမရှိသေးသောမြေများကို ပုဂ္ဂလိကကုမ္ပဏီကြီးတို့က လယ်သမားများထံမှဝယ်ယူထားရှိကြပြီး ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောက်လုပ်ရန်စီစဉ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ဤကိစ္စတွင် မိမိတို့တိုင်းပြည်ပတ်ဝန်းကျင်ပျက်စီးရန်အချက် (၃)မျိုး ပေါ်ပေါက်နိုင်ပေမည်။ ယင်းတို့မှာ-

(၁) ဥပဒေအထိန်းအကွပ်နှင့် စီမံတွက်ချက်မှုမရှိကြ၍ နိုင်ငံအတွက် စိုက်ပျိုးမြေများ လျော့နည်းလာရန်အကြောင်းရှိခြင်း၊

(၂) မြို့ပြဒေသများတွင် ဥပဒေမဲ့အထိန်းအကွပ်မရှိကြ၍ မြို့ပြပတ်ဝန်းကျင်ဖွံ့ဖြိုးမှုကို ဟန့်တားရန်ရှိခြင်း၊

(၃) စိုက်ပျိုးလုပ်ကိုင်စားကြရသော လယ်သမား၊ ယာသမားများ ရေရှည်အကျိုး ဆုတ်ယုတ်နိုင်ခြင်း။

အချက်တစ်ချက်ချင်း ရှင်းလင်းတင်ပြပါမည်။ ပထမအချက်ဖြစ်သော စိုက်ပျိုးမြေများ လျော့နည်းလာနိုင်ခြင်းတွင် မြန်မာပြည်သည် သမိုင်းကြောင်းတစ်လျှောက် စိုက်ပျိုးရေးကိုအခြေခံသောတိုင်းပြည်ဖြစ်ခဲ့သည်။ ထိုသည်ကို အခြေခံ၍လည်း သမိုင်းကြောင်းတစ်လျှောက် စိုက်ပျိုးမြေများဆုံးရှုံးမှုကိုဟန့်တားသော နည်းဥပဒေများထားရှိခဲ့သည်။ သမိုင်းကြောင်းတစ်လျှောက်လည်း ဤသို့စိုက်ပျိုးမြေများ လွယ်ကူစွာပြောင်းလဲ၍မရရန် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများထားရှိခဲ့သည်။ ထို့ကြောင့် ငွေရှိသောသူများနှင့် ကုမ္ပဏီကြီးများ မိမိသဘောဖြင့်စိုက်ပျိုးမြေများကို အခြားအသုံးအဖြစ် ပြောင်းလဲကြခြင်းမှာ ဥပဒေနှင့်လည်းကိုက်ညီမှုမရှိသည့်အပြင် တိုင်းပြည်၏စီးပွားရေးကိုလည်း ပျက်စီးထိခိုက်စေနိုင်သည်။ တိုင်းပြည်တွင် စိုက်ပျိုးမြေများ လျော့နည်းလာပြီး တိုင်းပြည်၏အစားအစာထုတ်လုပ်မှုလည်း လျော့နည်းလာနိုင်ပေသည်။

ဒုတိယအချက်ဖြစ်သောမြို့ပြဒေသများ ဖွံ့ဖြိုးမှုကို ဟန့်တားလျက်ရှိခြင်းနှင့်ပတ်သက်၍တင်ပြရသော် မြို့ပြဒေသများတွင် လူဦးရေတိုးပွားနေသဖြင့် အမြဲတစေပြောင်းလဲနေကြရသည်။ အမြဲတိုးချဲ့နေကြရသည်။ မြို့ပြဒေသများတွင် လူဦးရေတိုးပွားသည်နှင့်လိုက်လျောညီစွာ ကျောင်းများ၊ ဈေးများ၊ ဆေးရုံဆေးခန်းများ၊ စက်ရုံအလုပ်ရုံများနှင့် အခြားအများပြည်သူအတွက် အဆောက်အအုံများနှင့် မြေနေရာများလိုအပ်လျက်ရှိသည်။ ထိုလိုအပ်ချက်များကို မြို့ပြစီမံကိန်းများနှင့် ဖြည့်ဆည်းနေကြရပေမည်။ ထိုအများပြည်သူ၏ အဓိကလိုအပ်ချက်များအတွက် ဆောက်လုပ်ရန်မြေများပေါ်တွင် ကုမ္ပဏီကြီးတို့၏လိုအပ်ချက်အတိုင်းဖြစ်ပေါ်နေကြခြင်းတို့ကြောင့် မြို့ပြဒေသများ ဖွံ့ဖြိုးမှုကို ဟန့်တားလျက်သည်။

နောက်ဆုံးအချက်ဖြစ်သော မြေပေါ်တွင်လုပ်ကိုင်စားကြရသော လယ်သမား၊ ယာသမားများအတွက်ပါမူ ရုံဖန်ရုံခါအလွန်နည်းသောအောက်ဈေးနှင့် ရယူခဲ့ရခြင်းများလည်းရှိနိုင်သည်၊ ရုံဖန်ရုံခါ ဈေးကောင်းရနိုင်သော်လည်း ရေရှည်အားဖြင့် လယ်သမားများသည် နစ်နာမှုများရှိနိုင်ကြသည်။ အထူးသဖြင့် ပြည်သူ့အကျိုး၊ လယ်သမားများအကျိုးကိုအလေးပေးသော အစိုးရပေါ်ပေါက်လာသော် မြေဆုံးရှုံးသွားသောလယ်သမားများအတွက် ရေရှည်အလုပ်အကိုင်များရရှိရန်ဆောင်ရွက်သင့်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဤကိစ္စမှာ ဥပဒေချိုးဖောက်ကြခြင်းနှင့် နိုင်ငံတော်အတွက် အကျိုးဆုတ်ယုတ်ခြင်းပင်ဖြစ်ပေသည်။

ဤကိစ္စရပ်များကို ယခုစတင်လုပ်ကိုင်မည့် အစိုးရသည် ကိုင်တွယ်ဖြေရှင်းသင့်ပေသည်။ ကိုင်တွယ်ဖြေရှင်းသောနည်းလမ်းများဖြစ်သည့် Urban Planning Law ခေါ် မြို့ပြစီမံကိန်းဥပဒေအကြောင်း၊ Land Bank ထားရှိခြင်းအကြောင်းစသည်တို့ကို နောက်နေ့များတွင် ဆက်လက်ဖော်ပြပါမည်။




# သောက်သုံးရေရှားပါးပြတ်လပ်မှုအတွက် လိုအပ်ချက်များအပေါ်မူတည်ပြီး အလျင်အမြန်ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၁၇**

သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ သောက်သုံးရေလိုအပ်နေသောဒေသများရှိ ပြည်သူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းနှင့် လိုအပ်မှုအလိုက် ဦးစားပေးစနစ်ဖြင့် အလျင်အမြန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သောက်သုံးရေရှားပါးပြတ်လပ်လျက်ရှိသောဒေသများသို့ သောက်သုံးရေများ လိုက်လံပို့ဆောင်ပေးခြင်း၊ ယာယီရေလှောင်ကန်များ ပြုလုပ်ပေးခြင်း၊ အုတ်ရေလှောင်ကန်များ ပြုလုပ်ပေးခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်းနှင့် လိုအပ်ပါက ရေသန့်စက်များ တပ်ဆင်ပေးခြင်းစသည်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ထိုကဲ့သို့ သောက်သုံးရေလိုအပ်နေသော ဒေသများရှိပြည်သူများအနေဖြင့် ဒေသအလိုက် လိုအပ်မှုအခြေအနေများကို ၎င်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းဇော် ဖုန်းနံပါတ် - ၀၆၇ - ၄၀၄၀၄၈၊ ၀၉-၄၃၁၂၀၈၆၃ နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေး ဖုန်းနံပါတ်- ၀၆၇-၄၀၄၄၈၆၊ ၀၉- ၄၅၁၂၄၅၆၃၇ များသို့ ဆက်သွယ်အကြောင်းကြားနိုင်ပြီး ယင်းသို့ အကြောင်းကြားမှုများအပေါ် မူတည်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး ဦးစားပေးစနစ်ဖြင့် အလျင်အမြန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❊

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# သို့လော သို့လော မြစ်ဆုံ

**ဝင်းမျိုးသူ**

**(ယမန်နေ့မှ အဆက်)**

**နိုင်ငံရေးရွေးချယ်မှု**

တကယ်တော့ မြစ်ဆုံလို ကြီးမားတဲ့ စီမံကိန်းတွေ လုပ်သင့်မလုပ်သင့်ဆိုတာ နိုင်ငံရေးရွေးချယ်မှု (Political Choice)ပါ။ ပညာရပ်ပိုင်းဆိုင်ရာ တစ်ခုတည်းကနေ ချဉ်းကပ်အဖြေထုတ်ရမယ့်ကိစ္စ မဟုတ်ပါဘူး။ စာရေးသူရဲ့ ပင်ကိုသဘောထားကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နှစ်ပေါင်းများစွာလုပ်ခဲ့သူ တစ်ယောက်အနေနဲ့ မြစ်ဆုံဆည်ကို ပြန်ဆောက်မယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ လက်မခံပါဘူး။ ဘာကြောင့်လဲဆိုတော့ သိပ္ပံပညာရှင်တွေ လက်ရှိအချိန်ကာလအထိ သဘာဝရဲ့ လျှို့ဝှက်နက်နဲမှုတွေ တစ်ခုနဲ့တစ်ခု ဆက်စပ်ဖြစ်ပေါ်နေမှုတွေကို ပြီးပြည့်စုံအောင်နားလည်ထားမှု မရှိသေးလို့ပါပဲ။ အားလုံးသိပါတယ်လို့ပြောတဲ့ သိပ္ပံပညာရှင်ဟာ ညာနေတာပဲဖြစ်မှာပါ။ ဩကာသလောကမှာ သက်ရှိတွေနဲ့ သက်မဲ့တွေဟာ အစာကွင်းဆက်အရသော်လည်းကောင်း၊ ဓာတ်သဘာဝ လည်ပတ်ဖလှယ်မှုတွေအရသော်လည်းကောင်း၊ အပူစွမ်းအင် ပြောင်းလဲစီးဆင်းမှုတွေအရသော်လည်းကောင်း ဆက်စပ်မှုသုံးမျိုးနဲ့ အပြန်အလှန်အမှီသဟဲဖြစ်နေတာပါ။

ဒီဆက်စပ်မှု ကွင်းဆက်ထဲက အစိတ်အပိုင်းတစ်ခု ပြောင်းလဲမှုဟာ မူလသဘာဝအတိုင်းဖြစ်နေတဲ့ အတက်အကျ ပြောင်းလဲမှုဘောင်ထဲကနေကျော်လွန်ပြီး လွန်လွန်ကျူးကျူးတိုးတက်တာ၊ ဆုတ်ယုတ်တာ ဖြစ်ခဲ့ရင် ကျန်တဲ့သက်ရှိသက်မဲ့တွေရဲ့တည်ငြိမ်မှုကို ထိခိုက်စေပြီး ရေရှည်တည်တံ့ မခိုင်မြဲနိုင်ပါဘူး။ လူ့ယဉ်ကျေးမှုသမိုင်းထဲမှာ အထင်အရှားရှိခဲ့တဲ့ မာယာမြို့ပြနိုင်ငံတွေ၊ ဘေဘီလုံလို မြို့တော်ကြီးတွေ ပျက်စီးပျောက်ကွယ်သွားတာဟာ ကြီးမားသော ပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲကြောင့်ပဲဖြစ်တယ်လို့ သုတေသီတွေက ကောက်ချက်ချကြပါတယ်။

ဧရာဝတီ၊ သံလွင်လိုမြစ်ကြီးတွေမှာ အမှန်တကယ်မှီခိုရပ်တည်နေတဲ့ ကုန်း၊ ရေ၊ လေ နေ အပင်နဲ့ သတ္တဝါဘယ်နှမျိုး၊ ဘယ်လောက်ပမာဏတည်ရှိနေတယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ ဒီသက်ရှိ၊ သက်မဲ့တွေဟာ ဘယ်လိုဆက်စပ်နေတယ်ဆိုတာလည်း ပိုပြီးတော့တောင် မသိနိုင်သေးပါဘူး။ ဒါတွေကို လူအများ လက်ခံယုံကြည်သိရှိနိုင်တဲ့အထိ လေ့လာစူးစမ်းမှုဆိုတာဟာလည်း အချိန်ဆယ်စုနှစ်မက ကြာနိုင်ပါတယ် (ဆောင်ရွက်ဖို့ ပညာရှင်၊ ငွေကြေး ပြည့်စုံရင်တောင်မှ)။ ပြောင်းလဲနေတဲ့ မိုးလေဝသနဲ့ ရာသီဥတုတွေရဲ့ လွှမ်းမိုးမှုကို ထည့်တွက်ရင် ပိုပြီးတော့တောင်မှ ရှုပ်ထွေးပါသေးတယ်။ အကြွေးရုပ်ရှင်ဇာတ်ကားထဲက မင်းသားကျော်ဟိန်းပြောသလို ပြောရရင် နောက်ဆယ်နှစ် ဆယ်နှစ်လောက် စောင့်လိုက်ပါဦးပဲ။

သိပြီးသား သိပ္ပံပညာဆိုင်ရာ အချက်အလက်တချို့ကို အခြေခံကာ အကန့်အသတ်နဲ့ ဆောင်ရွက်တဲ့ စူးစမ်းလေ့လာမှု တချို့ရဲ့တွေ့ရှိချက်တွေကို အသုံးပြုပြီး ပတ်ဝန်းကျင် ထိခိုက်မှုမရှိပါဘူးလို့ ကောက်ချက်ချတာဟာ ဘယ်လိုမှ လက်ခံနိုင်စရာမရှိပါဘူး။ ဒါကြောင့် အန္တရာယ်သိပ်များတဲ့ မလိုအပ်တဲ့ စွန့်စားမှုကို လုပ်မယ့်အစား အခြား စွမ်းအင်ရယူနိုင်တဲ့ နည်းလမ်းတွေဖြစ်တဲ့ မြစ်၊ ချောင်းငယ်တွေမှာ ရေအားလျှပ်စစ်ထုတ်လုပ်တာမျိုးတွေ၊ အခြားပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်တာမျိုးတွေကို ဆောင်ရွက်စေချင်ပါတယ်။ မဖြစ်မနေထုတ်ဖို့လိုအပ်တယ်ဆိုရင်လည်း ပြည်သူအားလုံးက ကောင်းကျိုး၊ ဆိုးကျိုးတွေ ဂဃနဏသိလို့ အများသဘောတူ ဆုံးဖြတ်ချက်ချပြီးမှ ဆောင်ရွက်စေချင်တယ်။ ဒါမှသာ အဆိုးတရားတွေဖြစ်ခဲ့ရင်လည်း ဘယ်လို အတူတကွ ရင်ဆိုင်ကျော်ဖြတ်မယ်ဆိုတာ သိပြီးသားဖြစ်ပါမယ်။

နို့မဟုတ်လို့ကတော့ ပြည်သူကို အမှန်တစ်ဝက်နဲ့ ကောင်းနိုးနိုးပြောပြီးမှ အဆိုးတွေ ရင်စည်းခံပေတော့ဆိုတဲ့ အဖြစ်မျိုးဆိုရင်တော့ အာဏာရှင်အစိုးရမျိုးဖြစ်သွားမှာပါ။ နိုင်ငံရေးရွေးချယ်မှုလုပ်တော့မယ်ဆိုရင်တော့ ပြည်သူအားလုံး ပါဝင်ဆုံးဖြတ်ဖို့လိုပါတယ်။ အနည်းဆုံး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ နေထိုင်ကြတဲ့ ခြောက်သန်းသော ပြည်သူတွေ အမြင်ဖွင့်၊ အသိတရားကြွယ်စေပြီးမှ ကိုယ်ပိုင်အသိနဲ့ ပူးပေါင်းဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်ကို ဖော်ထုတ်ရမှာဖြစ်တယ်။

ဒါကြောင့် စာရေးသူတို့လို ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေ မြစ်ဆုံကို ကြိုက်ခြင်း၊ မကြိုက်ချင်းထက် စီမံကိန်းကို ကောင်းကျိုးချမ်းသာများမှ ဆောင်ရွက်မယ်ဆိုတဲ့မူကို နှစ်ဦးသဘောတူ ချမှတ်ဆောင်ရွက်ဖို့ လိုလာပါလိမ့်မယ်။ တရုတ်ကုမ္ပဏီဘက်ကလည်း လက်မခံနိုင်စရာအကြောင်းမရှိဘူးထင်ပါတယ်။ ဒီမူအပေါ် အခြေခံပြီး တရုတ်ကုမ္ပဏီတွေက မြစ်ဆုံစီမံကိန်းဟာ ကောင်းကျိုးများကြောင်း ပြည်သူကို သက်သေပြရပါမယ်။ ဒီနေရာမှာ ကောင်းကျိုးလို့ဆိုရင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး (Sustainable Development) နည်းလမ်းကို နှစ်နိုင်ငံလုံးက လက်ခံထားတာမို့ စီးပွားရေးအရ တွက်ခြေကိုက်မှု (economically viable)၊ ပတ်ဝန်းကျင်အရ တည်တံ့တည်ငြိမ်မှု (ecologically stable)၊ လူမှုရေးအရလက်ခံနိုင်မှု (socio-culturally acceptable) ဆိုတဲ့ အချက်တွေကို ဆန်းစစ်ရပါမယ်။

စာရေးသူ ရေးခဲ့ဖူးတဲ့ မြစ်ဆုံမေးခွန်း ၂၀ ဆိုတာ ဒီအချက်တွေကို အခြေခံပြီး မေးခွန်းထုတ်ခဲ့တာပါ။ ပထမဆုံး စီးပွားရေးတွက်ခြေကိုက်မှုကို ဆန်းစစ်ရင် တရုတ်ကုမ္ပဏီအနေနဲ့ ၂၀၁၄ ခုနှစ်က Said Business School, University of Oxford ကဆောင်ရွက်ခဲ့တဲ့ ကမ္ဘာ့ဆည်ကြီး ၂၄၀ ကျော်ရဲ့စီးပွားရေးတွက်ခြေကိုက်မှု ဆန်းစစ်မှုရဲ့ တွေ့ရှိမှုကို အရင်ဖြေရှင်းရမှာ ဖြစ်ပါတယ်။ (http://www.sbs.ox.ac.uk|school/news/press-office/press-releases/large-hydro-electric-dams-unviable-and-seriously-damaging-emerging-economie) ဆောက်လုပ်ချိန်ပိုမိုကြာမြင့်မှုရယ်၊ ခန့်မှန်းကုန်ကျစရိတ်တွေ တွက်ထားတာထက် ပိုကုန်တာတွေရယ်ကြောင့် ဆည်ကြီးတိုင်းဟာ မှန်းထားတာထက် နှမ်းထွက်မကိုက်ပါဆိုတာ ဒီလေ့လာမှုမှာ ထောက်ပြထားပါတယ်။ ဟူဗားဆည်ကြီးကိုဆောက်ခဲ့တဲ့ အမေရိကန်နိုင်ငံလိုမျိုး စီးပွားရေးဆုံးရှုံးနိုင်မှုမှာ မထောင်းသာပေမယ့် မြန်မာနိုင်ငံလို ငွေကြေးမပြည့်စုံ၊ စီမံခန့်ခွဲမှုအားနည်းတဲ့နိုင်ငံတွေမှာဆိုရင် ဒီလို စီးပွားရေးဆုံးရှုံးနိုင်မှုဟာ အလွန်မြင့်မားပြီး နှစ်ပေါင်းများစွာ နိုင်ငံ့စီးပွားရေးကို အကျပ်အတည်းဖြစ်စေမယ်လို့တောင် တွက်ချက်ပြထားပါသေးတယ်။ စီးပွားရေးမှ တွက်ခြေမကိုက်ရင်တော့ ပတ်ဝန်းကျင်မပျက်စီးအောင် အကုန်အကျခံလုပ်ပါမယ်ဆိုတာ ပုံပြောတာပဲဖြစ်မှာပါ။

မြစ်ဆုံဆည်ဆောက်လုပ်ချင်သူများဘက်က ထွက်လာတဲ့ အသံတွေကို နားထောင်ရရင် မူအမျိုးမျိုး ကွဲတာတွေ့ရပါတယ်။ ကချင်လူမျိုးတွေ မကြိုက်နှစ်သက်လို့ တန်ဖဲ့ရွှာ မြစ်ဆုံမှာတော့ ဆည်မဆောက်ဘူး၊ ကျန်တဲ့ မြစ်လက်တက်မှာ အဆိုပြုထားတဲ့ ဆည်ခြောက်ခုကိုပဲ ဆောက်မယ်ဆိုတာမျိုး ပြောသလို မြစ်ဆုံကတော့ မဖြစ်မနေဆောက်မှ စီမံကိန်းအကျိုးရှိမယ်လို့ပြောတာမျိုးလည်း တွေ့ရပါတယ်။

နောက်ပိုင်းထွက်လာတဲ့ အသံကတော့ ဆည်မဆောက်တော့ဘဲ အခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နည်းနဲ့ ထုတ်ယူမယ်လို့ ပြောလာတာမျိုးလည်း ကြားနေရပါတယ်။ စီမံကိန်းရပ်တန့်လိုက်ရလို့ ကုန်ကျစရိတ်ပိုမိုသွားတာဖြစ်လို့ ယခင်ပုံစံထုတ်ထားတာထက် ဒီဇိုင်းပြောင်းပြီး လျှပ်စစ်လျှော့ထုတ်ဖို့ဆိုတာ ဖြစ်နိုင်မယ်မထင်ပါဘူး။ သို့သော်လည်း နည်းပညာတွေက အမြဲလိုဆန်းသစ်နေတာမို့ ဆည်မပိတ်ဘဲ တစ်နည်းနည်းနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မယ်ဆိုတာ မဖြစ်နိုင်ဘူးလို့လည်း တရားသေမဆိုလိုချင်ပါဘူး။ စီမံကိန်းဆောင်ရွက်လိုသူ ကုမ္ပဏီတွေကသာ လုံ့လစိုက်ထုတ် လေ့လာစူးစမ်းလက်ခံနိုင်အောင် တင်ပြဖို့ လိုပါလိမ့်မယ်။ ဒီနေရာမှာ ရင်းနှီးမြှုပ်နှံသူကုမ္ပဏီတွေက ပြည်သူအများ နားလည်မှု ရှုပ်ထွေးစေမယ့် နည်းဗျူဟာကို အသုံးပြုလာနိုင်တယ်ဆိုတာ အသိရှိဖို့ပါပဲ။ အထက်မှာ ဆိုခဲ့သလို ဆည်ဆောက်ခြင်းကို အလိုရှိတဲ့ အနောက်နိုင်ငံသားပညာရှင်၊ အဖွဲ့အစည်းတွေရဲ့ အားကိုရယူပြီး ဆည်ကောင်းကြောင်း ဆွယ်တရားဟောတဲ့အခါ မြန်မာပြည်သူများ ထုံးစံအတိုင်း နှစ်ခြမ်းကွဲကြမယ့်အရေးပါပဲ။

နိုင်ငံရေးသမားများပါ နဝေတိမ်တောင်ဖြစ်ရင်တော့ စီမံကိန်းဆက်လက်လုပ်ဆောင်ရန်ဆိုတဲ့ နိုင်ငံရေးရွေးချယ်မှုကို ဦးတည်သွားမယ်လို့ ခန့်မှန်းပါတယ်။ သို့သော် သမိုင်းအစဉ်အဆက်အလေးထားခဲ့ကြတဲ့ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ အချုပ်အခြာအာဏာပိုင်စိုးရေးဆိုတဲ့ အချက်ကိုပါ ထည့်သွင်းစဉ်းစားရင်တော့လည်း တစ်မျိုးဖြစ်ပါလိမ့်မယ်။ အလျော်အစားကြီးတဲ့ မရေရာမှုတွေကြားမှာ အခြား လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု နည်းလမ်းတွေရှိလျှက်ကနေ သူများလက် "ဝ" ကွက်အပ်လို့ အမျိုးသားမြစ်စေတိုင်းနုရမယ့်အဖြစ် အရောက်မခံပါဘူးလို့ ယုံကြည်မျှော်လင့်ပါတယ်။

စီးပွားရေးတွက်ခြေကိုက်မှုနဲ့ ဆက်စပ်စဉ်းစားရင် အကျိုးအမြတ်ခွဲဝေမှုဟာလည်း အခရာကျပါတယ်။ ဖြစ်ထွန်းတဲ့ အကျိုးစီးပွား ဘယ်လိုခွဲဝေကြမှာလဲပေါ့။ လက်ရှိအသံထွက်လာတာတွေကတော့ အရင်တုန်းကလို ထွက်သမျှလျှပ်စစ် ၉၀ ရာခိုင်နှုန်းကို တရုတ်ပြည် ယူမသွားတော့ပါဘူး။ မြန်မာပြည် ကြိုက်သလောက်သုံးပါ၊ မသုံးနိုင်မှ ပိုလျှံတာ အိမ်နီးနားချင်း နိုင်ငံတွေ အိန္ဒိယ၊ တရုတ် အစရှိသဖြင့် အဆင်ပြေသလိုရောင်းပါမယ်ပေါ့။ တစ်ယူနစ်ကလဲ ကျပ် ၃၀ နဲ့ရောင်းမှာဆိုတော့ အရမ်းအရမ်းကို ဈေးသက်သာတာမို့ မြန်မာပြည်က လျှပ်စစ်လည်းသုံးရ၊ စီမံကိန်းအမြတ်အစွန်းခွဲဝေမှုအရလည်း ငွေကြေးတွေရလို့ မြန်မာအကျိုးစီးပွားက သာပါတယ်လို့ ဆိုလာပါတယ်။

စာရေးသူက အဲ့ဒီလောက်အပြောကောင်းလွန်းတော့လည်း ဟုတ်ပါ့မလားလို့ သံသယဝင်မိကြောင်း ဝန်ခံပါတယ်။ ဘာတွေ မြှုပ်ကွက်ရှိသလဲတော့မသိ၊ အဲ့ဒီပုံစံနဲ့ဆိုရင် စီးပွားရေးတွက်ခြေကိုက်မှု ရှိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ စီးပွားရေး အမြတ်မရှိရင် မစားရဝခမန်းပြောထားတဲ့ ဝင်ငွေခွန်တို့၊ အကျိုးအမြတ် အချိုးကျခွဲဝေမှုရရှိတာတို့ကကော ဖြစ်နိုင်ခြေရှိပါ့မလား သံသယဝင်မိတယ်။ ရွှေလီမြစ်ပေါ်မှာ တရုတ်တည်ဆောက်ထားတဲ့ ဆည်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ပြန်ဝယ်တဲ့အခါ ဘယ်လောက်ပေးရသလဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ရင်းနှီးမြှုပ်နှံမှု ပြုသူတွေက တစ်ယူနစ်ကို ကျပ် ၁၀၀ ကျော် အရင်းရှိတယ်လို့ဆိုနေချိန်မှာ မြစ်ဆုံကထုတ်လုပ်တဲ့လျှပ်စစ်ဓာတ်အားကို ပေးရတဲ့နှုန်းက တစ်ယူနစ် ကျပ် ၃၀ ဆိုတော့ နားမလည်နိုင်ဘူးဖြစ်ရတာ အမှန်ပါ။ နောက်တစ်ခုကလည်း မဟာဓာတ်အားလိုင်း မြစ်ဆုံအထိ ဆောက်လုပ်သွယ်တန်းနိုင်ဖို့ ရင်းနှီးမြှုပ်နှံမှု မြန်မာနိုင်ငံ မပြုနိုင်တာကို အကြောင်းပြုလို့ ကြားကောင်းအောင် မသုံးနိုင်တဲ့အတွက် ရောင်းရပါတယ်ဆိုတဲ့ လှည့်ကွက်ကို သုံးတာလားပေါ့။

လာအိုနိုင်ငံမှာ ဆည်ဆောက်ပြီးတဲ့အခါ အချိုးကျရတဲ့ လျှပ်စစ်ဓာတ်အားကိုတောင် ပိုက်ဆံမရှိလို့ ဓာတ်အားလိုင်း မသွယ်တန်းနိုင်ဘဲ ဒီအတိုင်းထားထားတဲ့အဖြစ်မျိုးတွေ ရှိနေတော့ ဒီအချက်ကိုလည်း ထည့်သွင်းစဉ်းစားရမယ်ထင်ပါတယ်။ မကြာသေးခင်က မုန်ချောင်းဆည်ရှိတဲ့ စေတုတ္တရာမြို့နယ်ထဲက ကျေးရွာတွေရောက်ပါတယ်။ ဆည်က လျှပ်စစ်ဓာတ်အား အရှုံးခံ ရွာအရောက်ပို့ပေးတာတောင် ဆင်းရဲတဲ့အိမ်တွေက ရွာတွင်းမီးတိုင်ဖိုးကျသင့်ငွေကျပ် လေးသိန်းခွဲမသွင်းနိုင်သေးလို ဖောင်စီးရင်းရေငတ်တဲ့ဘဝတွေတွေ့ခဲ့ရပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး (electricity generation) နဲ့ လျှပ်စစ်ဓာတ်အားအလှမ်းမီရေး (access to electricity) ကို မကွဲပြားဘဲ ရောချနေကြတော့ မစားရ အညော်ခံဘဝက မတက်မယ့် အဖြစ်ကို မတွက်ဆနိုင်ဘူးဖြစ်နေတာလို့ ဆိုချင်ပါတယ်။

စီးပွားရေးတွက်ခြေကိုက်မှုကို ဆန်းစစ်ပြီးတဲ့အခါမှာ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနဲ့ ရေရှည်တည်တံ့ခိုင်မြဲမှုကို လေ့လာသုံးသပ်ရမှာဖြစ်တယ်။ ဆည်ကြောင့် (က) ငလျင်ဖြစ်ပွားနိုင်မှု များပြားလာခြင်း၊ (ခ) မိုးများကာလများမှာ ပြီးခဲ့တဲ့မိုးတွင်းက ကြုံတွေ့ရသလို ရေကြီး၊ ရေလျှံမှုပိုမို ဆတက်တိုး ဆိုးရွားစေခြင်း၊ (ဂ) ပုံမှန်နှစ်များမှာ မိုးတွင်းကာလ ရေစီးရေလာယခင်ကထက် နည်းသွားသောကြောင့် မြစ်အောက်ပိုင်း မြစ်ချောင်း၊ အင်းအိုင်၊ ရေလွှမ်းလွင်ပြင်များ၊ မြေပေါ်မြေအောက်ရေအရင်းအမြစ်များ ဆုံးရှုံးရခြင်း၊ ရေရှားပါးမှု ဖြစ်ပွားစေခြင်း၊ (ဃ) ရေလမ်းကြောင်းပြောင်းလို့ ကမ်းပါးပြို ရေတိုက်စားမှု ဆိုးရွားစေခြင်း၊ (င) ရေမော်အမှိုက်သရိုက်များကြောင့် ရေညစ်ညမ်းစေခြင်း၊ ကူးစက်ရောဂါများပြန့်ပွားစေခြင်း၊ (စ)ကမ္ဘာကြီးပိုမိုပူနွေးစေသော ဖန်လုံအာနိသင်ဓာတ်ငွေ့များ ပိုမိုထွက်ရှိနိုင်စေခြင်း၊ (ဆ) မြစ်အောက်ပိုင်းနှင့် မြစ်ဝကျွန်းပေါ် ဒေသနုန်းပို့ချမှုနည်းပါးသွားခြင်း သို့မဟုတ် ပို့ချမှုပုံစံပြောင်းသွားခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများထိခိုက်ခြင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးထိခိုက်ခြင်း၊ (ဇ) နွေရာသီရေပိုလွှတ်၍ ပင်လယ်မှ ဆားငန်ရေ ဝင်ရောက်မှုကို ဟန့်တားမည်ဆိုသော်လည်း မိုးခေါင်လို့ရေနည်းသွားသည့်နှစ်များ သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ငဲ့ကွက်၍ တွက်ချက်သည့်အတိုင်း ရေမလွှတ်ပါက အခြားနိုင်ငံတကာ ဆည်ကြီးများတွင်တွေ့နေရသည့်အတိုင်း မြစ်ဝကျွန်းပေါ်ဒေသရေငန်ဝင်ရောက်မှု ဆိုးရွားလာခြင်း၊ (ဈ) မြန်မာပြည်မြောက်ပိုင်းကျန်ရှိနေသော သစ်တောများ၊ပတ်ဝန်းကျင်ဂေဟစနစ်များ၊ ဇီဝအသိုက်အမြုံများ အစိတ်စိတ်အပိုင်းပိုင်း ဦးခေါင်းဓားနှင့်မွှန်းသလို ပြတ်တောက်ဖျက်ဆီးခံရခြင်း၊ (ည) မေခ၊ မလိခရေပူနှင့် ရေအေးဆုံတွေ့ရာမှတစ်ဆင့် ဖြစ်ပေါ်လာသော ရေချိုနေသဘာဝပေါက်ပင်များနှင့် ရေနေသတ္တဝါများ၏ ထူးခြားသော ဂေဟစနစ်များ ပျောက်ဆုံးသွားပြီး ရေချိုငါးလုပ်ငန်း တစ်ခုလုံးထိခိုက်ခြင်း၊ ကျေးလက်နေပြည်သူများ၏ အာဟာရကြွယ်ဝမှုကို လျော့ပါးစေခြင်း၊ မြို့ပြနေပြည်သူများ၏ သားငါးကုန်ဈေးနှုန်းကို ကမောက်ကမ ဖြစ်စေခြင်း ----- အစရှိသဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်မှုများကို သေချာစွာ ဆန်းစစ်လေ့လာရမှာဖြစ်တယ်။ ။ တရုတ်ကုမ္ပဏီအနေနဲ့ Environmental and Social Impact Assessment (ESIA)ကို ဆောင်ရွက်ခဲ့သော်လည်း ဆည်အထက်ပိုင်းဒေသအတွက်သာဖြစ်ပြီး မြစ်အောက်ပိုင်းနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများအတွက် အချက်အလက်များကောက်ယူလေ့လာသုံးသပ်နိုင်ခြင်းမရှိသေးပေ။ ကောက်ယူရရှိပြီးသော ESIA မှာလည်း အငြင်းပွားဖွယ်ဖြစ်နေပြီး အထက်ပါပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ပြီးပြည့်စုံအောင်ကောက်ယူမည်ဆိုပါက ဆယ်စုနှစ်တစ်ခုမက ကြာမြင့်သွားမှာဖြစ်ပါတယ်။ ကောက်ယူတဲ့ အချက်အလက်များကို လက်ခံနိုင်၊ မနိုင် ဆန်းစစ်ရာတွင်လည်း ကမ္ဘာတစ်ဝန်းလက်ခံကျင့်သုံးတဲ့ Precautionary Principle ကြိုတင်သတိပြုကာကွယ်အာမခံပေးတဲ့ ရှုထောင့်မှနေ၍ သုံးသပ်လက်ခံသွားဖို့ဖြစ်ပါတယ်။ ကြိုတင်သတိပြုကာကွယ်တဲ့မူကို ရှင်းရသော်

"Precautionary Principle states that, before you undertake an action, if you have reasonable suspicion that harm may result from it, and if there is scientific uncertainty about it, then you have a duty to act to prevent harm". This could be done by shifting the burden of proof of safety onto those people whose activities raised the suspicion of harm in the first place and by evaluating the available alternatives to find the least harmful way to carry out the activities, using decision making process that is open, informed, and democratic and that includes the people who would be affected by the decision. (Ruth Rosen, "Better Safe Than Sorry: SF Precautionary Principle Ordinance," San Francisco Chronicle, June 19, 2003, and UNESCO: The Precautionary Principle March 2005) ဟု

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**

# ယူနီတီဂျာနယ်မှ သတင်းသမား ငါးဦး ပခုက္ကူအကျဉ်းထောင်မှ လွတ်မြောက်

**ပခုက္ကူ မေ ၁၇**

၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းကာလတွင် ပြည်သူလူထုစိတ်နှလုံးချမ်းမြေ့ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ရည်ရွယ်လျက် နိုင်ငံတော်သမ္မတရုံးမှ မေ ၁၆ ရက်တွင် အမိန့်ထုတ်ပြန်ကာ နိုင်ငံရေးအကျဉ်းသားများအား မေ ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က စတင်လွှတ်ပေးခဲ့ကြောင်းသိရသည်။

ပေါက်မြို့နယ်ရှိ ကာကွယ်ရေးပစ္စည်းစက်ရုံ သတင်းရေးသားမှုနှင့်ပတ်သက်၍ ပခုက္ကူခရိုင်တရားရုံးက မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် ယူနီတီဂျာနယ်မှ အမှုဆောင်အရာရှိဦးတင့်ဆန်းနှင့်အတူ အကြီးတန်းသတင်းထောက်သဲရာဇာဦး၊ အကြီးတန်းသတင်းထောက် ပိုင်သက်ကျော်၊ အငယ်တန်းသတင်းထောက် လူမော်နိုင်နှင့် အလုပ်သင်သတင်းထောက် စည်သူစိုးတို့အား ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခြင်းခံခဲ့ရသည်။

ပခုက္ကူအကျဉ်းထောင်မှ လွတ်မြောက်လာသူ ဦးတင့်ဆန်းက အစိုးရသစ်တက်လာပြီဟု ဆိုသော်လည်း မိမိတို့အနေဖြင့် သတင်းလွတ်လပ်ခွင့် ဆက်လက်ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ယူနီတီဂျာနယ်ကိုလည်း ပြန်လည်ထုတ်ဝေနိုင်ရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် မိမိတို့သတင်းသမားအနေဖြင့် သတင်းလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်ကြစေလိုကြောင်း၊ ပြောင်းလဲမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းပြောကြားခဲ့ပြီး ပခုက္ကူမြို့လူထုနှင့် ပခုက္ကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ကူညီစောင့်ရှောက်ခဲ့သူအားလုံးကို ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**




# မုံရွာအကျဉ်းထောင်မှ စာရေးဆရာထင်လင်းဦး လွတ်ငြိမ်းချမ်းသာခွင့်ရ

**မုံရွာ မေ ၁၇**

"ဒီသကြ်န်ရက်အတွင်း ထောင်ထဲမှာ ရုပ်မြင်သံကြားကြည့်ရတဲ့အခါ လွန်ခဲ့တဲ့ဧပြီလရဲ့ ဟိုဘက်တုန်းကမြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ဘာမှမဆိုင်သလို အနေအထားတွေကို မြင်လာရပါတယ်"ဟု နှစ်ဆန်းတစ်ရက်က မုံရွာအကျဉ်းထောင်မှ လွတ်မြောက်လာသော စာရေးဆရာထင်လင်းဦးက ပြောကြားသည်။

စာရေးဆရာ ထင်လင်းဦးအား ဘာသာသာသနာညှိုးနွမ်းစေမှု ပုဒ်မ (၂၉၅-က)ဖြင့် ၂၀၁၅ခုနှစ် ဇွန် ၂ ရက်တွင် ချောင်းဦးမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ယနေ့နှစ်ဆန်း ၁ ရက်(မေ၁၇ ရက်)တွင် လွတ်ငြိမ်းချမ်းသာခွင့်အရ မုံရွာအကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာတွင်၂၀၁၄ ခုနှစ် အောက်တိုဘာ၂၃ ရက်က ဆရာတော်ဦးဝိစာရ မွေးနေ့အထိမ်းအမှတ်စာပေဟောပြောပွဲတွင် "မထူးတော့တဲ့စိတ်နဲ့ မထူးတော့တဲ့ဘဝ" ခေါင်းစဉ်ဖြင့် စာပေဟောပြောချက်များ၌ သာသနာကိုညှိုးနွမ်းစေသည့် အသုံးအနှုန်းများ ပါဝင်သည်ဟုဆိုကာ ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက တရားလိုပြုလုပ်ကာ တရားစွဲဆိုခဲ့သည့်အမှုဖြစ်သည်။



ပြန်လည်လွတ်မြောက်လာသော စာရေးဆရာထင်လင်းဦးက "ဘယ်လိုပြစ်မှုနဲ့စွဲစွဲ၊ ဘယ်လိုပုဒ်မနဲ့စွဲစွဲ ပြစ်မှုနဲ့ထောင်ကျတဲ့သူမှမဟုတ်ဘူး။ ဒီမိုကရေစီအစိုးရရဲ့လက်ထက်မှာ လွတ်လပ်စွာပြောဆိုခွင့်အာမခံပေးလိမ့်မယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့အကျဉ်းသားတွေ လွှတ်ပေးလိမ့်ဦးမယ်။ ကျန်နေသေးတာရှိနေသေးရင် လွှတ်ပေးလိမ့်မယ်ဆိုတာ ယုံကြည်တယ်။ အစိုးရသစ်အနေနဲ့ အချိန်တိုအတွင်း လုပ်သင့်လုပ်ထိုက်တာ ဆောင်ရွက်နိုင်ခဲ့လို့ ချီးကျူးပါတယ်။ အစိုးရအဖွဲ့ဖွဲ့စည်းသွားတာတွေ၊ ရက်တစ်ရာ စီမံချက်ရေးဆွဲသွားတာတွေ အလွန်ကောင်းပါတယ်" ဟုပြောသည်။

ဆရာထင်လင်းဦးသည် ထောင်ဒဏ်နှစ်နှစ် ကျခံမှုမှ ထောင်ဒဏ် သုံးလနှင့် ၁၈ ရက်ကို လျှော့ပေါ့ပြီး ယနေ့မြန်မာ နှစ်ဆန်း၁ ရက်နေ့တွင် မင်္ဂလာရှိစွာဖြင့် အစိုးရသစ်သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းဖြစ်သည်။ **(မျိုးဝင်းထွန်း-မုံရွာ)**

**❒ကျောဖုံးမှ**

နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများကို ပြစ်မှုမှ ရုပ်သိမ်း၍ လွတ်ငြိမ်းခွင့်ပြုခဲ့ရာ စုစုပေါင်း ၁၉၉ ဦး လွတ်ငြိမ်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင် အသီးသီးမှ ယနေ့ လွတ်မြောက်လာသည့် အကျဉ်းသားများသည် အစိုးရသစ်လက်ထက်တွင် ဒုတိယအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်အဖြစ် လွတ်မြောက်လာခြင်းဖြစ်ပြီး နိုင်ငံတော်သမ္မတက နှစ်သစ်ကူးအခါသမယတွင် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်သူလူထုနှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေရေးတို့ကို ဦးတည်သောအားဖြင့် အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ၈၃ ဦးကို မေ ၁၇ ရက် (မြန်မာနှစ်ဆန်း၁ ရက်)တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"အထဲမှာကျွန်တော်တို့ ရဲဘော်တွေအများကြီးကျန်ခဲ့တဲ့အတွက် အများကြီးစိတ်မကောင်းပါဘူး။ အထဲမှာကျန်ခဲ့တဲ့သူတွေကိုလည်း အမြန်ဆုံးလွတ်မြောက်စေချင်တယ်။ အခုလိုနှစ်ဆန်း ၁ ရက်နေ့မှာ မြန်မာနိုင်ငံဒီမိုကရေစီအတွက် ဘဝတွေ၊ အချိန်တွေ စတေးခံခဲ့ရသူတွေကို အခုလိုပြန်လည်လွတ်မြောက်ခွင့်ပေးခဲ့တဲ့အတွက် အစိုးရသစ်ကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့လိုပဲ မြန်မာနိုင်ငံနဲ့ ဝေးကွာနေတဲ့ မြန်မာနိုင်ငံသားတွေ ပြည်ပမှာ အများကြီးရှိပါသေးတယ်။ သူတို့ပြန်လာခွင့်ရအောင် အထွေထွေလွတ်ငြိမ်းခွင့်ရအောင် ကျွန်တော်ဒီနေရာကနေတောင်းဆိုချင်ပါတယ်"ဟု ယနေ့နံနက်ပိုင်းတွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူ ကိုတင်ထွဋ်ပိုင်က ဆိုသည်။

ယနေ့အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူတို့တွင် ရန်ကုန်မြို့ရှိ တရုတ်သံရုံးရှေ့၌ လက်ပံတောင်းတောင် ဒေါ်ခင်ဝင်းသေဆုံးမှုအတွက် ဆန္ဒထုတ်ဖော်သူများ၊ ရွှေပြည်သာ အလုပ်သမားအရေးတွင် ပါဝင်ခဲ့သူများ အပါအဝင် ၁၆ ဦး လွတ်မြောက်ခဲ့ရာ ယင်းတို့အနက် ပထမအကြိမ် လွတ်ငြိမ်းခွင့်တွင် ပါဝင်လိမ့်မည်ဟု နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့က မျှော်လင့်ခဲ့သည့် ကိုနေမျိုးဇင်၊ ကိုထင်ကျော်၊ ဒေါ်နော်အုန်းလှနှင့် ကိုတင်ထွဋ်ပိုင်တို့ ပါဝင်လာပြီး လွတ်မြောက်လာသူတို့ကို အဆိုပါအကျဉ်းထောင်မျက်နှာစာရှေ့တွင် ဒေါင်းတို့မျိုးဆက်အဖွဲ့၊ အလုပ်သမားအဖွဲ့များ၊ မြန်မာ့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတို့က ကြိုဆိုခဲ့ကြသည်။

ပြန်လည်လွတ်မြောက်မှုနှင့် ပတ်သက်၍ "လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အစိုးရသစ်ကို ကျေးဇူးတင်တယ်။ ပြည်သူ့အစိုးရသစ် ဖြစ်ပေါ်လာဖို့ ရဲဝံ့စွာဆုံးဖြတ်ခဲ့တဲ့ မင်စွန်းသော လက်သန်းအားလုံးကို ကျေးဇူးတင်တယ်။ ဒီနေ့ အခြေအနေရောက်အောင် နှစ်ပေါင်း ၅၀ လောက် ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူအားလုံးကျရာနေရာ၊ တတ်နိုင်တဲ့တော်လှန်ရေးလုပ်ငန်းတွေကို ထမ်းဆောင်ခဲ့လို့ ပေးဆပ်စွန့်လွှတ်ရင်း ကျဆုံးခဲ့ရတဲ့ ပုဂ္ဂိုလ်အပေါင်း၊ အင်းစိန်ထောင်ထဲမှာကျဆုံးခဲ့သူတွေ အပါအဝင် နိုင်ငံနေရာအနှံ့က သူရဲကောင်းတွေကို ဂုဏ်ပြုသစ္စာစကား ဆိုပါတယ်။ ရဲဘော်တို့ ပေးဆပ်စွန့်လွှတ်ခဲ့တဲ့ အာဇာနည်ခေါင်းဆောင် အပေါင်းတို့ ကြိုးစားမျှော်မှန်းခဲ့တဲ့ ပန်းတိုင်တွေ ထိရောက်အောင် ကျွန်တော်တို့အားလုံး လူထုအစိုးရရဲ့ ဦးဆောင်မှုနဲ့အတူ ရှေ့ဆက်သွားမယ်။ နောင်လာ နောက်သားတွေအတွက် စိတ်ချရတဲ့၊ ကျေနပ်ရတဲ့ နိုင်ငံရေး၊ လူမှုရေး စနစ်တစ်ရပ်နဲ့လူနေမှုပတ်ဝန်းကျင် ပေါ်ပေါက်လာတဲ့အထိ ဆက်လက်ကြိုးစားသွားပါမယ်။ ခေါင်းဆောင်ကောင်းနဲ့ အစိုးရကောင်းကို ရပါပြီ။ နောက်လိုက်ကောင်းတဲ့ နိုင်ငံသားကောင်းတွေပဲဖြစ်ဖို့ လိုပါတော့တယ်"ဟု ယနေ့ အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူ ကိုနေမျိုးဇင်က ပြောသည်။

**✱ အမျိုးသားမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဧပြီ ၇ ရက်တွင် ကြေညာချက်အမှတ်(၁/၂၀၁၆) ထုတ်ပြန်ခဲ့ပြီးနောက် ဧပြီ ၈ ရက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၄၉၄) အရ ရုပ်သိမ်းသောအမှုမှ အမျိုးသား ၁၆၁ ဦး၊ အမျိုးသမီး ၃၆ ဦးနှင့် ကလေး နှစ်ဦး စုစုပေါင်း ၁၉၉ ဦးကိုလည်း သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့ပြီး ဖြစ်သည်။

ထို့ပြင် ဧပြီ ၈ ရက်တွင် အမှုစစ်ဆေးရန် တရားရုံးက ချိန်းဆိုထားသူများအတွက် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယင်းနေ့တွင် အမှုစစ်ဆေးရန် ချိန်းဆိုထားခြင်း မရှိသူများအတွက် အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် နှစ်သစ်ကူးရုံးပိတ်ရက် ကုန်ဆုံးပြီးနောက် တရားရုံးများဖွင့်လှစ်သည့်အချိန်တွင် အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ကြေညာချက်အမှတ်(၂/၂၀၁၆)တွင် ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အကျဉ်းထောင်/စခန်းအလိုက် လွှတ်ပေးခဲ့သည့် အကျဉ်းသား/အကျဉ်းသူ (၈၃)ဦးစာရင်း**

| စဉ် | အကျဉ်းထောင်/ စခန်း အမည် | အကျဉ်းသား | | |
|---|---|---|---|---|
| | | အမျိုးသား | အမျိုးသမီး | ပေါင်း |
| ၁ | အင်းစိန် | ၁၁ | ၅ | ၁၆ |
| ၂ | ဗန်းမော် | ၁ | - | ၁ |
| ၃ | မြင်းခြံ | ၃ | - | ၃ |
| ၄ | မုံရွာ | ၁ | - | ၁ |
| ၅ | ပြည် | ၇ | - | ၇ |
| ၆ | ပခုက္ကူ | ၅ | - | ၅ |
| ၇ | မော်လမြိုင် | ၃ | - | ၃ |
| ၈ | ဇင်းကျိုက် | ၇ | - | ၇ |
| ၉ | မန္တလေး | ၄ | - | ၄ |
| ၁၀ | ထုံးဘို(၁) | - | ၂ | ၂ |
| ၁၁ | ကင်းသာ | ၁ | - | ၁ |
| ၁၂ | ဘဲလင်း(၁) | ၁ | - | ၁ |
| ၁၃ | သာယာဝတီ | ၄ | - | ၄ |
| ၁၄ | ဘုရားငါးဆူ | ၁ | - | ၁ |
| ၁၅ | ထုံးဘို(၂) | ၂ | - | ၂ |
| ၁၆ | ကင်းသာ(၁) | ၃ | - | ၃ |
| ၁၇ | ဘဲလင်း(၁) | ၁ | - | ၁ |
| ၁၈ | ကိုးပင်သာစည် | ၂ | - | ၂ |
| ၁၉ | ရွှေဘို | ၁ | - | ၁ |
| ၂၀ | ကော့သောင်း | ၁ | - | ၁ |
| ၂၁ | မြစ်ကြီးနား | ၁ | - | ၁ |
| ၂၂ | လားရှိုး | ၇ | ၁ | ၈ |
| ၂၃ | သီပေါ | ၃ | - | ၃ |
| ၂၄ | စစ်တွေ | ၄ | - | ၄ |
| ၂၅ | ညောင်ဦး | ၁ | - | ၁ |
| | **စုစုပေါင်း** | **၇၅** | **၈** | **၈၃** |

# မြန်မာနှစ်ဆန်း ၁ ရက် ရန်ကုန်မြို့ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားများပြား

သတင်း - ရီရီမြင့်၊ မြတ်စန္ဒီ
ဓာတ်ပုံ - ရဲထွဋ်

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်အခါသမယတွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၅ နာရီတွင် ရင်ပြင်တော်တောင်ဘက် ဩဇာခံတန်ဆောင်း၌ စေတီတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူကြပြီး ရေစက်ချ အမျှပေးဝေခြင်း၊ နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်ဝတ္တကမြေ အနောက်ဘက်ရှိ ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲ ကျင်းပခြင်းနှင့် နံနက် ၈ နာရီတွင် ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ (၂၆)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ဖွင့်ပွဲအခမ်းအနားတို့ကို ကျင်းပကြသည်။

ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတ ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယ စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသည့် "မုစ္စလိန္ဒာ နဂါးမျိုးနွယ်၊ နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သက်န်းသဖွယ်ကပ်လှူပူဇော်ထားအပ်သော နာဂစီဝရာပဋ္ဋပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်"ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်၊ ၂၀၁၆ ခုနှစ် ဧပြီ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များ အနေဖြင့် မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ စေတီဝင်းအတွင်းရှိ ဓမ္မကထိကဆရာတော်၊ သံဃာတော်များက နံနက် ၉ နာရီခွဲတွင် သီလပေးတရားတော်များကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လည်းကောင်း ဟောကြားချီးမြှင့်ကြပြီး စေတနာရှင်၊ အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ သီရိမင်္ဂလာကျောင်း ဗိုလ်တထောင်ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဦးသူရိယ၏ ဝိဇာတမွေးနေ့ သိမ်ထပ်အလှူတော်မင်္ဂလာကိုကျင်းပကြပြီး မေတ္တာဗျူဟာအသင်းက မေတ္တာသုတ်တရားတော် ရွတ်ဖတ်ပူဇော်ကြကာ မေတ္တာပို့ အမျှပေးဝေကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ နှစ်ဆန်း ၁ ရက် မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိက နှစ်သစ်မင်္ဂလာအခါတော်နေ့ အကြောင်းပြောကြားပြီး မင်္ဂလသုတ်အမွှန်းရွတ်ဆိုပူဇော်ခြင်း၊ မင်္ဂလသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်းပြုလုပ်ကြကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဝရဒါဌာဓါတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ ဆရာတော်များထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြခြင်း၊ ဆရာတော်များက ပရိတ်တရားတော်များချီးမြှင့်ခြင်း၊ နံနက် ၇ နာရီတွင် မာဂဓီ-သာစည် ဆရာတော်၏တပည့် ဘဒ္ဒန္တနေမိန္ဒ ဦးစီး၍ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်က ဆရာတော်၏ မူအတိုင်း နှစ်သစ်မင်္ဂလာအခါတော်နေ့ကျင်းပခြင်း၊ စေတီတော်ကြီးအား လက်ယာရစ်ပူဇော်၍ မင်္ဂလာကန်တော်တွင် ဇီဝိတဒါန ငါးလွှတ်ခြင်းများ ပြုလုပ်ကြသည်။

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ (၁၅)ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်းမင်္ဂလာအခမ်းအနားကို နံနက် ၆ နာရီတွင်စတင်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဝတ်အသင်းအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရှစ်ပါးသီလခံယူဆောက်တည်ကြခြင်း၊ မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ကြကာ အဘယဒါနအဖြစ် ငှက်အကောင် ၁၈၀၀ ကို ဘေးမဲ့လွှတ်ကြသည်။



မြန်မာနှစ်ဆန်း ၁ ရက်နေ့က ရန်ကုန်မြို့ ရွှေတိဂုံစေတီတွင် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက်အရုဏ်တက်ချိန်တွင် နှစ်သစ်ကူးဆွမ်းဦးတင် ကပ်လှူခြင်း၊ နံနက် ၁၀ နာရီခွဲတွင် စေတီတော်ဩဝါဒါစရိယ အောင်ဗိမာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစရက ရှစ်ပါးသီလနှင့် ရေစက်ချတရားတော်ကို ချီးမြှင့်ခြင်းနှင့် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကကြီးမှူး၍ (၄၃)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် (၁၃)ကြိမ်မြောက် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ပညာရည်ထူးချွန်ဆုပေးပွဲအခမ်းအနားကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ မွန်ဓမ္မာရုံ၌ကျင်းပရာ ဥက္ကဋ္ဌ နိုင်စိုးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်ပန်းတို့က ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ပြောကြားကြပြီး သက်ကြီးဘိုးဘွား ၁၆၀ တို့ကို ရှိခိုးကန်တော့ကြကာ ထူးချွန်ကျောင်းသားကျောင်းသူ ၃၁ ဦးတို့အား ဆုများချီးမြှင့်ကြသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားကျောင်းကန်များ၌ ဥပုသ်သီတင်း သီလဆောက်တည်ကြသူများ၊ ကုသိုလ်ဘာဝနာပွားများကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ကြသူများ၊ ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် လမ်းမကြီးများတစ်လျှောက်တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများ ပက်ဖျန်းခြင်း၊ ရပ်ကွက်များတွင် လမ်းများအလိုက် ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြသည်။

ယနေ့တွင် မော်တော်ယာဉ်ထိန်းသိမ်းရေး လိုင်းပေါင်းစုံကော်မတီမှ ယာဉ်လိုင်းတချို့နှင့် အငှားယာဉ်တချို့တို့က ကုသိုလ်ဖြစ် အခမဲ့စီးခွင့်ပြုကြကြောင်း သိရသည်။

# နေပြည်တော်၌ နှစ်သစ်ကူးအခါသမယတွင် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၁၇**

ယနေ့သည် ၁၃၇၇ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၁၃၇၈ ခုနှစ် မြန်မာနှစ်သစ်သို့ကူးပြောင်းသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ ယခုကဲ့သို့ နှစ်သစ်ကူးကာလတွင် နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်ပြီး နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် မင်္ဂလာရှိရှိ အစပြုလေ့ရှိခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ရိုးရာဓလေ့ပင်ဖြစ်သည်။

ထိုသို့ နှစ်သစ်မင်္ဂလာအခါသမယတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူများသည်လည်း မြန်မာတို့၏နှစ်သစ်ကူး နှစ်ဆန်း ၁ ရက်တွင် ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ပေးခြင်းနှင့် ကန်တော့ခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ကြခြင်း၊ ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားကြခြင်း၊ ကောင်းမှုကုသိုလ် အလှူဒါနပြုကြခြင်းတို့ဖြင့် ၁၃၇၈ ခုနှစ် နှစ်သစ်ကို ကုသိုလ်ကောင်းမှုများဖြင့် အစပြုကြသည်။

ကမ္ဘာသူ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ယနေ့နံနက် ၇ နာရီခွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများ ဖျန်းပက်၍ မေတ္တာပို့သကြသည်။



နေပြည်တော်ရှိ သတ္တ သတ္တာဟ စေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။(သတင်းစဉ်)

ထို့အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ ကျင်းပရာ ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို ဩဇ့်ပရိသတ်များက နာယူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော သတ္တ သတ္တာဟ စေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုဇယျဓာတ်ပေါင်းစုစေတီတော်၊ ကိုးခမ်းဘုရားကြီး၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီ၊ ရန်အောင်မြင်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့်စည်ကားနေပြီး ဇီဝိတဒါနအဖြစ် ငါးနှင့်ငှက်များကို ဘေးမဲ့လွှတ်ပေးကြသည်ကိုလည်း တွေ့ရသည်။

ထို့အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲပြုလုပ်ခဲ့ပြီး လယ်ဝေးနှင့် ပျဉ်းမနားမြို့နယ်တို့မှ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွား ၄၈ ဦးအား အလှူငွေများဖြင့် ကန်တော့ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများသို့ ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်ပြီး ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

# နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းမင်္ဂလာ ကျင်းပ

**နေပြည်တော် မေ ၁၇**

၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်(C)ဆောင်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကာရုည အမှူးပြုသော သံဃာတော်တို့ ကြွရောက်ကြသည်။

ဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကာရုညထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ယင်းနောက်ဆရာတော် သံဃာတော်များထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမှူးပြုသော ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။



အဆိုပါ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ဇီဝိတဒါနသက်လွှတ်ပွဲကို (မေ ၁၇ ရက်) မြန်မာနှစ်ဆန်း (၁)ရက်နေ့က ဗဟန်းမြို့နယ် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်ကြေးသွန်းဘုရားကြီး၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ ဇနီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ဇနီးများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဇီဝိတဒါန သက်လွှတ်ကြစဉ်။

တင်စိုး(မြန်မာ့အလင်း)

# သတ္တသတ္တာဟ မဟာဗောဓိ မင်္ဂလာရေကန်တော်အတွင်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော သတ္တသတ္တာဟ မဟာဗောဓိစေတီတော်အနီးရှိ သတ္တသတ္တာဟမဟာဗောဓိ မင်္ဂလာရေကန်တော်အတွင်း၌ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှစ်ဆန်း(၁)ရက် (မေ ၁၇ ရက်) နံနက် ၇ နာရီတွင် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် ဇနီး ဒေါ်ခင်စောမူတို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ ဗိုလ်မှူးကြီးမင်းနောင်နှင့်ဇနီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးမြင့်အောင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီမှ အကြီးအကဲများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်နှင့် ဇနီးတို့က ရေသတ္တဝါငါးမျိုးစုံအား ရွှေရည်၊ ငွေရည်များ ပက်ဖျန်းပေးပြီး သတ္တသတ္တာဟ မဟာဗောဓိ မင်္ဂလာရေကန်တော်အတွင်းသို့ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါနကုသိုလ်မင်္ဂလာများပြုလုပ်၍ ငါးများအား ကုသိုလ်ပြု၍ ဘေးမဲ့လွှတ်ပေးခဲ့သည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝတ်အသင်းအဖွဲ့များမှ ရွှေဝါငါးကြင်းကောင်ရေ ၂၅၀၀၀ နှင့် ငါးမြစ်ချင်းကောင်ရေ ၁၅၀၀ စုစုပေါင်း ငါးကောင်ရေ ၂၆၅၀၀ တို့ကို ဇီဝိတဒါနအဖြစ် တပျော်တပါး စုပေါင်း၍ ငါးများကို ဘေးမဲ့လွှတ်ပေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးအား လှည့်လည်ကြည့်ညို ဖူးမြော်ကြသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက နေပြည်တော်ကောင်စီရုံးတွင် ဆရာတော်၊ သံဃာတော်များကို ပင့်ဖိတ်၍ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**






မြန်မာနှစ်ဆန်း(၁)ရက်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘွားများအား ခေါင်းလျှော်ခြင်း၊ လက်သည်း ခြေသည်း ညှပ်ပေးခြင်းများဖြင့် ကုသိုလ်ဒါနပြုကြစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)

# ရေလှောင်ကန်အတွင်း အန္တရာယ်ကင်းပရိတ်ရေသွန်းလောင်း

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့နေပြည်သူများ နှစ်သစ်ကူးကာလအတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဘေးအန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် ပရိတ်ရေသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို မြန်မာနှစ်ဆန်း ၁ ရက်(မေ ၁၇ ရက်) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမနှင့် မရမ်းကုန်းမြို့နယ် ရေကူးရေတွန်းစက်ရုံတို့၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ချောက်မြို့ ဆင်ဖြူကျွန်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ အမှူးပြုသော ပင့်လျှောက်ထားသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီး ဒေါ်ခင်မြမြအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။




ထို့နောက် ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် ကမ္မဝါစာများရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်အရှင်သူမြတ်များသည် မရမ်းကုန်းမြို့နယ် ရေကူးရေတွန်းစက်ရုံသို့ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့နေပြည်သူများအား နေ့စဉ်ဖြန့်ဝေလျက်ရှိသော ရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများသွန်းလောင်းမှုနှင့်အတူ ရန်ကုန်မြို့တော်ဝန်ဇနီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစုများကလည်း ရန်ကုန်မြို့တော်နေ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရန် ပရိတ်ရေများသွန်းလောင်းပေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ကျော်စိုး**
**ဓာတ်ပုံ-စောသိန်းဝင်း**

# စာပေဟောပြောပွဲကျင်းပမည်

**နေပြည်တော် မေ ၁၇**

အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း (နေပြည်တော်)နှင့် ခန/ဗလ သိဒ္ဓိရပ်ကွက်အတွင်း စာပေမြတ်နိုးသူများပေါင်းစည်း၍ ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို မေ ၂၄ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲသို့ စာရေးဆရာကြီးများဖြစ်သည့် လယ်တွင်းသား စောချစ်၊ မနုဿကျော်ဝင်း၊မောင်ငြိမ်းသူ(ကြို့ပင်ကောက်)နှင့် ဆရာမကြီး သန်းမြင့်အောင်တို့က မှတ်သားဖွယ်ရာအဖြာဖြာ၊ ဗဟုသုတ၊ လိမ္မာယဉ်ကျေး ရသပေါင်းမြောက်မြားစွာတို့ဖြင့် ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အောင်ပန်းမြိုင်လူမှုကူညီရေးအသင်းနဲ့ ရပ်ကွက်အတွင်း စာပေမြတ်နိုးသူများ စုပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲတစ်ခုလုပ်ချင်ကြောင်းကို သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ဆရာတော်နဲ့ တိုင်ပင်ပြီး ဆရာတော်ကလည်းအားပေးကူညီတာကြောင့် ဒီစာပေဟောပြောပွဲလေးပြုလုပ်ဖို့ အထမြောက်သွားတာပါ။ အောင်ပန်းမြိုင်လူမှုကူညီရေးအသင်းအနေနဲ့ လူမှုကူညီရေးလုပ်ငန်းတွေက နေ့စဉ်လိုလိုရှိတယ်။ ဒီရပ်ကွက်တင်မဟုတ်ပါဘူး။ လက်လှမ်းမီသလောက်က အကူအညီတောင်းရင်လည်း တတ်နိုင်သလောက်ကြိုးစားပြီး ကူညီဆောင်ရွက်ပေးနေပါတယ်။ တစ်ခါတလေဆေးရုံကလူနာက အရေးပေါ်သွေးလိုအပ်လို့ရှိရင် ချက်ချင်းလိုအပ်တဲ့ သွေးအမျိုးအစားကို ရှာဖွေပြီး လှူဒါန်းနိုင်တယ်။ ဒါ့အပြင် ခုတင်(၁၀၀၀) ဆေးရုံကြီးမှာ သွားရောက်ပြီး စုပေါင်းသွေးလှူဒါန်းခြင်း၊ ဆင်းရဲနွမ်းပါးသူများ နာရေးဖြစ်ပေါ်ပါက အခမဲ့နာရေးကူညီခြင်းများကိုလည်း ဆောင်ရွက်ပေးနေတယ်။ ဒါတွေတင်မကပါဘူး။ ဆရာတော်ကြီး ဦးဆောင်မှုနဲ့ သဘာဝဘေးများဖြစ်တဲ့ ရေဘေး၊ မီးဘေး၊ လေဘေးသင့်ဒေသ ပြည်သူတွေကိုလည်း အခါအားလျော်စွာ သွားရောက်ကူညီလှူဒါန်းတဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

ခုစာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲလုပ်ဖို့ကိုလည်း ဆရာတော်ကြီးက တက်တက်ကြွကြွနဲ့ လုပ်ကိုင်ဆောင်ရွက်ပေးလို့ စီစဉ်ဖြစ်သွားတာပါ"ဟု ကဗျာဆရာဖိုလေးလုံးသောင်းကိုကိုက ပြောသည်။ စာပေဟောပြောပွဲကို သွားရောက်မယ့်သူတွေကိုလည်း ရပ်ကွက်က ညနေ ၅ နာရီကစပြီး ကားအကြိုအပို့ စီစဉ်ဆောင်ရွက်ထားကြောင်းကိုလည်း ၎င်းကပြောသည်။

**သန်းဦး(လေးမျက်နှာ)**

❖ စာမျက်နှာ ၇ မှ

ဆိုထားတာမို့ စီမံကိန်းကြောင့် ဘေးအန္တရာယ်ကျရောက်နိုင်မယ့်ကိစ္စမျိုးမှာ သိရှိပြီးသား သိပ္ပံနည်းကျသေချာပြည့်စုံစွာ အခိုင်အမာ မရှင်းလင်းနိုင်ပါက စီမံကိန်းအကောင်ထည်ဖော်သူက ဘေးအန္တရာယ်မကျရောက်နိုင်တဲ့နည်းလမ်းတွေကို ပြည်သူများနဲ့သက်ဆိုင်သူများအားလုံးကို လက်ခံလာအောင် တာဝန်ယူရှင်းလင်း အာမခံသွားဖို့လိုအပ်ခြင်း ဖြစ်ပါတယ်။ ဥပမာပြုရသော် မြစ်ဆုံဆည်ကြောင့် ငလျင်မလှုပ်နိုင်ပါ (သို့မဟုတ်) လှုပ်ခဲ့သော် ထိခိုက်ပျက်စီးနိုင်မှုမရှိတဲ့နည်းလမ်းတွေကို အာမခံချက်မပေးနိုင်တဲ့ ကိစ္စမျိုးမှာ စီမံကိန်းနဲ့သက်ဆိုင်တဲ့ပြည်သူများက ဒီမိုကရေစီနည်းကျကျ စီမံကိန်းကို လက်ခံ/မခံ စဉ်းစားဆုံးဖြတ်သွားဖို့ဖြစ်ပါတယ်။

ဤနေရာမှာ ပြည်သူတွေ သတိပြုသင့်တာက ဆည်ကြောင့် ငလျင်လှုပ်နိုင်ခြင်းကို ငြင်းခုံရာမှာ တရုတ်ကုမ္ပဏီက ၎င်းတို့နည်းပညာမှာ မြင့်မားသဖြင့် ဆည်မကျိုးပေါက်နိုင်ဟု အကြောင်းပြနေကြခြင်းပင် ဖြစ်ပါတယ်။ ဒါပေမယ့် အဓိကထားဆွေးနွေးရမည့်အချက်က မြစ်ဆုံဆည်ကြောင့် ငလျင်များ ပိုမိုဖြစ်ပွားလာနိုင်ခြင်းကို မည်သို့တားဆီးမည်နည်း။ အကာအကွယ်ပြုမည်နည်း။ ဆုံးရှုံးမှုကို တာဝန်ယူမည်နည်းတို့ဖြစ်ပါတယ်။

ငလျင်လှုပ်သောကြောင့် ဆည်မကျိုးပေါက်သော်လည်း ငလျင်အန္တရာယ်အလွန်များသော မန္တလေးလိုမြို့ကြီး ပြိုကျပျက်စီးမှုကို ဘယ်လိုကာကွယ်တားဆီးမလဲ။ လှုပ်သောငလျင်ဟာ ဆည်ကြောင့် ဖြစ်ပွားရတာဟုကြိမ်းသေပေါက်မဆိုနိုင်သော်လည်း သက်ဆိုင်မှုမရှိဟုလည်း ယတိပြတ်မငြင်းနိုင်သောကြောင့် Precautionary Principle အရ ပြည်သူ့အဆုံးအဖြတ်ခံရန်သာရှိမှာ ဖြစ်ပါတယ်။ (၂၀၀၈ ခုနှစ် တရုတ်ပြည်စီချွမ်ငလျင်သည် ၎င်းအထက်ရှိ ဇီဘင်ဘူးဆည်ကြောင့်ဖြစ်ပါတယ်။ ထို့အတူ Three Gorges ဆည်ကြီးပြီးကတည်းက ငလျင်တွေပိုလှုပ်လာတယ်လို့ တရုတ်ဘူမိဗေဒနဲ့ ငလျင်ပညာရှင်များ၊ သုတေသနဌာနများက သုံးသပ်လက်ခံပြီးဖြစ်တာကို သိနိုင်ပါတယ်။)

**(ဆက်လက်ဖော်ပြပါမည်။)**

## သတိပြုဖွယ်

### ချောက်၊ မကွေးနှင့်ဘော်လခဲတွင် အပူချိန်မြင့်မား

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီသတင်းထုတ်ပြန်ချက်အရ ချောက်မြို့၊ မကွေးမြို့နှင့် ဘော်လခဲမြို့များတွင် နေ့အပူချိန် ၄၄ စင်တီဂရိတ်စီနှင့် အောင်လံနှင့်တောင်တွင်းကြီးမြို့တို့တွင် နေ့အပူချိန် ၄၃ စင်တီဂရိတ်စီ မြင့်မားခဲ့ကြောင်းသိရသည်။

### ရန်ကုန်တွင် ခရမ်းလွန်ရောင်ခြည် ကျရောက်မှုအညွှန်းကိန်း မြင့်မား

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းမြို့များမှာ ရန်ကုန်မြို့တွင် ၉ ဒသမ ၅ ဖြင့် အမြင့်ဆုံးဖြစ်ပြီး နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၇ ဒသမ ၃ စီဖြင့် ကျရောက်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက သတင်းထုတ်ပြန်ထားသည်။

### မြန်မာပြည်မြောက်ပိုင်းမိုးရေချိန်

ပူတာအိုမြို့တွင် မိုးရေချိန် ၁ ဒသမ ၀၂ လက်မ၊ ကသာမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ဗန်းမော်မြို့တွင် ၀ ဒသမ ၅၅ လက်မ၊ မိုးညှင်းမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၀ ဒသမ ၄၃ လက်မစီ မိုးရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက တွက်ချက်တိုင်းတာမှုများအရ သတင်းထုတ်ပြန်ထားသည်။

### နေပြည်တော်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက သတင်းထုတ်ပြန်ချက်အရ မေ ၁၈ ရက်ညနေပိုင်းအထိ နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာရန် ရာခိုင်နှုန်း ၈၀ ရှိပြီး ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့်ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဟု ခန့်မှန်းထားသည်။

### ရန်ကုန် မေ ၁၈ ရက် အပူချိန်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက သတင်းထုတ်ပြန်ချက်အရ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အမြင့်ဆုံးအပူချိန်မှာ ၁၀၂ ဒီဂရီဖာရင်ဟိုက်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၇၅ ဒီဂရီဖာရင်ဟိုက် ရှိမည်ဖြစ်ကြောင်းသိရသည်။

### နေပြည်တော် မေ ၁၈ ရက် အပူချိန်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက သတင်းထုတ်ပြန်ချက်အရ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အမြင့်ဆုံးအပူချိန်မှာ ၁၀၈ ဒီဂရီဖာရင်ဟိုက်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၈၁ ဒီဂရီဖာရင်ဟိုက်ရှိမည်ဖြစ်ကြောင်းသိရသည်။

# မင်္ဂလာနှစ်သစ်ကိုကြိုဆိုသည့် သမိုင်းစာမျက်နှာသစ်ဖွင့်ပွဲ ရန်ကုန်မြို့ မဟာသင်္ကြန်အတက်နေ့၌ ကျင်းပ

**ရန်ကုန် မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်မှ ၁၃၇၈ ခုနှစ်သို့ မင်္ဂလာနှစ်သစ်ကူးပြောင်းသောအခါသမယတွင် နှစ်ဟောင်းမှအညစ်အကြေးများကို ပြည်ဖုံးကားချပြီး ရန်ကုန်မြို့၏ မဟာသင်္ကြန်သမိုင်းစာမျက်နှာသစ်အား ဖွင့်လှစ်နိုင်ရန် သင်္ကြန်အတက်နေ့ညတွင် ရန်ကုန်မြို့တော်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ သမိုင်းစာမျက်နှာသစ်အားဖွင့်လှစ်ခြင်း အခမ်းအနားကို ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များက ဖျော်ဖြေမှုအပြီးတွင် လာရောက်ကြည့်ရှုကြသော ရန်ကုန်မြို့တော်သူ မြို့တော်သားများနှင့်အတူ တပျော်တပါးပါဝင်ဆင်နွှဲနိုင်ရန် ရုပ်ရှင်၊ဂီတ၊သဘင်အနုပညာရှင်များက မင်္ဂလာနှစ်သစ်ကိုကြိုဆိုသည့် တေးသီချင်းများဖြင့် သံပြိုင်သီဆိုကြပြီး နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းချိန်တွင် မြန်မာနှစ်သစ်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရာပေါင်းများစွာသော မြို့တော်သူ၊ မြို့တော်သားများနှင့်အတူ သံပြိုင်ဟစ်ကြွေးတစ်ခဲနက် ကြိုဆိုချိန်တွင် ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်ရှိ LED Board မှ နှစ်သစ်ကိုကြိုဆိုသော ရောင်စုံစာတန်းများ၊ ရောင်စုံ မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ကြိုဆိုကြပြီး မင်္ဂလာနှစ်သစ်ကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**စောလှိုင်ဝင်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈ - ၄ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၃၅ | "ဥရောပသမဂ္ဂ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး မစ်ရှင် ခေါင်းဆောင်နှင့် အင်တာဗျူး" |
| ၉း၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၀း၃၅ | "ရှုမဆုံးတော့သည့် လူချွန် လူကောင်း၏ ရုပ်ပုံလွှာ"(အပိုင်း-၁) |
| ၁၁း၃၅ | "အပူပိုင်းဒေသ၏ရတနာ" |
| ၁၂း၃၅ | ဆေးရောင်စုံရုပ်ရှင် "ချစ်သောအရိမဒ္ဒ နပူရ၏ မဟာအောင်ပွဲ" (ဒုတိယပိုင်း) (ဇာတ်သိမ်း) (လူမင်း၊ ကျော်သူ၊ ရဲအောင်၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်၊ မေသန်းနု) (ဒါရိုက်တာ-ကြည်ဖြူသျှင်) |
| ၃း၃၅ | ရွှေ့ပြောင်းအလုပ်သမား အစီအစဉ် |
| ၄း၁၅ | "စားသုံးရာဝယ်ဂရုပြုကြမယ်" |
| ၄း၃၅ | အဝေးသင် တက္ကသိုလ်ပညာပေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဒဿနိကဗေဒ) |
| ၅း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၆း၃၅ | "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၁) (ထွန်းထွန်းဝင်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၇း၁၅ | နိုင်ငံခြား ဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၁) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း |

**မှတ်ချက်။ နာရီတိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၄၀ | "မင်္ဂလသုတ် တရားဒေသနာတော်" (အပိုင်း-၁) [ဆရာတော် အရှင်တိက္ခသာရ(သီတဂူ)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၅) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (KOSE' Summer Beauty Workshop) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၉း၀၀ | Cartoon Series (Go Go Giggles) |
| ၉း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၃) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၁၅ | သွားမယ်စားမယ် (Together Restaurant) |
| ၁၁း၄၀ | Forever Music Tribute Water Party ရေ Party (အပိုင်း-၂) (ပထမပိုင်း) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၅၇) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၃၅) |
| ၃း၄၀ | မလေးရှားကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အစည်း MHTC ၏ Penang မြို့သို့ ရင်းနှီး ကျွမ်းဝင် လေ့လာရေးခရီးစဉ် |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၆) |
| ၇း၀၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄) |
| ၇း၅၀ | ရွှေတောင်မြို့နယ်မှ တန်ခိုးကြီးမားဘုရား စေတီပုထိုးများ |
| ၈း၁၀ | Drive It |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၄) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၅၈) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၀ | MRTV-4 Stage |
| ၁၀း၂၅ | World of Knowledge (Megastructure Swedish Super Car) |

### mitv

| | |
|---|---|
| 07:27 | Myanmar Delicate Artistic Handy Creations-Lacquareware Making |
| 07:52 | Great Minds of Myanmar (Anthropologist U Kyaw Win) |
| 08:26 | Hive Hunter |
| 08:46 | Dengue Fever |
| 08:53 | Guiding Star of Song Birds |
| 09:03 | News |
| 09:26 | …….Shan Novices To Be……….. |
| 09:41 | Crab Business (Part-II) Soft Shell Crab |
| 09:54 | Will you feed the pigeons? |
| 10:03 | News |
| 10:26 | Products Of Myanmar - Pictures Decorated With Seashells And Gemstones |
| 10:38 | On the River |
| 07:03 | News |
| 07:26 | Food Trip (Ep-3)(Part-2) |
| 07:50 | Distinguished Myanmar Ladies "Tin Moe Lwin" |
| 08:26 | Taste Of Myanmar (Rice Salad with Vegetables) |
| 08:45 | Director: Thiha Kyaw Soe |

## မေလအတွင်း လက်ထပ်ပွဲကျင်းပတော့မယ့် ဟိုယန်းရန်



အသက် (၃၅)နှစ်ရှိပြီဖြစ်တဲ့ တောင်ကိုရီးယားမင်းသမီး ဟိုယန်းရန်ဟာ လာမယ့်မေလအတွင်းမှာ လက်ထပ်ပွဲကျင်းပသွားဖို့ စီစဉ်ထားကြောင်း ဧပြီ ၁၅ ရက်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြောင်း ဟန်စီးနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဟိုယန်းရန်ဟာ မင်္ဂလာပွဲကို လာမယ့် မေ ၁ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး သူ့ရဲ့သတို့သားလောင်းကတော့ သူနဲ့သက်တူရွယ်တူတွေဖြစ်ကာ ထုတ်လုပ်သူနဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ကြောင်း သိရပါတယ်။

ယခုလိုလက်ထပ်ဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး ဟိုယန်းရန်က "သူဟာ အလုပ်အလွန်ကြိုးစားတဲ့အပြင် လေးနက်တည်ငြိမ်တဲ့သူတစ်ဦးဖြစ်တာကြောင့် ကျွန်မသူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ"လို့ ဖွင့်ဟခဲ့ပါတယ်။ မင်္ဂလာအခမ်းအနားနဲ့ပတ်သက်တဲ့ အသေးစိတ်အစီအစဉ်တွေကိုတော့ မင်းသမီးက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။

ဟိုယန်းရန်ဟာ ၁၉၉၈ ခုနှစ်ကစတင်ပြီး ရုပ်ရှင်လောကထဲကို ဝင်ရောက်ခဲ့ကာ လတ်တလောအချိန်အထိ ရုပ်သံဇာတ်လမ်းတွဲ ပေါင်းများစွာနဲ့ ရုပ်ရှင်ပေါင်းများစွာရိုက်ကူးခဲ့ပြီးဖြစ်တဲ့ မင်းသမီးတစ်ဦးဖြစ်ပါတယ်။


## စံချိန်သစ်တင်နိုင်ခဲ့တဲ့ "Descendants of the Sun"ရဲ့ ဇာတ်ဝင်တေးများ


တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေမှာ လူကြည့်အများဆုံးရုပ်သံဇာတ်လမ်းတွဲအဖြစ် စံချိန်သစ်တင်နိုင်ခဲ့တဲ့ တောင်ကိုရီးယား ဒရမ်မာဇာတ်လမ်းတွဲ "Descendants of the Sun"ရဲ့ ဇာတ်ဝင်တေးသီချင်းတွေဟာလည်း တောင်ကိုရီးယားရဲ့ တေးဂီတဝက်ဘ်ဆိုက်တွေမှာ ကူးယူခံရမှု အများဆုံးဖြစ်ခဲ့ကာ ဝင်ငွေအရ ထိပ်ဆုံးက ရပ်တည်နေတဲ့ တေးသီချင်းတစ်ပုဒ်အဖြစ် စံချိန်သစ်တစ်ရပ်တင်နိုင်ခဲ့ပြီ ဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်လခန့်က စတင်ထုတ်လွှင့်ခဲ့တဲ့ အချိန်ကစတင်ပြီး လတ်တလော အချိန်အထိ တောင်ကိုရီးယားရဲ့ ဒစ်ဂျစ်တယ်တေးဂီတဝက်ဘ်ဆိုက်တွေမှာ ထိပ်တန်းနေရာကို ရယူထားနိုင်ခဲ့တဲ့ အဆိုပါတေးသီချင်းတွေဟာ လတ်တလောမှာတော့ ယခင်က ရောင်းအားအကောင်းဆုံးစံချိန်တင်ထားခဲ့တဲ့ ဇာတ်လမ်းတွဲ "Reply 1988"ရဲ့ ဇာတ်ဝင်တေးတွေရဲ့ စုစုပေါင်းရောင်းချခဲ့ရတဲ့ တေးအယ်လ်ဘမ်အရေအတွက်ကို ကျော်လွန်သွားခဲ့ကာ စံချိန်ချိုးနိုင်ခဲ့တာ ဖြစ်ပါတယ်။

လတ်တလော အချိန်အထိ "Descendants of the Sun" ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်တဲ့ ရုပ်သံတေးသီချင်းတွေရဲ့တေးအယ်လ်ဘမ်ပေါင်း ၆၀၀၀၀ ခန့် ရောင်းချခဲ့ရပြီးဖြစ်ကာ ယခင်စံချိန်တင်ခဲ့တဲ့ "Reply 1988" ရုပ်ရှင်ရဲ့တေးအယ်လ်ဘမ်ကတော့ တေးအယ်လ်ဘမ်ပေါင်း ၄၀၀၀၀ ခန့် ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားမှာ အလွန်ကျော်ကြားခဲ့တဲ့ "My Love From the Star" ဇာတ်လမ်းတွဲရဲ့ ဇာတ်ဝင်တေးတွေကတော့ တေးအယ်လ်ဘမ်ပေါင်း ၂၈၀၀၀ ခန့် ရောင်းချခဲ့ရပြီးဖြစ်ကြောင်းသိရပါတယ်။

"Descendants of the Sun" ရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးသီချင်းတွေကို တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO"အပါအဝင် အခြားသော ထိပ်တန်းတေးသံရှင်တွေက ပါဝင်သီဆိုပေးခဲ့တာ ဖြစ်ပါတယ်။







## ယခုနှစ်အတွက် နယ်လှည့်ဖျော်ဖြေပွဲကို စတင်လိုက်ပြီဖြစ်တဲ့ B.A.P

တောင်ကိုရီးယားရဲ့ ထိပ်တန်းအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "B.A.P" က ယခုနှစ်အတွင်း ပြုလုပ်သွားဖို့ စီစဉ်ထားတဲ့ အဖွဲ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တွေကို ပြီးခဲ့တဲ့ ဧပြီ ၁၄ ရက်က အမေရိကန်နိုင်ငံ ဆန်ဖရန် စစ္စကိုမြို့မှာ ဖျော်ဖြေခြင်းဖြင့် စတင်လိုက်ပြီဖြစ်ကြောင်း အမ်ဝေ့ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးဂီတအဖွဲ့ရဲ့ ယခုနှစ်အတွက် နယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်ကို "B.A.P LIVE ON EARTH 2016 WORLD TOUR" လို့ အမည်ပေးထားပြီး ယင်းခရီးစဉ်ရဲ့ အစဦးဆုံးဖျော်ဖြေပွဲအဖြစ် ဆန်ဖရန်စစ္စကိုမှာ စတင်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ "B.A.P" အနေနဲ့ ယခုလို ဆန်ဖရန်စစ္စကိုမှာ ဖျော်ဖြေခဲ့တာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်းကလည်း ဆန်ဖရန်စစ္စကိုမှာ ဖျော်ဖြေခဲ့ဖူးပါတယ်။

ယခုနှစ်ရဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံအတွင်းမှာ အခြားသောမြို့ကြီးတွေဖြစ်ကြတဲ့ လော့စ်အန်ဂျလိစ်၊ ဒဲလက်စ်၊ ချီကာဂို၊ နယူးယောက်နဲ့ အတ္တလန္တာမြို့တွေမှာ ဆက်လက်ဖျော်ဖြေသွားမှာဖြစ်ပြီး ကနေဒါနဲ့ မက္ကဆီကိုနိုင်ငံတွေကိုလည်း သွားရောက်ဖျော်ဖြေသွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းရေးသားသည်**

# ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့လျှင် မန်စီးတီးမှ ထွက်ခွာတော့မည်ဟု အဂူရို ဖွင့်ဟ



မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရိုက အကယ်၍ မန်စီးတီးအသင်းအနေဖြင့် ချန်ပီယံလိဂ်တွင် ဗိုလ်စွဲနိုင်မည်ဆိုလျှင် မူလသတ်မှတ်ထားသည့် ၂၀၁၉ ခုနှစ်ထက်စော၍ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလမှာပင် အာဂျင်တီးနားမြေသို့ပြန်လည် အခြေချကစားတော့မည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ မန်စီးတီးသည် ယခင်နှစ်များတွင် ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် (၁၆)သင်းအဆင့်မှာပင် ပြိုင်ပွဲမှလှည့်ပြန်ခဲ့ရသော်လည်း ယခုနှစ်တွင်မူ အကြိုဗိုလ်လုပွဲအဆင့်သို့ ပထမဦးဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့ပြီးနောက် အသင်း၏ အဓိကတိုက်စစ်မှူး အဂူရိုက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အဂူရိုအား ဂျူဗင်တပ်၊ ရီးယဲလ်မက်ဒရစ်စသည့် အသင်းကြီးများကခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု သတင်းများ မကြာခဏ ထွက်ပေါ်နေသော်လည်း အဂူရိုကမူ မန်စတီးအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိကြောင်း ထပ်မံအတည်ပြုခဲ့သည်။ သို့သော် အဂူရိုက မန်စီးတီးနည်းပြသစ်ဖြစ်လာမည့် ဂွါဒီယိုလာနှင့် လက်တွဲ၍ အလုပ်လုပ်လိုသေးသော်လည်း မန်စီးတီးသာ ချန်ပီယံလိဂ်၌ပထမဦးဆုံးအကြိမ် ဗိုလ်စွဲနိုင်လျှင် ရာသီကုန်တွင် သေချာပေါက်ထွက်ခွာတော့မည်ဖြစ်ကြောင်း ဆိုလိုက်သည်။ မန်စီးတီးသည် ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအား နောက်ကောက်ချကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာပြီးနောက် မန်စီးတီးအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ချယ်လ်ဆီးအသင်း လုပ်ပြခဲ့သည့်ပုံစံအတိုင်း အသင်းကြီးများအား ကျော်ဖြတ်၍ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်လိမ့်မည်ဟု အမာခံပရိသတ်များက ယုံကြည်ထားသည်။

အဂူရိုက မန်စီးတီးအသင်း ချန်ပီယံလိဂ်တွင် ဗိုလ်စွဲနိုင်မည်လားဆိုသည်ကို ၎င်းအနေဖြင့် သေချာမသိရှိသော်လည်း ဥရောပစာမျက်နှာထက်တွင် မန်စီးတီး၏ တိုးတက်လာမှုကို ပရိသတ်များမြင်တွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ သို့သော် ချန်ပီယံလိဂ်တွင် ချန်ပီယံဖြစ်ခဲ့လျှင် အာဂျင်တီးနားအသင်းဖော်ကားလို့စ်တီဗက်စ်ကဲ့သို့ ဇာတိမြေကလပ်အသင်းသို့သာ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ဆိုခဲ့သည်။ အဂူရိုသည် ၂၀၁၁ ခုနှစ်တွင် လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ မန်စီးတီးသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိဘောလုံးရာသီစုစုပေါင်း ပွဲစဉ်(၂၆)ပွဲတွင် သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူထားနိုင်သည်။ **(မေလွဲ့သင်း)**

# တိုက်စစ်မှူး မက်ဆီ ပုံမှန်ခြေစွမ်းပြန်လည်ရရှိရန် ဘာစီလိုနာလိုအပ်နေ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ရလဒ်ပိုင်းဆိုးရွားမှုနှင့် ရင်ဆိုင်နေရပြီး တိုက်စစ်မှူးမက်ဆီ ပုံမှန်ခြေစွမ်းပြန်လည်ရရှိရန်လိုအပ်နေပြီဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံးကစားသမားဆု ငါးကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သည့် တိုက်စစ်မှူး မက်ဆီသည် ပြီးခဲ့သည့်ပွဲစဉ်အချို့တွင် ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်ခဲ့ရပြီး ဘာစီလိုနာအသင်းသည်လည်း နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်ငါးပွဲတွင် တစ်ပွဲသာ အနိုင်ရရှိခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် လာလီဂါပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းအတွက် တစ်နှစ်တည်းဖလားသုံးလုံးရယူမည်ဆိုသည့် ရည်မှန်းချက်ပျက်ပြယ်ခဲ့ရသည့်အပြင် လာလီဂါပြိုင်ပွဲတွင်လည်း ရလဒ်ပိုင်းဆိုးရွားမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် တိုက်စစ်မှူးမက်ဆီ ပုံမှန်ခြေစွမ်းပြန်လည်ရရှိရန် လိုအပ်နေပြီ ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

**(ငွေကြယ်)**





# အင်္ဂလန်အသင်းတွင် တိုက်စစ်မှူး ရှန်းနီ ပါဝင်လာမည်ဖြစ်၍

## ဝဲလ်ကော့နဲ့ ချန်ဘာလိန် ယူရို ၂၀၁၆ နှင့် လွဲချော်ရဖွယ်ရှိ

အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်သည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဟယ်ရီကိန်းနှင့် ဒယ်လီအယ်လ်လီတို့နှစ်ဦးအား အထောက်အပံ့ဖြစ်စေရန် အင်္ဂလန်အသင်း၏ ညာတောင်ပံတိုက်စစ်အတွက် ရှန်းနီကို ထည့်သွင်းအသုံးပြုရန်ရှိနေခြင်းကြောင့် အာဆင်နယ်အသင်း၏ တောင်ပံကစားသမားနှစ်ဦးဖြစ်သည့် သီယိုဝဲလ်ကော့နှင့် ချန်ဘာလိန်တို့မှာ နွေရာသီကာလတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့် ပါဝင်လာဖွယ်မရှိကြောင်း သိရသည်။

တိုက်စစ်မှူး ရှန်းနီသည် ဒဏ်ရာပြဿနာကြောင့် နှစ်လကြာအနားယူခဲ့ရပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်အဖြစ် ကစားရသည့် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်ရောက်မှသာ မန်ယူအသင်းတွင် ပြန်လည်ပါဝင်လာနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးရှန်းနီပါဝင်လာခြင်းနှင့်အတူ မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

တိုက်စစ်မှူးရှန်းနီဒဏ်ရာပြဿနာကြောင့် အနားယူနေခဲ့ချိန်တွင် အင်္ဂလန်အသင်းအတွက် ဟယ်ရီကိန်းနှင့် ဗာဒီတို့က အဓိကဦးဆောင်ကစားခဲ့ပြီး မတ်လအတွင်းက ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း ဟယ်ရီကိန်းနှင့် ဗာဒီတို့ကသာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည်။

သို့ရာတွင် အင်္ဂလန်တစ်သင်းထဲတွင် ဟယ်ရီကိန်းရော ဗာဒီကိုပါ ထည့်သွင်းကစားရန်အတွက် နည်းပြရွိုင်းဟော့ဂ်ဆန်အနေဖြင့် နည်းလမ်းသစ်တစ်ခုရှာဖွေနေရသည့် ပြဿနာနှင့် ရင်ဆိုင်နေရပြီး အဆိုပါကစားသမားနှစ်ဦးစလုံးကိုထည့်သွင်းကစားစေမည်ဆိုပါက အင်္ဂလန်အသင်းခေါင်းဆောင် ရှန်းနီပါဝင်ကစားခွင့်ရရှိရန် အခက်ကြုံနေရသည့်အနေအထားတွင် ရှိနေသည်။

အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်အနေဖြင့် တိုက်စစ်မှူးရှန်းနီအား ညာခြမ်းတွင် ထည့်သွင်းကစားစေလိမ့်မည်ဖြစ်ပြီး ထိုသို့ကစားစေပါက ညာခြမ်းတွင် နေရာရရှိရန် ဗာဒီနှင့် စတာလင်းတို့နှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်ကြောင်းလည်း သည်မိုင်ရာသတင်းဌာနက ဆိုသည်။

ထို့ပြင် တိုက်စစ်မှူးရှန်းနီကို ထည့်သွင်းကစားစေမည်ဆိုပါက သီယိုဝဲလ်ကော့နှင့် ချန်ဘာလိန်တို့မှာ ယူရို ၂၀၁၆ ပြိုင်ပွဲတစ်ခုလုံးလွဲချော်ရဖွယ်ရှိနေသည်။ သို့ရာတွင် သီယိုဝဲလ်ကော့မှာ ၂၀၁၆ ခုနှစ်အတွင်း အင်္ဂလန်အသင်းနှင့်အတူ လေးဂိုးသွင်းယူပေးထားနိုင်ခဲ့သော်လည်း ချန်ဘာလိန်မှာမူ ဖေဖော်ဝါရီလကတည်းက အင်္ဂလန်အသင်းတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

အင်္ဂလန်အသင်းတွင် လီဗာပူးတိုက်စစ်မှူး စတားရစ်ချ်ကို ထည့်သွင်းကစားရန် နည်းပြရွိုင်းဟော့ဂ်ဆန်က ဆုံးဖြတ်ချက်ချထားပြီးဖြစ်သော်လည်း ဝက်စ်ဟမ်းတိုက်စစ်မှူး အန်ဒီကာရိုးလ်မှာ ယူရို ၂၀၁၆ ပြိုင်ပွဲနှင့် လွဲချော်ရမည့်အနေအထားတွင် ရှိနေသည်။ **(နိုင်လင်းကြည်)**

# ဘာစီလိုနာရဲ့ ခြေချော်မှုကို ရီးယဲလ်မက်ဒရစ် အခွင့်အရေးယူဖို့ အသင့်ရှိနေပြီလို့ ဇီဒန်း ယုံကြည်

ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါပွဲစဉ်(၃၃)တွင် ဂီတာဖေးအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက မိမိတို့အသင်းအနေဖြင့် ဘာစီလိုနာ၏ ခြေချော်မှုကို အခွင့်အရေးယူရန် အကောင်းဆုံး အလားအလာတစ်ရပ်ကို ပိုင်ဆိုင်ထားခဲ့ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဘာစီလိုနာနှင့် အက်သလက်တီကိုအသင်းတို့ ပွဲစဉ်(၃၃) မကစားရသေးမီ ရီးယဲလ်မက်ဒရစ်သည် ရမှတ် ၇၅ မှတ်ဖြင့် ဘာစီလိုနာအောက် ရမှတ်တစ်မှတ်သာ လျော့နည်းကာ အမှတ်ပေးဇယား အဆင့်(၂)နေရာသို့ ရောက်ရှိလာသည်။ ဘာစီလိုနာသည် နောက်ဆုံးကစားခဲ့သည့် လာလီဂါပွဲစဉ်သုံးပွဲတွင် ရမှတ်တစ်မှတ်သာ ရယူနိုင်ခဲ့ပြီးနောက် အက်သလက်တီကို၊ ရီးယဲလ်မက်ဒရစ်အသင်းများနှင့် အမှတ်ကွာဟချက်ကျဉ်းမြောင်းလာခဲ့သည်။

ဇီဒန်းက" ကျွန်တော်တို့တွေက လာလီဂါကလည်း အရေးကြီးတယ်ဆိုတာ သိပါတယ်။ ဒါ့ကြောင့် ပွဲအစအဆုံး ကစားအားကို လုံးဝမချဘဲ ကစားစေတာပါ။ အက်သလက်တီကိုနဲ့ ဘာစီလိုနာတို့ ခြေချော်မှာလား၊ ခြေမချော်ဘူးလားဆိုတာ ကျွန်တော်တို့ မသိပါဘူး။ အကောင်းဆုံးကစားနိုင်ဖို့ကြိုးစားရင်းနဲ့ပဲ ပြိုင်ပွဲအပေါ် စောင့်ကြည့်ရအောင်ပါ"ဟုဆိုလိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အကြိုဗိုလ်လုပွဲအဆင့်သို့ရောက်ရှိနေပြီး မန်စီးတီးအသင်းနှင့် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရီးယဲလ်ဂိုးသမားနာဗက်စ်ကမူ ရီးယဲလ် အနေဖြင့် လာလီဂါနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲနိုင်အောင်ကြိုးပမ်းသွားမည်ဖြစ်ပြီး ပြိုင်ဘက်တိုင်းကို လျှော့တွက်ထားခြင်းမရှိကြောင်း တုံ့ပြန်လိုက်သည်။ ရီးယဲလ်နှင့် မန်စီးတီးနှစ်သင်းစလုံးတွင် ကစားခဲ့ဖူးသည့် ရော်ဘင်ဟိုကမူ သူ့အနေဖြင့် ရီးယဲလ်မက်ဒရစ်ထက်စာလျှင် မန်စီးတီးအသင်းကိုသာ အားပေးသွားမည်ဖြစ်ကြောင်း အံ့အားသင့်ဖွယ်ရာ ထုတ်ဖော်ပြောကြားလိုက်သည်။ **(မေလွဲ့သင်း)**



# ၂၀၁၆ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်း၌ အမှုပေါင်း ၂၄၁ မှုဖြစ်ပွား ၃၅ ဦး သေဆုံးပြီး ၃၀၀ ကျော် ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၁၇
၂၀၁၆ ခုနှစ် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အမှုအခင်းပေါင်း ၂၄၁ မှုဖြစ်ပွားခဲ့ပြီး ၃၅ ဦးသေဆုံးကာ ၃၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဖြစ်ပွားမှုအများဆုံးမှာ ခါးပိုက်နှိုက်မှု၊ ခိုးမှုမသင်္ကာမှုဖြစ်ပြီး ၆၄ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင်ဖြစ်ပွားခဲ့သည့် မှုခင်းဖြစ်ပွားမှုဖြစ်စဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၆ ခုနှစ်၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် မဟာသင်္ကြန်နှင့်ပတ်သက်သည့် မှုခင်းဖြစ်ပွားမှုစာရင်းချုပ်

| စဉ် | ရက်စွဲ | လူသတ်မှု | | | မုဒိမ်းမှု | ခိုးမှု (ဆိုင်ကယ်) | ခိုးမှု (အိမ်ဖောက်) | ခါးပိုက်နှိုက်/ ခိုးမှုမသင်္ကာ | ယာဉ်တိုက်မှု | | | နာကျင်စေမှု | | ကာယိန္ဒြေဖျက်ဆီးမှု | | အခြားအမှု | | | လက်နက်မှု | ယစ်မျိုးဖမ်းဆီးအရေးယူမှု | သေမှုသေခင်း | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | အမှု | အမှု | အမှု | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | ဒဏ်ရာရ | အမှု | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | အမှု | အမှု | သေဆုံး | အမှု | သေဆုံး | ဒဏ်ရာရ |
| ၁ | ၁၂-၄-၂၀၁၆ | - | - | - | - | - | - | ၆ | ၂ | ၁ | ၈ | ၃ | ၆ | - | - | - | | - | - | - | - | - | ၁၁ | ၁ | ၁၄ |
| ၂ | ၁၃-၄-၂၀၁၆ | ၁ | ၁ | - | - | - | - | ၂၁ | ၂ | - | ၅၀ | ၇ | ၇ | - | - | ၃ | ၁ | | ၃ | ၆ | ၂ | ၂ | ၄၅ | ၄ | ၅၇ |
| ၃ | ၁၄-၄-၂၀၁၆ | - | - | - | ၁ | ၁ | - | ၁၆ | ၁၈ | ၇ | ၄၉ | ၁၇ | ၂၅ | ၄ | ၁ | ၁ | - | | ၃ | ၉ | ၆ | ၈ | ၇၆ | ၁၅ | ၇၅ |
| ၄ | ၁၅-၄-၂၀၁၆ | - | - | - | - | - | ၁ | ၁၅ | ၁၂ | ၆ | ၆၉ | ၁၀ | ၁၅ | ၂ | ၁ | ၇ | - | ၄ | ၂ | ၂ | ၆ | ၆ | ၅၇ | ၁၂ | ၈၉ |
| ၅ | ၁၆-၄-၂၀၁၆ | ၂ | ၂ | - | - | ၃ | - | ၆ | ၁၂ | - | ၅၉ | ၁၇ | ၂၀ | ၂ | - | ၃ | - | ၂ | ၆ | - | ၁ | ၁ | ၅၂ | ၃ | ၈၁ |
| | စုစုပေါင်း | ၃ | ၃ | - | ၁ | ၄ | ၁ | ၆၄ | ၄၆ | ၁၄ | ၂၃၅ | ၅၄ | ၇၃ | ၈ | ၂ | ၁၄ | ၁ | ၆ | ၁၄ | ၁၇ | ၁၅ | ၁၇ | ၂၄၁ | ၃၅ | ၃၁၆ |

(ကြေးမုံ)

## ထန်းပင်ပေါ်ရှိ ငြမ်းစင်ပေါ်တွင် ထန်းရည်တက်သောက်ရာမှ ပြုတ်ကျသေဆုံး

နေပြည်တော် ဧပြီ ၁၇
မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ပါးပြင်းကျေးရွာ အုပ်ချုပ်ရေးမှူးက လူတစ်ဦးထန်းပင်ပေါ်မှ ပြုတ်ကျသဖြင့် သေဆုံးသွားကြောင်း အကြောင်းကြားချက်အရ ထီးလင်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဧပြီ ၁၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပါးပြင်းကျေးရွာနေ ဦးကျော်ဝင်း(ခ) ဝင်း(၄၇) နှစ်သည် နေအိမ်ဝင်းအတွင်း အမြင့် ၂၅ ပေခန့် ထန်းပင်ပေါ်ရှိ ငြမ်းစင်ပေါ်တက်၍ ထန်းရည်သောက်ရာမှ ငြမ်းစင်ယာဘက်တွင် ချည်ထားသောဝါးနီးကြိုးပြတ်ကျသဖြင့် ငြမ်းစင်စောင်းသွားစဉ် ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ထီးလင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)



ရန်စန်းရှမ်းအား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၁၇
မြန်မာ့ရိုးရာသင်္ကြန်ကာလ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေး၊ ပြည်သူလူထုအတွင်း မူးယစ်ဆေးဝါးများ ဝင်ရောက်မှုမရှိစေရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ကျောက်မဲမြို့နယ် မိုင်းငေါ့နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၄ ရက်က မိုင်းငေါ့မြို့ မန်လုံရပ်ကွက်နေ ရန်စန်းရှမ်းအားရှာဖွေရာ ဘိန်းဖြူ ၄၅ ဂရမ်ကိုလည်းကောင်း၊ အလားတူ ဧပြီ ၁၅ ရက်က အေးသာယာမြို့ ရပ်ကွက်(၈) နယ်မြေ(၉) နေ ကျော်ကျော်ဦး(ခ)ကျော်ကျော်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၅ ပြားနှင့် မြန်မာငွေကျပ် ၉၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (ကြေးမုံ)

## အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်

နေပြည်တော် ဧပြီ ၁၇
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဘိုတဲကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၇၅/၆-၇)ကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဝေါမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဧပြီ ၁၆ ရက် မွန်းလွဲ ၂ နာရီ မိနစ်၂၀ ခန့်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ကျိုက်ထိုဘက်မှ ဘုရားကြီးဘက်သို့ ကယားပြည်နယ် လွိုင်ကော်မြို့နယ် ထူးထူးငံသရွာနေ အောင်ကျော်ဆင့်(၃၆)နှစ် မောင်းနှင်လာသည့် 8J/------- ခြောက်ဘီးမှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ လွိုင်ကော်မြို့နယ် ရှမ်းပိုင်းရပ်ကွက်နေ ထက်ကိုအောင် (၁၇)နှစ်ပါ ၁၁ ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် အောင်ကျော်ဆင့်အား ဝေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ကြေးမုံ)

## ပုသိမ်-မုံရွာ အဝေးပြေးကားလမ်း မြိုင်မြို့အနီး၌ ဘုရားဖူးယာဉ်တိမ်းမှောက်



မြိုင် ဧပြီ ၁၇
မကွေးတိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၂၅)စက်ရုံအနီး မိုင်တိုင်အမှတ်(၃၉၇/၂ - ၃)အကြားတွင် ဧပြီ ၁၇ ရက် ညနေပိုင်းက ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့မှ ဦးကျော်ကျော်နိုင်(၄၄)နှစ် မောင်းနှင်လာသော YGN----ယာဉ်သည် ပုဂံ-ပခုက္ကူမှ မြိုင်မြို့ ပုသိမ်-မုံရွာလမ်းအတိုင်း ပုသိမ်ဘက်သို့အသွား မြိုင်မြို့ အနီး အမှတ်(၂၅) စက်ရုံကွေ့တွင် တိမ်းမှောက်ရာ ယာဉ်ပေါ်ပါသူ ၁၄ ဦးအနက် ရှစ်ဦး ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် မြိုင်ပြည်သူ့ဆေးရုံသို့ နိဗ္ဗာန်ရှေ့ပြေး လူမှုကူညီရေးအသင်းနှင့် မြို့မရဲစခန်းက ဝိုင်းဝန်းကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

## ဆိုင်ကယ်ဇက်သော့ဖျက်၍ ဆော့ကတ်ဖြုတ်နေသည့် မသင်္ကာဖွယ်လူသုံးဦးအား အမှုဖွင့်စစ်ဆေး

နေပြည်တော် ဧပြီ ၁၇
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် နတ်မောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် ယင်းချောင်းအတွင်း သင်္ကြန်ရေဆော့ကစားနေသူများအတွက် လုံခြုံရေးဆောင်ရွက်ပေးနေစဉ် ယင်းချောင်းတံတားအရှေ့ဘက်ကုန်းပေါ်တွင် လူသုံးဦးက ၂၉ယ/-------- ရင်ဇင်း 110 ဆိုင်ကယ်ဇက်သော့ဖျက်၍ ဆော့ကတ်ဖြုတ်နေသည်ကို တွေ့ရသဖြင့် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နတ်မောက်မြို့နယ် ထန်းပင်ကုန်းရွာနေ ငွေထွန်း(၂၇)နှစ်၊ လှဦး(၃၂)နှစ်နှင့် ညီပု(ခ)မြင့်ဇော်ဦး(၂၉)နှစ်တို့ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသောကြောင့် ငွေထွန်းပါ သုံးဦးအား နတ်မောက်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

◆

## ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွား

ချောင်းဆုံ ဧပြီ ၁၇
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နှီးမုတ်ကျေးရွာအုပ်စု ကော့ဒွတ်ကျေးရွာ နှီးမုတ်-ကလော့ ကားလမ်းမပေါ်တွင် ဧပြီ ၁၄ ရက် ည ၉ နာရီခန့်က ကောဒွတ်ကျေးရွာနေ ရဲထက်အောင်(၁၆)နှစ် မောင်းနှင်လာသည့် WAVE 100 (နံပါတ်စိစစ်ဆဲ)ဆိုင်ကယ်နှင့် ကော့ဒွတ်ရပ်ကွက် အမှတ်(၆)နေ စိုးသက်ပိုင် (၂၃)နှစ် မောင်းနှင်လာသည့် (ရွှေလိုင်းအမျိုးအစား) Dream 125 (နံပါတ်စိစစ်ဆဲ) ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ထိုသို့တိုက်မိမှုကြောင့် ထက်နေအောင်မှာ ညာခြေထောက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိ၍ ရဲထက်အောင်မှာ ညာခြေသလုံး ကွဲရှဒဏ်ရာ(မစိုးရိမ်ရ)များရရှိခဲ့သဖြင့် ရွာလွတ်ဆေးရုံသို့တင်ပို့ထားပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

❑

ဆောင်းပါး

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။

(စာတည်း)



(တက္ကသိုလ် ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၇)

တရုတ်နိုင်ငံရဲ့ တစ်ခုသောရပ်ဝန်း တစ်ခုသောလမ်းကြောင်း အစီအစဉ် ဟာ ငွေကြေးကဏ္ဍမှာလည်း ဥရောပဒေသက ငွေကြေးအကျပ်အတည်း တွေ့နေတဲ့ အစိုးရတွေအတွက် ငွေကြေးအရင်းအနှီးတွေရရှိဖို့ အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မယ့် အခြေအနေမှာရှိပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၁၅ ခုနှစ်အတွင်း ဥရောပစတော့ဈေးကွက်ရှိ စာရင်းဝင် ကုမ္ပဏီများဆီက ဒေါ်လာ ၆၅ ဘီလီယံ တန်ဖိုးရှိတဲ့ စတော့ရှယ်ယာတွေကို ဝယ်ယူခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် အစောပိုင်းကာလအတွင်းကလည်း တရုတ်ပြည်သူ့ဘဏ် (People's Bank of China)ဟာ အီတလီနိုင်ငံရဲ့ အကြီးဆုံးကုမ္ပဏီကြီး ၁၀ ခုမှာ ၃. ၅ ဘီလီယံယူရို ပမာဏရှိတဲ့ ရှယ်ယာတွေကို ဝယ်ယူပြီး ရင်းနှီးမြှုပ်နှံ ခဲ့ပါတယ်။ ဒီဝယ်ယူမှုပမာဏကြောင့် တရုတ်ပြည်သူ့ဘဏ်ဟာ အီတလီနိုင်ငံရဲ့ စတော့ရှယ်ယာ ဈေးကွက်မှာ ဒသမမြောက် အကြီးဆုံးရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့ပါတယ်။

တရုတ်နိုင်ငံဟာ ဥရောပအရှေ့ပိုင်းနဲ့ တောင်ပိုင်းဒေသနိုင်ငံတွေရဲ့ စီမံကိန်းတွေမှာလည်း ငွေကြေးထောက်ပံ့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဘဲလ်ဂရိတ်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အလယ်ပိုင်းနဲ့ အရှေ့ပိုင်းဥရောပနိုင်ငံများနဲ့ တရုတ်နိုင်ငံတို့မှ အစိုးရအဖွဲ့ အကြီးအကဲများရဲ့ တတိယအကြိမ် အစည်းအဝေးမှာ တရုတ်ဝန်ကြီးချုပ် လီခချန်းက တရုတ်နဲ့ ဥရောပဒေသအကြား ရေကြောင်းလမ်းနဲ့ ကုန်းလမ်းဆက်သွယ်မှုတွေ တိုးမြှင့်ပေးမယ့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းတွေအတွက် ရန်ပုံငွေ ပိုမိုတိုးမြှင့်ထည့်ဝင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဥရောပဒေသမှာ ရင်းနှီးမြှုပ်နှံမှုတွေအပြင် ငွေကြေးကဏ္ဍမှာ ဆက်သွယ်ဆောင်ရွက်မှုတွေကိုလည်း တိုးမြှင့်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွင်း တရုတ်ပြည်သူ့ဘဏ်ဟာ ဥရောပဗဟိုဘဏ် (European Central Bank) နဲ့ ယူရို ၄၅ ဘီလီယံ ပမာဏရှိတဲ့ နှစ်ဖက်ငွေကြေးဖလှယ်ရေး သဘောတူညီချက် (Currency Swap Agreement) တစ်ရပ်ကို လက်မှတ်ရေးထိုး ခဲ့ပါတယ်။ ဒီပမာဏဟာ တရုတ်နိုင်ငံအနေနဲ့ နိုင်ငံပြင်ပမှာ ပမာဏအများဆုံး လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်ဖြစ်ပါတယ်။ ဥရောပနိုင်ငံအများစုရဲ့ ဗဟိုဘဏ်အချို့အနေနဲ့လည်း တရုတ်နိုင်ငံရဲ့ ယွမ်ငွေကြေးကို နိုင်ငံရဲ့ငွေကြေး Portfolio အတွင်းမှာ ထည့်သွင်းဖို့ စဉ်းစားလာကြတာကို တွေ့မြင်ရပါတယ်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်းက ဗြိတိန်နိုင်ငံဟာ ယွမ်ငွေ ၃ ဘီလီယံ တန်ဖိုးရှိတဲ့ ယွမ်ငွေချေးစာချုပ်တွေကို ဝယ်ယူခဲ့ပြီး သူ့ရဲ့နိုင်ငံခြားအရန်ငွေစာရင်းမှာ ဒေါ်လာအဖြစ် မပြောင်းလဲဘဲ ထည့်သွင်းထားရှိခဲ့ပါတယ်။ ဥရောပဗဟိုဘဏ်က ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာ တရုတ်ယွမ်ငွေကြေးကို သူ့ရဲ့ နိုင်ငံခြားအရန်ငွေကြေးမှာ ထပ်မံထည့်သွင်းဖို့ ညှိနှိုင်းစဉ်းစားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တစ်ခုသောရပ်ဝန်း တစ်ခုသောလမ်းကြောင်းစီမံချက် အကောင်အထည် ဖော်မှုအရှိန်ရလာတာနဲ့အမျှ ငွေကြေးလွှဲပြောင်းမှု ကုန်ကျစရိတ် (Transaction Cost) တွေ လျှော့ကျလာစေဖို့နဲ့ သူ့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အဆင်ပြေချောမွေ့စေဖို့အတွက် ကုန်သွယ်ရေး၊ ငွေကြေးလွှဲပြောင်းမှုနဲ့ နိုင်ငံခြား အရန်ငွေကြေးကဏ္ဍတွေမှာ ယွမ်ငွေရဲ့ ပါဝင်မှုအချိုးအစားကို မြှင့်တင်နိုင်ဖို့ဟာ တရုတ်အစိုးရအတွက် လိုအပ်ချက်တစ်ရပ် ဖြစ်လာခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ ဥရောပဒေသတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုတွေဟာ စီးပွားရေးအရ အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးနိုင်မယ်လို့ အပြုသဘော ရှုမြင်လက်ခံသူတွေရှိသလို တစ်ဖက်မှာလည်း ဒီရင်းနှီးမြှုပ်နှံမှုတွေ အများအပြား ဝင်ရောက်လာမှုအပေါ် စိုးရိမ်မှုတွေ၊ သံသယတွေနဲ့ ရှုမြင်သူတွေလည်း ရှိပါတယ်။ ဥရောပနိုင်ငံတွေအကြား တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အပြိုင်အဆိုင်ရယူဖို့ ကြိုးစားလာကြခြင်းဟာ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေအကြား ကွဲပြားမှုတွေ ပိုမိုဖြစ်ပေါ်လာစေနိုင်သလို ဥရောပ သမဂ္ဂအနေနဲ့ တရုတ်နိုင်ငံနဲ့ပတ်သက်လာရင် အားလုံးသဘောတူညီနိုင်တဲ့ ဘုံရပ်တည်ချက် (Common Position)ရယူဖို့ ပိုမိုခက်ခဲလာစေမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ဥရောပဒေသရှိ ကုန်သွယ်ရေးအရ အရေးပါတဲ့ မြို့တွေကို တရုတ်နိုင်ငံ ကုမ္ပဏီတွေက လုပ်ပိုင်ခွင့် ပိုမိုရရှိလာခြင်းဟာ အီးယူအဖွဲ့ဝင် နိုင်ငံတွေအပေါ် နိုင်ငံရေးအရနဲ့ ကူးသန်းရောင်းဝယ်မှုအရ ခြိမ်းခြောက်မှုတွေ ဖြစ်လာနိုင်တယ်လို့ ရှုမြင်ကြပါတယ်။ ဥပမာအားဖြင့် ဂရိနိုင်ငံရဲ့ ပိုင်ရီးယပ်စ်ဆိပ်ကမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းတွေမှာ တရုတ်နိုင်ငံရဲ့ ကုမ္ပဏီက ဆက်လက်လုပ်ကိုင်ခွင့် ရရှိသွားခဲ့ရင် ပိုင်ရီးယပ်စ်ဆိပ်ကမ်းဟာ တရုတ်နိုင်ငံရဲ့ လက်တွင်းလုံးဝကျဆင်းသွားမှာ ဖြစ်သလို ဘဲလ်ဂျီယံ၊ ဂျာမနီနဲ့ နယ်သာလန်နိုင်ငံတို့ရှိ အဆင့်မြင့်ကွန်တိန်နာ ဆိပ်ကမ်းကြီးတွေအဖို့ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုတွေ ဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။

> တရုတ်နိုင်ငံ ကုမ္ပဏီတွေက လုပ်ပိုင်ခွင့် ပိုမိုရရှိလာခြင်းဟာ အီးယူအဖွဲ့ဝင် နိုင်ငံတွေအပေါ် နိုင်ငံရေးအရနဲ့ ကူးသန်းရောင်းဝယ်မှုအရ ခြိမ်းခြောက်မှုတွေ ဖြစ်လာနိုင်တယ်

တစ်ချိန်တည်းမှာပဲ တစ်ခုသောရပ်ဝန်း တစ်ခုသောလမ်းကြောင်း အစီအစဉ်ဟာ ပွင့်လင်းမြင်သာမှုရှိတဲ့ လုပ်ထုံးလုပ်နည်းတွေ လိုအပ်နေပြီး ငွေကြေးကဏ္ဍမှာလည်း ထင်သာမြင်သာမှု မရှိခြင်းဟာ ဥရောပကုမ္ပဏီတွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်းကို ခြိမ်းခြောက်လာနိုင်ကြောင်း ဖော်ပြကြပါတယ်။ အလားတူပဲ တရုတ်နိုင်ငံနဲ့ ဥရောပဒေသအကြား လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုရာမှာ အပြန်အလှန်သဘောတရား (Reciprocity) မရှိကြောင်း၊ ဥရောပဒေသရဲ့ မော်တော်ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်းတွေ အဆင့်မြှင့်တင်ရေးလို အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးတွေကို တရုတ်နိုင်ငံရဲ့ ချေးငွေနဲ့ အကောင်အထည်ဖော်မယ်ဆိုရင် ဒီလုပ်ငန်းတွေကို တရုတ်နိုင်ငံ ကုမ္ပဏီတွေကသာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံ အနေနဲ့ ဥရောပဒေသမှာ အခုလို တံခါးဖွင့်ပေးထားတဲ့ အခြေအနေတွေကို ခံစားခွင့် ရရှိနေသော်လည်း တရုတ်နိုင်ငံရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးတွေမှာ ဥရောပနိုင်ငံတွေက ကုမ္ပဏီတွေ လုပ်ငန်းလုပ်ကိုင်ခွင့်ရဖို့ဆိုတာ အင်မတန်ခက်ခဲတယ်လို့ ထောက်ပြကြပါတယ်။

တရုတ်နဲ့ ဥရောပနိုင်ငံများအကြားမှာ ဖြေရှင်းဖို့ ကျန်ရှိနေသေးတဲ့ ကိစ္စရပ်တစ်ခုကတော့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးမှု သတ်မှတ်ချက် (Market Economy Status) ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (World Trade Organization-WTO)ကို ၂၀၀၁ ခုနှစ်မှာ ဝင်ရောက်ဖို့ သဘောတူညီချက်မှာ "တရုတ်နိုင်ငံကို ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့နိုင်ငံအဖြစ် သတ်မှတ်ဖို့" ပြဋ္ဌာန်းချက်တစ်ခု ပါရှိပြီး အဲဒီသတ်မှတ်မှုကာလဟာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှာ သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံကို ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့နိုင်ငံအဖြစ် ဆက်လက်သတ်မှတ်ဖို့ သင့်/မသင့် အီးယူအဖွဲ့ဝင်နိုင်ငံတွေအကြား ညှိနှိုင်းဆွေးနွေးလျက်ရှိနေကြပြီ ဖြစ်ပါတယ်။ တရုတ်နိုင်ငံကတော့ သူတို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးမှာ အဖွဲ့ဝင်ဖြစ်ပြီးနောက်ပိုင်းမှာ နိုင်ငံရဲ့စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးအသွင်ကို လုံးဝပြောင်းလဲလာခဲ့တဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးရဲ့ သတ်မှတ် ပြဋ္ဌာန်းချက်ဟာ အလိုအလျောက် ဆက်လက်သက်တမ်းတိုးသွားရမှာ ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုကတော့ တရုတ်နိုင်ငံမှာ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေးစနစ်၊ နိုင်ငံတော်က စီးပွားရေးလုပ်ငန်းတွေကို ငွေလုံးငွေရင်းနဲ့ အထောက်အပံ့ပေးခြင်းနဲ့ ဈေးနှုန်းကို အစိုးရကသတ်မှတ်တာတွေကြောင့် တရုတ်နိုင်ငံကို ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့နိုင်ငံအဖြစ် သတ်မှတ်လို့ မရဘူးလို့ ပြောကြားပါတယ်။ တရုတ်နိုင်ငံကို ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့နိုင်ငံအဖြစ် သတ်မှတ်ပေးခြင်းဖြင့် တရုတ်နိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ အီးယူဈေးကွက်ထဲမှာ ရှိသင့်တဲ့ ပေါက်ဈေးထက် ဈေးလျှော့ရောင်းချတဲ့ အမှုတွေ (Anti-dumping cases)ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးမှာ ဖြေရှင်းကြရာမှာ တရုတ်ကုမ္ပဏီတွေဟာ သူတို့အတွက် ခုခံကာကွယ်ဖို့ ပိုမိုလွယ်ကူစေမှာဖြစ်သလို အီးယူအနေနဲ့ ဒဏ်ကြေးချမှတ်ဖို့ ပိုမိုခက်ခဲလာစေမှာ ဖြစ်ပါတယ်။ အီးယူနိုင်ငံ အချို့ကတော့ ဒီသတ်မှတ်မှုကို ရရှိခံစားနိုင်ဖို့အတွက် တရုတ်နိုင်ငံက ကုန်ပစ္စည်း တင်ပို့သူတွေအနေနဲ့ တရုတ်နိုင်ငံအစိုးရရဲ့ သက်သာခွင့် ပေးမှုတွေ၊ အခြား အခွင့်အရေးတွေနဲ့ နိုင်ငံရဲ့ ငွေကြေးမူဝါဒကနေ အကျိုးအမြတ်ခံစားခွင့် မရရှိဘူးဆိုတာ ဦးစွာသက်သေပြဖို့ လိုအပ်တယ်လို့ ထောက်ပြကြပါတယ်။ အီးယူအဖွဲ့ကြီးရဲ့ စိုးရိမ်မှုက တရုတ်နိုင်ငံဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်အောက်ကနေ ပြည်တွင်းမှာ လိုအပ်တာထက် ပိုလျှံနေတဲ့ စက်မှုလုပ်ငန်းတွေ၊ အထူးသဖြင့် ချည်ထည်လုပ်ငန်း၊ သံမဏိလုပ်ငန်းနဲ့ နေစွမ်းအင်သုံး ဆိုလာပြားစက်မှုလုပ်ငန်းတွေကို ဥရောပဒေသမှာ ဈေးကွက်ပေါက်ဈေးထက် လျှော့ရောင်းပြီး တင်ပို့လာခဲ့ရင် အီးယူရဲ့ အဆိုပါကဏ္ဍက စက်မှုလုပ်ငန်းတွေဟာ အရှုံးပေါ်ပြီး ဒေဝါလီခံရမယ့် အရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ဥရောပဒေသက ကုန်ထုတ်လုပ်မှု စက်မှုလုပ်ငန်းတွေဟာ တရုတ်နိုင်ငံအပေါ် ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးတဲ့ နိုင်ငံအဖြစ် အသိအမှတ်ပြုမယ့်အရေးကို ဆန့်ကျင်ဖိအားပေးလျက် ရှိကြပါတယ်။ နိုင်ငံရေးလေ့လာသူအချို့ကတော့ ဒီကိစ္စကို စီးပွားရေးကိစ္စ သက်သက်အဖြစ်သာ ရှုမြင်လို့မရဘဲ အီးယူနိုင်ငံတွေနဲ့ တရုတ်နိုင်ငံအကြား အခြားကမ္ဘာ့ရေးရာကိစ္စတွေမှာလည်း ဘယ်လိုအလျှော့အတင်း အပေးအယူ လုပ်နိုင်ကြမလဲဆိုတဲ့ နိုင်ငံရေးအခြေအနေတွေအပေါ်လည်း မူတည်ကြောင်း၊ ဒါဟာ နှစ်ဖက်အချိန်ယူ ညှိနှိုင်းဖြေရှင်းသွားကြရမယ့် ကိစ္စတစ်ခုဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

## သင်္ကြန်ကာလအတွင်း ဒီးဒုတ်ရေပြာအိုင်သို့ အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ လာရောက်လည်ပတ်



မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဒီးဒုတ်ရေပြာအိုင်သို့ သင်္ကြန်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ လာရောက်အပန်းဖြေမှု များပြားကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း ခရီးသွားလာမှုကောင်းမွန်သည့် နေရာတစ်ခုအဖြစ် တည်ရှိနေသည့် ဒီးဒုတ်ရေပြာအိုင်တွင် အပန်းဖြေရန်နှင့် အပူရှောင်ရန် အများဆုံးလာရောက်ကြပြီး ဒေသ၏လှပသည့် ရှုခင်းနှင့် ရာသီဥတုကောင်းမွန်မှုကြောင့် ယခုနှစ် အပူလွန်ကဲသည့်အချိန်အခါတွင် သင်္ကြန်ကာလနှင့် တိုက်ဆိုင်စွာ လာရောက်အပန်းဖြေကြကြောင်း အဆိုပါ ရေပြာအိုင်တွင် ဈေးရောင်းချမှုပြုနေသည့် ဒေါ်စိန်မြင့်က ပြောကြားသည်။

ဒီနှစ်အရမ်းပူတော့ သင်္ကြန်မတိုင်ခင်ကတည်းက တော်တော်လာကြတယ်။ သင်္ကြန်ရောက်တော့ ဒီဘက်ကို လူတွေအာရုံမကျလောက်ဘူး ထင်ထားတာ အခုတော်တော်များများ လာလည်ကြတာ မြင်ရတော့ ဝမ်းသာပါတယ်။ ဒီဒေသကအေးချမ်းတယ် ရေပြာအိုင်က ရေကလည်း တောင်ကျရေ အေးစိမ့်စိမ့်ဖြစ်နေတော့ ပူအိုက်တဲ့ရာသီဥတုမှာ အပူရှောင်ဖို့ အကောင်းဆုံးနေရာတစ်ခုပဲ။ပြည်တွင်းဧည့်သည်တွေရော နိုင်ငံခြားသားဧည့်သည်တွေပါ လာကြပါတယ်ဟု ၎င်းက ဆိုသည်။

မန္တလေးမြို့တွင်းသို့ သွားရောက်လည်ပတ်ရန် ဆန္ဒရှိသော်လည်း ကားကျပ်မှုနှင့် ပူအိုက်သည့်ရာသီဥတုကြောင့် ယခုကဲ့သို့ အေးချမ်းသည့် ဒီးဒုတ်ရေပြာအိုင်သို့ လည်ပတ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရေပြာအိုင်အတွင်း စည်ကားမှုကြောင့် ပျော်ရွှင်မိကြောင်း ပုသိမ်ကြီးမြို့နယ်မှ လာရောက်လည်ပတ်သူ ကိုဇော်လင်းက ပြောသည်။

မန္တလေးကျုံးဘက် သွားလည်ချင်ပေမယ့် လမ်းပိတ်တာရယ် ပူအိုက်နေတာနဲ့ မသွားချင်တော့ဘူး။ သူငယ်ချင်းတွေနဲ့စုပြီး ဒီးဒုတ်ကို လာလည်တာပါ။ ရေပြာအိုင်ကို ရောက်ဖို့ တောင်တက်ရပေမယ့် ကြည်လင်အေးမြနေတဲ့ ရေကို ထိတွေ့လိုက်ရတဲ့အခါမှာ အမောပြေသွားပါတယ်။ ဒီနှစ်သင်္ကြန်မှာ တော်တော်စည်တယ်။ လာရတာတန်ပါတယ်ဟု ၎င်းက ပြောကြားသည်။

အောင်မြေသာစံ မြို့နယ်မှ ဦးမင်းဟန်ကလည်း ရေပြာအိုင်ကို မိသားစုလိုက် ကားနဲ့လာလည်တာပါ။ အရင်ကရောက်ဖူးပေမယ့် သင်္ကြန်တွင်း မြို့တွင်းလည်း မလည်ချင်တဲ့အတွက် ဒီးဒုတ်မှာလည်ဖို့ ရွေးချယ်ဖြစ်ခဲ့တယ်။ နယ်ကအမျိုးတွေကလည်း မရောက်ဖူးသေးတဲ့အတွက် လိုက်ပို့တာပေါ့။ ထင်တာထက်ပိုစည်ပါတယ်ဟု ၎င်းက ပြောသည်။

ဒီးဒုတ်ရေပြာအိုင်သည် မန္တလေးမြို့နှင့် မနီးမဝေးတွင် တည်ရှိပြီး လမ်းတစ်လျှောက်လှပသည့် ရှုခင်းများ၊ ဒုဌဝတီမြစ်နှင့် တောင်တန်းများ၏ အလှအပနှင့် အေးစိမ့်ပြာနှမ်းနေသည့် ရေပြာအိုင်တို့ကြောင့် ခရီးသွားနေရာတစ်ခုအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

(အောင်ရဲသွင်)

# ဟံသာဝတီပဲခူး ဘုရားဖူးရောက်ခဲ့စဉ်

**အောင်ကျော်ညို (ဆင်ချဆိပ်)**

အပူရှိန်မြင့်မားမှုကြောင့် မြစ်ဆိပ်ရေဆိပ်များ၌ ရေချိုးခြင်းမပြုရန် ရေကင်းချ၍ ကျန်းမာရေးအသိပညာပေးလုပ်ကိုင်နေရကြောင်းသတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ လုံးဝရေမချိုးရကား မဟုတ်။ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ဖြစ်နေသည့် မြစ်ကမ်းရေဆိပ်များမှာ ရေမချိုးဖို့ပညာပေးနေကြခြင်း။

နောက်သတင်းတစ်ပုဒ်မှာ သင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားခြင်းမှာ ခရမ်းလွန်ရောင်ခြည်သင့်မှု ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ ရေသည် အလင်းပြန်မှုရှိ၍ ရေစိုနေလျှင် နေရောင်ခြည်သင့်မှု ပိုဆိုးနိုင်ကြောင်း မိုးလေဝသပညာရှင်တစ်ဦး၏ သတိပေးထားချက်။ ပဲခူးခရီးစဉ်တွင်ကြုံတွေ့ခဲ့ရသော မြင်ကွင်းတစ်ခုကို ထင်းကနဲ မြင်ယောင်လိုက်မိပါသည်။ ကိုးသိန်းကိုးသန်းနှင့် ရွှေဂူလေးဘုရားကြားစီးဆင်းချောင်းငယ်လေး ရေဖွေးဖွေးတွင် မွန်းတည့် ၁၂ နာရီဝန်းကျင်နေပူရဲရဲအောက် ရေချိုး နေကြသော လူကြီးလူငယ်များ။

မိမိသည် ရန်ကုန်ရောက်အခြေချနေထိုင်လာခဲ့သည်မှာ အနှစ် ၂၀ ကျော်လာခဲ့ပြီ။ အကြောင်းအမျိုးမျိုးကြောင့် ပဲခူးဘုရားဖူး တစ်ခေါက်မှ မရောက်ဖူးသေး။ အကြောင်းတိုက်ဆိုင်လာချိန် ဆိုင်းမဆင့်ဗုံမဆင့် နေ့ချင်းပြန်ခရီးသွားဖြစ်ခဲ့သည်။ မိမိတစ်ဦးတည်းကား မဟုတ်ပါ။ အိမ်က ဆရာမနှင့် ကလေးများ ဤခရီးစဉ်တွင် ကလေးထိန်းအဖြစ်နှင့် လိုက်ပါကူညီခဲ့ရခြင်း။ အိမ်ရှိဘုရားကို ဦးစွာဦးခိုက်ပြီးမှ ဤခရီးကို အစပြုခဲ့ပါသည်။

စုရပ်မှ စထွက်မည့်အချိန် နံနက် ၅ နာရီ။ ထွက်ဖြစ်ချိန် နံနက် ၆ နာရီ။ ဆောင်းအကုန်နွေအကူမို့ နှင်းမကွဲသေး။ ဝန်းကျင်မြင်ကွင်းမသဲကွဲ။ ရောက်သည့်အရပ်ကို တိကျမသိနိုင်။ အနီးမှာ အတူပါလာသည့် သားငယ်က သူဖုန်းနှင့် ဖြေရှင်းပေးသည့် နည်းပညာ၏ စွမ်းပကား။ ရွှေမော်ဓောဘုရားခြေတော်ရင်းသို့ ဆိုက်ရောက်ချိန်ထိ မြူနှင်းတွေဝေနေဆဲ။

ဦးစွာ ရွှေမော်ဓောဘုရား ကုန်းတော်ပေါ်သို့ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။ သန့်ရှင်းနေသော ဘုရားရင်ပြင်တော်။ ဘုရားပတ်လမ်းတစ်လျှောက်မှာ ရိပ်ကောင်း သာယာနှင့် ပေပင်များက အစီအရီ။ ထီးဖြန့်မိုးထားသလို ရှိနေသည်။ ထူးထူးခြားခြား နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ ခရေပင်ရိပ်မှာ ခဏအမောပြေထိုင်ရင်း အမှတ်တရ ဓာတ်ပုံရိုက် ဖြစ်သည်။

ရွှေမော်ဓောပြီးလျှင် ဟသ်ာကုန်း၊ မြွေဘုရား၊ ကမ္ဘောဇသာဒီနန်းတော်၊ ရွှေဂူလေး၊ ကိုးသိန်းကိုးသန်း၊ မြသာချောင်းနှင့် ရွှေသာလျောင်း၊ ကုသိနာရုံပုထိုးတော်ကြီးနှင့် ပဲခူးတက္ကသိုလ်ရှေ့မှ သကျမုဏိရုပ်ပွားတော်ကြီး။ ခရီးစဉ်တစ်လျှောက်လုံးကို ကားသမားလူငယ်က ဦးဆောင်သွားခြင်း။ ဘုရားဖူးလှေ့လာရေးခရီးပြီးချိန် မွန်းလွဲ ၂ နာရီ။ ရန်ကုန်ပြန်ရောက်ချိန် ညနေ ၄ နာရီ။ ဘဝမှ ဒေသန္တရဗဟုသုတ တိုးပွားစေသည့် နေ့တစ်နေ့ ကို မိမိတို့ ဖြတ်သန်းခဲ့ကြပါသည်။

ကမ္ဘောဇသာဒီနန်းတော်သို့ ရောက်ချိန် ရှေးဟောင်းနန်းတော်တိုင်ဟောင်းငုတ်တိုများ မီးသင့်ထားမှုကြောင့် အောက်ခြေပိုင်းသာကျန်တော့သည်။ ရှေးပဒေသရာဇ်အချင်းချင်း ပြည်တွင်းစစ်မှာ ဤဒေသသည် စစ်မြေပြင်ဖြစ်ခဲ့သည်။ ယင်းကတည်းက အစပြုခဲ့သည့် ပြည်တွင်းစစ်မီး။ ယနေ့ထိတိုင် လောင်ကျွမ်းနေဆဲ။ ပညာရှင် “ဂျော့စန္တာယားနား” က အတိတ်သမိုင်းကို မသိသော သူသည် ပစ္စုပ္ပန်နှင့် အနာဂတ်တွင် လမ်းစ ပျောက်နေသူပင်ဖြစ်သည်” ဟု မိန့်ဆိုထားခဲ့သည်။ ယခု မိမိတို့ အတိတ်သမိုင်းကို လူမျိုးစုအလိုက် သိနေကြသည်။ သမိုင်းကို သင်ခန်းစာ မယူနိုင်ကြသေး။ နာကျည်းမှုများနှင့် သမိုင်းညွှ့မှာ နစ်မွန်းနေကြဆဲ။ မိမိတို့ နိုင်ငံသားများ သင်ခန်းစာယူစရာ ဘက်မလိုက်သည့် သမိုင်းဖြစ်ရပ်မှန်မှတ်တမ်းစာအုပ်ကောင်းပြုစုသင့်ပါပြီ။

ရွှေဂူလေးမှ ကိုးသိန်း ကိုးသန်းသို့ချောင်းကူးတံတားမှ ကူးလိုက်သည်နှင့် နတ်လမ်းရှည်ကို ဖြတ်သန်းရသည်။ နတ်လမ်းတစ်ဘက်တစ်ချက်မှာ ရိပ်ကောင်း ဆာယာနှင့်မြေတလင်းပေါ် ထန်းချောဖျာများများနှင့် ဒေသထွက်ထန်းရည်နှင့်ဘီယာနှိုင်းယှဉ်ရသည့် နေရာ။ ပဲခူးသားများ အမောပြေထန်းရည်၊ ဘီယာသောက် ပြီးလျှင် အနီး ရောင်သန်းချောင်း ရေမှာ ရေစိမ်ချိုးကြနှင့် မွန်းတည့် ၁၂ နာရီ နေပူရဲရဲအောက်မှာ လူကြီး လူငယ်မရွေး ရေချိုးနေကြသည်။ ယခုလို ခရမ်းလွန်ရောင်ခြည်အန္တရာယ် အဆင့် ရှိနေချိန် ဆင်ခြင်သင့်သည်။

> **တစ်ချို့ဘုရားများတွင် သန့်ရှင်းရေး အားနည်းနေခြင်း။ အထူးသဖြင့် ညအိပ်ခိုများ၏ မစင်များနှင့် ဘုရား ရင်ပြင်ကို ညစ်ညမ်းစေ . . .**

ပဲခူးဘုရားဖူး ခရီးစဉ်တစ်လျှောက်မှာ အားသာချက်၊ အားနည်းချက် လျှပ်တစ်ပြက် မြင်ကွင်းစုံကို ရေးပြလျှင် အားသာချက်မှာ အထင်ကရ ဘုရားဝန်းကျင်တွင် ဈေးများရှိနေခြင်း။ ဘုရားဖူးဧည့်သည်များနှင့် ဒေသခံများအတွက် အဆင်ပြေစေသည်။ အားနည်းချက်မှာ တစ်ချို့ဘုရားများတွင် သန့်ရှင်းရေး အားနည်းနေခြင်း။ အထူးသဖြင့် ညအိပ်ခိုများ ၏ မစင်များနှင့် ဘုရားရင်ပြင်ကို ညစ်ညမ်းစေ ပါသည်။

မြသာချောင်းနှင့် ရွှေသာလျောင်းသို့ အသွားကြက်လျှာစွန်း အထင်ကရနေရာတွင် ရှိပန်းခြံစတီး လက်ရန်းတိုင်များ ကာရံထား၍ လှလှပပရှိနေသည်။ မလှမပရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်မှာ ပန်းခြံအတွင်း အမှိုက်မျိုးစုံရှင်းလင်းမည့်သူမရှိ။ မြို့ပြအလှကို ညစ်နွမ်းစေသည်။ ခံစားမိပါသည်။

အပြန်ခရီးမှာ ဝင်ဖူးဖြစ်သည့် ဓမ္မစေတီမင်းကြီးကောင်းမှုတော်၊ ကုသိနာရုံပုထိုးတော်ကြီး။ အပေါ်သို့ တက်ရောက်ဖူးမျှော်နိုင်သည့် မတ်မတ်စောက်စောက် ကျောက်လှေကားနှစ်သွယ်။ “မိန်းမ မတက်ရ” ဆိုထားလည်း ယောကျ်ားများတောင် တက်ရမလွယ်။ လေးဘက်ထောက်ကုန်းကုန်းကွကွနှင့် အန္တရာယ်ရှိနိုင်သည်။ ကျောက်လှေကားဘေးတစ်ဘက်တစ်ချက်တွင် စတီးလက်ရန်းများ တပ်ဆင်ပေးပါက ထူးသော ကုသိုလ်ဖြစ်သွားနိုင်ပါသည်။

ပဲခူးတက္ကသိုလ်ရှေ့လမ်းတစ်ဘက်ရှိ သကျမုဏိရုပ်ပွားတော်မြတ်ကို နောက်ဆုံးဝင်ဖူးသည်။ ဤဘုရားဝန်းကျင်မှာ အတွဲလေးတွေ တွေ့ရသည်။ ကားသမားလူငယ်၏ ကြိုပြောစကား တွေ့ပါသည်။ ရန်ကုန်ဝန်းကျင်နေရာအနှံ့မှာ တွေ့မြင်နေကျမို့ မိမိအတွက် ထူးမခြားနား။

အပြန်ခရီးလမ်းဘေးဖရဲဆိုင်မှာ ဒေသထွက်ကုန် ဖရဲသီးများ ဝယ်လာခဲ့သည်။ တစ်နေ့တာ မနားတမ်းလမ်းခရီးမှာပင်ပန်းလာခဲ့သမျှ အိမ်အရောက်မှာ ဖရဲသီးခွဲစားအမောပြေသွားရသည်။ ဤသို့ဖြင့် တစ်နေ့တာ ခရီးကို တန်ဖိုးရှိရှိနှင့် မိမိတို့ဖြတ်သန်းခဲ့ကြပါသည်။

## ယခုနှစ် သင်္ကြန်ကာလအတွင်း ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူများပြား

**ရိခေါဒါရ် မေ ၁၇**

ချင်းပြည်နယ်၏ အထင်ကရနေရာဒေသတစ်ခုဖြစ်သည့် ရိဒ်ရေကန်သို့ ယခု ၂၀၁၆ခုနှစ် မြန်မာနှစ်သစ်ကူးအတာသင်္ကြန် ကာလအတွင်း ပြည်တွင်းပြည်ပမှလာရောက်လည်ပတ်သူများပြားကြောင်း သိရသည်။

ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူအများစုမှာ အပန်းဖြေနားနေရန် အစုအဖွဲ့လိုက်ဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လာရောက်လည်ပတ်သူများဖြစ်ကြသည်။

ယခုနှစ် သင်္ကြန်ကာလအတွင်း လာရောက်လည်ပတ်သူဦးရေသည် ယခင်နှစ်များထက်ပိုမိုများပြားပြီး ညအိပ်၍ လာရောက်လည်ပတ်သူများရှိသကဲ့သို့ နေ့ချင်းပြန်ခရီးဖြင့်လည်း လာရောက်ကြရာ ရိဒ်ရေကန်အနီးအနားရှိတည်းခိုခန်းများတွင် ညအိပ်ဧည့်သည်များပြည့်နှက်နေသဖြင့် ရိခေါဒါရ်မြို့တွင်းရှိ လူနေအိမ်များ၌ပါ တည်းခိုကြကြောင်း သိရသည်။

“ကျွန်တော်ဆိုရင် ပွင့်လင်းရာသီကာလ အထူးသဖြင့် သင်္ကြန်ကာလအတွင်းအပန်းဖြေရင်းခရီးသွားတာကြိုက်တယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အထင်ကရဒေသတော်တော်များများကို ရောက်ခဲ့ပါတယ်။ ချင်းတောင်ဆိုတော့ လမ်းခရီးလည်းကြမ်းမယ်၊ လူလည်း ပင်ပန်းမယ်လို့ စိတ်ထဲမှာထင်ခဲ့တာ။ အခုတော့ ကိုယ်တိုင်ကြုံမှ ထင်တာထက် တစ်ခြားစီပါပဲ။ လမ်းလည်းကောင်းတယ်။ လူလည်း မပင်ပန်းပါဘူး။ အစစအရာရာ အဆင်ပြေတယ်။ ရိဒ်ရေကန်ရောက်တော့လည်း စိတ်ရွှင်လန်းတယ်။ သာယာတယ်။ ပျော်စရာကောင်းတယ်။ နောက်တစ်ခါ အခွင့်ထပ်ကြုံရင် အရောက်လာဦးမယ်” ဟု ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူခရီးသွားဧည့်သည်တစ်ဦးက ပြောသည်။

ရိဒ်ရေကန်ကို ပြည်မှ မန္တလေးမှ ဟားခါး- ဖလမ်း- ရိခေါဒါရ်ကားလမ်းအတိုင်းသော်လည်းကောင်း၊ မန္တလေးမှ ကလေး- တီးတိန်- ရိခေါဒါရ်ကားလမ်းအတိုင်းသော်လည်းကောင်း သွားလာနိုင်ပြီး ယခုအခါတွင် ချင်းတောင်ပြေးဆွဲသည့်ဂျစ်ကားများသာမက ဖိမ်ခံကားလေးများပါ သွားလာနိုင်သဖြင့် ရိဒ်ရေကန်အရောက်သွားရန် မခက်ခဲတော့ပါ။ ယင်းသို့ဖြင့် ပြည်တွင်းတိုင်းရင်းသားများသာမက ပြည်ပမှလည်း လာရောက်လည်ပတ်သူများပြားလျက်ရှိရာ အထူးသဖြင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ လာရောက်လည်ပတ်သူ များပြားလျက်ရှိသည်။

ရိဒ်ရေကန်သည် ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၂၉၆၆ ရှိ တောင်ကုန်းပေါ်တွင် ၂ ဒသမ ၅ မိုင်ပတ်လည်ခန့် အသည်းနှလုံးပုံသဏ္ဌာန်ဖြင့် ထူးခြားစွာ တွေ့မြင်နိုင်ကြောင်း သိရသည်။

**ဇိုဟေဆာ**

## နှစ်သစ်ဦးကုသိုလ်ဘိုးဘွားများပူဇော်ကန်တော့

**လယ်ဝေး မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၇-၁၃၇၈သို့ကူးပြောင်းသည့်နှစ်သစ်အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ကောင်းမှုကုသိုလ်များအဖြစ် စတုဒိသာများကျွေးမွေးလှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ လယ်ဝေးမြို့နယ်အရှေ့သရက်ခုန်ကျေးရွာ မေတ္တာရှင်နာရေးကူညီမှုအသင်းနှင့်ပရဟိတလူငယ်အဖွဲ့တို့ပူးပေါင်း၍ အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ ရေချိုးခေါင်းလျှော်ခြင်း၊ လက်သည်းခြေသည်းများညှပ်ခြင်းစသည့်ကောင်းမှု ကုသိုလ်များအား သင်္ကြန်အတက်နေ့ မေ ၁၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လူငယ်များအဖွဲ့မှစုပေါင်း၍နှစ်ဦးကုသိုလ်အဖြစ် အရှေ့သရက်ခုန်ကျေးရွာရှိ အဘိုး ၁၂ ဦး အဘွား ၂၀ တို့အား တစ်ဦးလျှင်ကျပ် ၂၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများအား အိမ်အရောက်လိုက်လံ လှူဒါန်းကန်တော့ခဲ့ကြကြောင်းနှင့် မြို့နယ်အတွင်းရှိ အခြားကျေးရွာများတွင်လည်း သက်ကြီးပူဇော်ပွဲများပြုလုပ်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## သောက်သုံးရေ ပြတ်လပ်နေသောကျေးရွာသို့ ရေအလှူတော်အဖွဲ့များက ရေဖြန့်ဖြူးပေး

**ငပုတော မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်သောက်သုံးရေဖြန့်ဖြူးရေးကြီးကြပ်မှုကော်မတီ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မနောဖြူရေအလှူတော်အဖွဲ့တို့ ပူးပေါင်း၍ရေအခက်အခဲဖြစ်နေသော ငပုတောမြို့နယ် ဝက်ဆူကျေးရွာသို့ မေ ၁၄ ရက်နံနက်ပိုင်းက ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် တာဝန်ရှိသူများနှင့်ပရဟိတအဖွဲ့တို့က ရေဂါလန် ၆၀၀ ဆံ့မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် နှစ်ခေါက်ပေါင်း ဂါလန် ၂၂၀၀နှင့် မနောဖြူရေအလှူတော်အဖွဲ့က ရေဂါလန် ၃၀၀ပါ ရေသယ်ယာဉ်ဖြင့် နှစ်ခေါက်စာ သောက်သုံးရေများဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်သူ(ပြန်/ဆက်)**

# ပရဟိတစိတ်ဓာတ်ပြည့်ဝကြသော ကျေးလက်နေပြည်သူများ

မောင်သောင်းဝင်း(တမန်ဟောင်း)

"သောင်းဝင်း. . . မင်းတို့ဘယ်တော့လာမှာလဲ။ အလှူရက် သတ်မှတ်ပြီးပြီလား။ ရွာမှာ အလှူအတန်းတွေများတော့ ဘုန်းကြီးကြိုပြင့်ထားမှရမယ်" ဆိုပြီး အသက် ၈၀ ကျော်ဖခင်ကြီးက ဖုန်းဆက် လာပါတယ်။ "ဟုတ်ကဲ့ ကျွန်တော်တို့ သင်္ကြန်ရုံး ပိတ်ရက်မတိုင်မီ အလှူလုပ်ဖို့ အကြမ်းဖျဉ်း အစီအစဉ် ရေးဆွဲထားပါတယ်။ ဘုန်းကြီးကိုလည်း ရတဲ့နေရာသွားပင့်ရမှာပေါ့" ဆိုပြီးဖခင်ကြီးကိုရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် ဖခင်ကြီး က ဘဝင်မကျပါဘူး။ သူကိုးကွယ်တဲ့ဘုန်းကြီးတွေကိုပဲ ပင့်ချင်လို့ပါ။ စာရေးသူကတော့ ပုဂ္ဂိုလ်စွဲ မထားဘဲ ရတဲ့ဘုန်းကြီးတွေကိုပင့်ဖို့ဆုံးဖြတ်ထားပါတယ်။ဤဆောင်းပါးဟာ စာရေးသူ၏အလှူကိုကြွားဝါဖို့ တင်ပြခြင်းမျိုး မဟုတ်ဘဲ ကျေးလက်နေပြည်သူများ၏ ပရဟိတစိတ်ဓာတ် အပြည့်အဝရှိနေမှုကိုဖော်ညွှန်း လိုခြင်းဖြစ်ပါတယ်။

ဝန်ထမ်းလုပ်သက် ၂၅ နှစ်အတွင်း ချွေးနဲ့စာဖြင့် မွေးရပ်မြေတွင် လှူဒါန်းထားရှိသော ဘုရားဆင်းတုများ၊ မုခ်ဦးများနှင့် ကျောင်းခန်းများအား ရေစက်ချ အလှူပြုလုပ်ပြီး သမီး နှစ်ဦးကို သာသနာ့ နွယ်ဝင်သီလရှင်လေးများအဖြစ် ချီးမြှောက်ပေးဖို့ရန် အစီအစဉ်ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ပတ်ဝန်းကျင် သုံးရွာကို ရွာလုံးကျွတ်ဖိတ်ပြီး ဝက်သား၊ ကြက်သားဟင်းနှင့် ပေါ်ဆန်းမွှေးထမင်း ကျွေးဖို့ရန် ရည်ရွယ်ထား ခြင်းဖြစ်ပါတယ်။ ထိုသို့လှူဒါန်းနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် တစ်နှစ်လုံး ဘာသာပြန်ဆိုခနှင့် ဆောင်းပါး စာမူခလေးများကိုကြိုတင်စုဆောင်းထားခဲ့ရပါတယ်။

ရေစက်ချက်အလှူအတွက် လိုအပ်ငွေကို မတ်လကတည်းက မြန်မာ့စီးပွားရေးဘဏ်၊ ချောက်မြို့သို့ လွှဲပေးထားပြီး ညီမဖြစ်သူကိုအလှူအတွက်လိုအပ်တဲ့ ကိစ္စအဝဝကိုစီမံဖို့ရန်အကူအညီတောင်းခဲ့ရပါတယ်။ အထူးသဖြင့် ချက်ပြုတ်ရေး သမားများဖိတ်ကြားရေး၊ အိုးခွက်ပန်းကန်၊ စားပွဲကုလားထိုင်၊ အသံချဲ့စက် ငှားရမ်းရေး၊ ဖိတ်စာဝေငှရေး၊ ဆန်၊ ဆီ၊ ပဲ၊ အသား၊ငါးနှင့်ဘုန်းကြီးပွဲဝယ်ယူရေးတို့ကိုလစ်ဟင်းမှုမရှိအောင် ဆောင်ရွက် ပေးရန်အကူအညီတောင်းခံခဲ့ရပါတယ်။ ညီမဖြစ်သူက ရွာမျက်နှာဖုံးဆိုတော့ အလှူအတွက် နည်းနည်း စိတ်အေးရပါတယ်။

စာရေးသူတို့မိသားစုဟာ ရွာသို့ ဧပြီလ ၈ ရက်နေ့မှရောက်ကြပါတယ်။ အလှူပွဲကြီးနေ့က ဧပြီလ ၁၀ ရက်နေ့ဖြစ်ပါတယ်။ ရွာသို့ရောက်လျှင်ရောက်ချင်း နှစ်ဘက်မိဘများကို အားဆေးအပြင်အာဟာရ ပြည့်မုန့်အချို့တို့နဲ့ချက်ချင်း ကန်တော့လိုက်ပါတယ်။ အရေးကြီးဆုံးအလုပ်ကိုအရင်လုပ်ပြီးမှသာ ညီမဖြစ်သူကိုအလှူကိစ္စမေးစမ်းကြည့်မိပါတယ်။ ညီမဖြစ်သူက "အားလုံးကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ တရားနာပြီး ရေစက်ချသည့်အလုပ်ကိုသာ စိတ်ဖြောင့်ဖြောင့်နဲ့လုပ်ပါ" လို့ပြောလာပါတယ်။ ကိုယ့်ညီမဖြစ်လို့ အမွှန်းတင်တာမဟုတ်ပါဘူး။ မွေးချင်း ကိုးယောက်ထဲမှာ လုပ်ရည်ကိုင်ရည်အရှိဆုံးပါပဲ။ ညီမဖြစ်သူကို အပြည့်အဝယုံကြည်ထားပြီးသားပါ။

စာရေးသူတို့ရွာကလေးဟာ အိမ်ခြေ ၅၀ လောက်သာရှိပါတယ်။ ဒါပေမယ့် ရွာသူ၊ ရွာသားအားလုံးဟာ ပရဟိတစိတ်ဓာတ်အပြည့်အဝရှိကြပါတယ်။ သာရေး၊ နာရေးကိစ္စရှိရင်ပြောစရာမလိုဘဲ အင်တိုက် အားတိုက် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြပါတယ်။ အလှူအဝင်နေ့ ဧပြီ ၉ ရက်နေ့ကတည်းက အသား၊ ငါးများ ခုတ်ထစ်ခြင်း၊ ကြက်သွန်များသင်ခြင်း၊ မီးဖိုများပြင်ဆင်ခြင်း၊ ဟင်းအိုးများ လုံးခြင်း၊ မဏ္ဍပ်ဆောက်ခြင်း၊ အသံချဲ့စက်သယ်ခြင်း၊ စားပွဲကုလားထိုင်များ၊ အိုးခွက်ပန်းကန်များသယ်ခြင်း စသည့်ဝေယျာဝစ္စမှန်သမျှကို တက်ညီလက်ညီ လုပ်ပေးကြတာကို တွေ့မြင်ရတဲ့အတွက် များစွာပီတိဖြစ်ခဲ့ရပါတယ်။

**ကျေးလက်နေပြည်သူများဟာ လုပ်စရာရှိရင် တက်ညီလက်ညီ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသလို စားစရာရှိရင်လည်း မြိန်ရည်ယှက်ရည် ဝိုင်းဖွဲ့စားသုံးကြပါတယ်။ ဟန်ဆောင်မှုနှင့် ပကာသနတို့ လုံးဝကင်းရှင်းကြပါတယ်။ အရှိကိုအရှိတိုင်းပဲ ပြောဆိုပြုမူနေထိုင်လေ့ရှိကြပါတယ်။**

**မြို့ပြနေလူတန်းစားများကဲ့သို့ မရှိတာကို ရှိဟန်ဆောင်၊ မသိတာကို သိဟန်ဆောင်တတ်သော အလေ့အထမျိုး မရှိကြပါဘူး။ ကျေးလက်နေ လူနေမှုဘဝဟာ ရိုးရှင်းလှသဖြင့် စိတ်ချမ်းမြေ့ဖွယ်ကောင်းလှ ...**

ကျေးလက်နေပြည်သူများဟာ လုပ်စရာရှိရင် တက်ညီလက်ညီဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသလို စားစရာရှိရင်လည်း မြိန်ရည်ယှက်ရည် ဝိုင်းဖွဲ့စားသုံးကြပါတယ်။ ဟန်ဆောင်မှုနှင့်ပကာသနတို့လုံးဝ ကင်းရှင်းကြပါတယ်။ အရှိကိုအရှိတိုင်းပဲပြောဆိုပြုမူနေထိုင်လေ့ရှိကြပါတယ်။ မြို့ပြနေလူတန်းစားများကဲ့သို့ မရှိတာကိုရှိဟန်ဆောင်၊ မသိတာကိုသိဟန်ဆောင်တတ်သော အလေ့အထမျိုး မရှိကြပါဘူး။ ကျေးလက်နေ လူနေမှုဘဝဟာ ရိုးရှင်းလှသဖြင့်စိတ်ချမ်းမြေ့ဖွယ်ကောင်းလှပါတယ်။

ဧပြီ ၁၀ ရက်နေ နံနက် ၁ နာရီ ၁၅ မိနစ်လောက်ကတည်းက ထမင်းချက်အဖွဲ့ရောက်လာပါတယ်။ ထို့နောက်ဟင်းချက်အဖွဲ့ရောက်လာပါတယ်။ အားလုံးတစ်ယောက်တစ်လက်နဲ့လုပ်လိုက်ကြတာ နံနက် ၅ နာရီလောက်ဆို ထမင်း၊ ဟင်းအားလုံးနီးပါးကျက်သွားပါတယ်။ အရည်သောက်ဟင်းလောက်ပဲ ကျန်ပါတယ်။ ၆ နာရီလောက်ဆိုအားလုံးအဆင်သင့်ဖြစ်နေပါပြီ။ ကျေးလက်နေပြည်သူများ၏ ပရဟိတ စိတ်ဓာတ်ဟာ ချီးမွမ်းလောက်ပါပေတယ်။ ငွေပေးငှားရမ်းခဲ့လျှင်တောင် ထိုမျှစခန်းစေ့မည်မဟုတ်ချေ။

နံနက် ၇ နာရီလောက်ကတည်းက ဧည့်သည်များတစ်ဖွဲ့ဖွဲ့ရောက်လာသဖြင့် လက်မလည်အောင် ကျွေးမွေးနေကြပါတယ်။ ပီတိဖြစ်ဖွယ်မြင်ကွင်းပါ။ သမီး နှစ်ဦးကိုလည်း ညီမဖြစ်သူကပဲခေါင်းတုံးရိတ်ပေး ခဲ့ပါတယ်။ ညီမဖြစ်သူဟာ အလှူကိစ္စအားလုံးအတွက်စခန်းစေ့အောင်လုပ်ပေးသွားလို့ စိတ်ထဲကနေ ကျေးဇူးအခါခါ တင်မိနေပါတယ်။ နံနက် ၈ နာရီလောက်တွင် ရွာဦးကျောင်းဆရာတော်ထံမှ သီလခံယူပြီး သမီး နှစ်ဦးကို သီလရှင်ဆရာလေးများအဖြစ် ချီးမြှောက်ပေးခဲ့ပါတယ်။ ၉ နာရီလောက်တွင် ရေစက်ချတရားနာပြီး ၃၁ ဘုံမှ သတ္တဝါအပေါင်းကိုအမျှအတန်းပေးဝေနိုင်ခဲ့ပါတယ်။ ထို့နောက်ဆရာတော်များကိုနေ့ဆွမ်း ကပ်လှူခဲ့ပါတယ်။ အထူးသဖြင့် ရွာဦးကျောင်းမှ ကိုရင် ၁၇ ပါးကို နေ့ဆွမ်းကပ်ရတဲ့ပီတိဟာပြောမပြတတ်လောက်အောင်ပါပဲ။ ကိုရင်လေးများဟာဆွမ်းဘုန်းပေးပြီးနောက် အချိုပွဲနှင့်သစ်သီးတို့ကိုလည်း အကုန်လုံးနီးပါး ပြောင်စင်သွားလောက်အောင်ဘုန်းပေးခဲ့ကြပါတယ်။ လှူဒါန်းရကျိုးနပ်ပါတယ်။ ထို့အပြင် ရေစက်ချ အလှူအစအဆုံးချောချောမောမောပြီးဆုံးသွားလို့ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။

အလှူရေစက်ချပြီးသည်နှင့် ညီမဖြစ်သူဟာ သက်ကြီးရွယ်အိုများ၊ဝိုင်းဝန်းကူညီလုပ်ကိုင် ပေးသူများ၊ ဆွေမျိုးများကို ထမင်းနှင့်ဟင်းများဝေငှပေးသေးသည်ဟု မဒမ်ဝင်း က ပြောပြမှစာရေးသူ သိခဲ့ရပါတယ်။ ထို့အတွက်လည်း ထပ်ပြီးဝမ်းသာပီတိဖြစ်ခဲ့ရပြန်ပါတယ်။ နံနက် ၁၁ နာရီလောက်တွင် အိုးခွက်ပန်းကန်များ၊စားပွဲကုလားထိုင်များအားလုံးဆေးကြောစစ်ဆေးပြီးဖြစ်ပါတယ်။အပျောက်အရှလုံးဝ မရှိပါဘူး။ ညနေပိုင်းတွင် သက်ဆိုင်ရာသို့အားလုံးပို့ပေးကြပါတယ်။

ကျေးလက်နေပြည်သူများ၏တက်ညီလက်ညီဝိုင်းဝန်းကူညီလုပ်ကိုင်မှုအပေါ် ကြည့်ရှုပြီး နောက်နောင်တွင်မွေးရပ်မြေရွာသို့ပြန်လာပြီး အလှူအတန်းထပ်မံပြုလုပ်တဲ့ စိတ်များတဖွားဖွားဖြစ်မိလာပါတယ်။ သာရေး၊ နာရေးကိစ္စမှန်သမျှကိုမညည်းမညူလုပ်ကိုင်ပေးလေ့ရှိသည်မှာ ကျေးလက်နေပြည်သူများ၏ ချစ်စဖွယ် ကောင်းသောအလေ့အထပင်ဖြစ်ပါတယ်။ မျိုးဆက်သစ်များအနေဖြင့် ထိုအလေ့အထကောင်းများကို ဆက်လက်ထိန်းသိမ်းထားမည်ဆိုလျှင် ကျေးလက်လူမှုအသိုက်အဝန်းအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်မှာအမှန်ပင်ဖြစ်ပါတယ်။

ဒါနအကျိုးကိုမူအထူးခဲ့ထွင်တင်ပြနေရန်မလိုဟုယူဆမိပါတယ်။ တိရစ္ဆာန်ကလေး တစ်ကောင်အား ဝဝလင်လင်ရှိအောင် ထမင်းတစ်ထပ် ကျွေးသော ဒါနကလေးသည်ပင် ဘဝပေါင်းတစ်ရာတို့၌ "အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန (အသက်ရှည်ခြင်း၊အဆင်းလှခြင်း၊ကိုယ်စိတ်ချမ်းသာခြင်း၊ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း)" ဟူသော အကျိုးငါးပါးကိုအပြည့်အဝရရှိနိုင်ပါတယ်။ ဒို့ကြောင့် အလှူဒါနကိုမိမိတတ်စွမ်းသမျှပြုလုပ်သွားသင့်ပါတယ်။

ခြုံ၍တင်ပြရလျှင်လူသားတိုင်းဟာ တစ်ဦးတစ်ယောက်တည်းနေလို့မရပါဘူး။ မိတ်ဆွေအသိုင်းအဝိုင်းဖြင့်နေထိုင်ကြရပါတယ်။ လူတိုင်းတွင် ဇာတိချက်ကြွေမွေးရပ်မြေများရှိကြပါတယ်။ ထိုမွေးရပ်မြေကို သတိရအောက်မေ့ခြင်းဟာ မင်္ဂလာတစ်ပါးပင်ဖြစ်ပါတယ်။ စာရေးသူလည်း မိမိချွေးနဲ့စာထဲမှ မွေးရပ်မြေတွင် ဘုရာဆင်းတုများ၊ မုခ်ဦးများနှင့်ကျောင်းခန်းများကိုတတ်နိုင်သမျှလှူဒါန်းဖြစ်ခဲ့ပါတယ်။ ထိုကောင်းမှုကုသိုလ် များအားရေစက်ချတဲ့အလှူကိုလည်း မွေးရပ်မြေကျေးရွာကလေး၌ပင်လုပ်ဖြစ်ခဲ့ပါတယ်။ ခေတ်ကာလ မည်သို့ပင်ပြောင်းလဲနေစေကာမူ ကျေးလက်နေပြည်သူများဟာ မိမိကျေးရွာအတွင်း သာရေး၊ နာရေးကိစ္စရှိလာလျှင် အကူအညီတောင်းစရာမလိုဘဲ တက်ညီလက်ညီဝိုင်းဝန်းလုပ်ကိုင်ပေးလေ့ရှိကြပါတယ်။ ထိုအစဉ် အလာကောင်းများဟာ မြို့ပြများတွင်တွေ့ရမြင်ရခဲလာပါတယ်။ မည်သို့ပင်ဆိုစေကာမူ အနေအေးပြီးရိုးသားလှသော ကျေးလက်နေပြည်သူများဟာ ၎င်းတို့၏ ပရဟိတစိတ်ဓာတ်ကိုဆက်လက် ထိန်းသိမ်းနေကြမည်မှာ သံသယဝင်စရာမလိုသောအရှိတရားပင်ဖြစ်ပေတော့သည်။



၁၃၇၇ ခုနှစ် မဟာသင်္ကြန် (အတက်နေ့) ဧပြီ ၁၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပွဲဆည်အုပ်စု ပွဲဆည်ကျေးရွာ နွေဦးသစ္စာ သင်္ကြန်လူငယ်အဖွဲ့မှ ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို အဆိုပါ မဏ္ဍပ်တွင် ပြုလုပ်ခဲ့ရာ သက်ကြီးအဘိုးအဘွား ၄၇ ဦးတို့အား လက်အုပ်ချီမိုး ကန်တော့ပြီး အဘိုးအဘွားများ ပေးအပ်သော ဩဝါဒကို ခံယူကာ ကန်တော့ပစ္စည်းများ ပေးအပ်ဂါရဝပြုကြသည်ကို တွေ့ရစဉ်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# နွေရာသီအားကစားသင်တန်းများအတွက် သင်တန်းသားများခေါ်ယူ

**မန္တလေး ဧပြီ ၁၇**

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး ရည်ရွယ်၍ မန္တလေး ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း ရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) အားကစားကွင်းနှင့် အားကစားရုံများတွင် ဧပြီ ၂၅ ရက်မှ မေ ၂၀ ရက်အထိ နွေရာသီအားကစား သင်တန်းများဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အားကာသိပ္ပံ နွေရာသီအားကစားသင်တန်းတွင် ဘောလုံး၊ ကရာတေးဒို၊ ရေကူး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ဘက်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘား၊ ဂျူဒို၊ ကြက်တောင်၊ လက်ဝှေ့၊ ဖူဆယ်စသည့်အားကစားနည်း ၁၆ မျိုးပါဝင်သည်။



မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက်မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား နွေရာသီအားလပ်ရက်တွင် အားကစားသင်တန်းများ တက်ရောက်စေပြီး အားကစားကို စိတ်ဝင်စားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် မန္တလေးတိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ ၂၀၁၆ ခုနှစ် နွေရာသီအားကစား သင်တန်းများကို မတ် ၉ ရက်မှ ဧပြီ ၈ ရက်အထိ မန္တလေး မြို့ဗထူးအားကစားခန်းမနှင့် မြို့နယ်အားက စားကွင်းတို့တွင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၇၅၀ ခန့်တက်ရောက်ခဲ့သည်။

သင်တန်းတက်ရောက်လိုသူများ အနေဖြင့်အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ ဧပြီ ၁၈ ရက်မှ စတင်ပြီး ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# သဘာဝတရားမှလက်ဆောင်ပေးထားသော ဟန်လင်းဒေသမှကုန်းတွင်းဆားချက်လုပ်ငန်း



**ဝက်လက် ဧပြီ ၁၇**
ဟန်လင်းပျူယဉ်ကျေးမှုနယ်မြေမှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နယ်မြေဖြစ်သလို လေ့လာစရာများစွာ စိတ်ဝင်စားစရာများစွာတည်ရှိနေသောနေရာတစ်ခုပင်ဖြစ်သည်။ ဟန်လင်းမြို့ဟောင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင်တည်ရှိသည်။ ဟန်လင်းရှိကျေးရွာ ရပ်ကွက်များတွင် သဘာဝအတိုင်းရိုးရာနည်းစနစ်ဖြင့် ဆားချက်လုပ်သောလုပ်ငန်းမှ ပုံမှန်ဝင်ငွေ ဖော်ဆောင်ပေးလျက်ရှိသည်။ စိတ်ဝင်စားဖွယ်ရာ ဟန်လင်းဒေသတွင် သဘာဝက ပေးထားသောလက်ဆောင်များစွာရှိနေခြင်းပင်ဖြစ်သည်။ သဘာဝရေတွင်းများမှ ရေပူရေအေးများထွက်ရှိခြင်း၊ စိုက်ပျိုးရန်အတွက် မြေများစွာရှိခြင်း၊သဘာဝမြေကြီးမှကုန်းတွင်းဆားထုတ်လုပ်နိုင်ခြင်းဆိုသော လက်ဆောင်များပင်ဖြစ်သည်။

ဆားကိုဆားပေါက်မြေမှ သဘာဝနည်းဖြင့်ချက်လုပ်ကြသည်။ ဆားချက်ရန် ပထမဦးစွာဆားပေါက်မြေများကိုပေါက်ပြားများဖြင့် ခြစ်ယူကာ စုပုံထားကြသည်။ ထိုသို့ပြုလုပ်ကာစုပုံထားခြင်းကိုဒေသအခေါ် မြေစာပျိုးသည်ဟုခေါ်ဝေါ်ကြသည်။ ဆားပေါက်မြေများမှာ အိမ်ဝိုင်းအတွင်းမှာပင်ရရှိနေသည်။ မြေစာများရပါကဝါးကိုရွှံ့များဖြင့် ဒယ်အိုးပုံသဏ္ဍာန်မံကာ ဒယ်အိုးပုံအလယ်တွင် ဝါးခေါင်းအပေါက်ငယ်ရောက်အောင်ပြုလုပ်ထားသည်။ ဝါးခေါင်းပေါက်နေရာတွင်ကောက်ရိုးအနည်းငယ်ထားကာ သဘာဝအတိုင်းရေဆစ်ပုံစံပြုလုပ်ထားသည်။

ဆားပေါက်မြေစာကို ဒယ်အိုးပုံသဏ္ဍာန်အတွင်းထည့်ကာ အပေါ်မှရေဖြင့်လောင်းပေးရသည်။ထိုသို့ပြုလုပ်ပါက ဆားပေါက်မြေမှာပျော့သွားပြီးဆားရည်များဝါးပေါက်ငယ်အတွင်းမှ ထွက်လာသည်။ ဆားပေါက်မြေထည့်ထားသည့် ရွှံ့ဒယ်အိုးအတွင်းရေနှစ်အိုးခန့်လောင်းထည့်ထားပါက ဆားရည်ကြည်တစ်အိုးခန့်ရရှိသည်။ ထိုသို့ရအောင်ပြုလုပ်ခြင်းကိုဆားလုပ်သည်ဟု ခေါ်ကြသည်။ ရရှိသောဆားငန်ရည်ကြည်များကို ဒယ်အတွင်းထည့်၍ မီးထိုးကာကျိုချက်ပေးရသည်။ တစ်နာရီခန့်ကြာလာပါက အရည်ခန်းသွားကာဆားများရရှိသည်။

သွပ်ကန်အတွင်းဆားငန်ရေကြည်သောက်ရေအိုးရှစ်အိုးခန့်ထည့်ကာဆားချက်ပါက ဆားပိဿာချိန် ၂၀ ခန့်ရရှိသည်။လက်ရှိကာလတွင် ဆားတစ်ပိဿာလျှင်ငွေကျပ် ၃၅၀ နှုန်းဖြင့် ရောင်းချရသည်။ ဟန်လင်းတွင် အိမ်ဝိုင်းအတွင်းတွင်ပင် ဆားချက်သော ရပ်ကွက်များမှာ မင်းရွာကုန်း၊ ကိုးအိမ်ထောင်၊ တောင်ပို၊ မာလာကုန်း၊ ကုန်ကြောင်း၊ မင်းရပ်၊ ညောင်ပင်ကုန်းသုံးရွာ၊ ထနောင်းကုန်း၊ ညောင်ပင်ဖို၊ ရေပူကုန်းတို့ပင်ဖြစ်သည်။ ထိုကျေးရွာရပ်ကွက်များတွင် မင်းရွာကုန်း၊ ကိုးအိမ်ထောင်၊ တောင်ပို၊ မာလာကုန်းတို့မှမြေများမှာ ဆားအများဆုံးထွက်ရှိကြောင်း သိရသည်။ ဆားချက်လုပ်ငန်းကို ဆောင်းရာသီနှင့် နွေရာသီတွင်အများဆုံးပြုလုပ်ကြပြီးနေ့စဉ် ပုံမှန်ဝင်ငွေရရှိကြောင်း သိရသည်။

**တိမ်တမန်**

# သင်္ကြန်ရက်အတွင်းကျောက်ကြီးမြို့သို့ လာရောက်အပန်းဖြေသူများပြား



**တောင်ငူ ဧပြီ ၁၇**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိအရှေ့ရိုးမအားနောက်ခံထားလျက်ရှိသောမြို့၊ ရှင်သီဝလိရဟန္တာမြတ်ကြီးရဲ့ခြေတော်ရာရှိရာမြို့၊ နာမည်ကြီးစက်လှဲရေတံခွန်တည်ရှိရာမြို့ဖြစ်သော ကျောက်ကြီးမြို့သို့ သင်္ကြန်ရက်များအတွင်းလူဦးရေသိန်းနှင့်ချီ၍ဝင်ရောက်ခဲ့ကြပြီးပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဖြူး၊ တောင်ငူမြို့နယ်များအတွင်းရှိကျေးရွာများမှဒေသခံပြည်သူများသည် ဘုရားဖူးအပန်းဖြေလာရောက်လည်ပတ်ခဲ့ကြရာတွင် ကား၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်သုံးဘီးယာဉ်များဖြင့် နေ့စဉ်လူတစ်သိန်းကျော် နှစ်သိန်းခန့်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

"ဒီနှစ်က ကျွန်တော်တို့မြို့က အရင်နှစ်ကထက် ပိုပြီး စည်ကားတယ်လေ ရှင်သီဝလိခြေတော်ရာမြတ်မှာဆိုရင်လူကတိုးမပေါက်ဘူး ဆိုင်ကယ်၊ သုံးဘီးကား၊ ဂွန်ဒေါင်းတွေလည်းကုန်းတော်ပေါ်မှာထားစရာနေရာမရှိတော့လို့တောင်ခြေမှာပဲထားနေရတယ်။ အစည်ကားဆုံးရက်တွေပါပဲ ဒီရက်တွေက နှစ်ဆန်း ၁ ရက်အထိ လူတိုးမပေါက်ပါဘူး"ဟု ကိုဆန်းလွင်ကပြောကြားခဲ့သည်။

"ရေတံခွန်မှာဆိုရင် ခါတိုင်းနှစ်နဲ့မတူဘူးအရမ်းထူးခြားတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေပါလာရောက်အပန်းဖြေတဲ့ပြည်သူတွေရဲ့လုံခြုံရေးကို ဂရုတစိုက်ကူညီပေးနေတယ်။ အရင်ကဆိုရင်ကိုယ့်နားလည်မှုလေးနဲ့ကိုယ်သွားလာလည်ပတ်နေရတာ။ ရေတံခွန်ဆို တစ်နေ့ကိုညှို့သည် နှစ်သိန်းကျော်လောက်ရှိမယ်ခန့်မှန်းပေ့ါလေ။ ဈေးသည်တွေလည်းရောင်းမလောက်ပါပဲ သင်္ကြန်ပြီးသွားလည်းလာရောက်အပန်းဖြေသူတွေကနေ့စဉ်လာနေတာလေ"ဟုရေတံခွန်အနီးဈေးရောင်းချနေသူတဦးမှပြောသည်။

"ဖြူးမြို့နယ်ကလာရောက်လည်ပတ်တာပါ။ တစ်ခါမှမရောက်ဘူးလို့သူငယ်ချင်းတွေနဲ့ပါ ဒီရောက်တော့ရေတံခွန်လမ်းက လူအများကြီးဆိုတော့ပိတ်မိသလိုဖြစ်နေတာတင် နာရီဝက်လောက်ရှိတယ်။ ထင်ထားတာထက်ကိုလူပိုများနေတယ် ပြီးရင် ခြေတော်ရာတောင်တက်ပြီးရှင်သီဝလိခြေတော်ရာဖူးမယ်"ဟုလာရောက်လည်ပတ်သူကိုဝင်းထွန်းမှပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ပျော်ရွှင်စွာ ရေကစားလျက်ရှိသလို စေတုဒိသာအလှူများဖြင့် ကုသိုလ်ပွားများ

**သရက် ဧပြီ ၁၇**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် သင်္ကြန်အတက်နေ့တွင် မြို့ပေါ်ရပ်ကွက်မှ လူငယ် လူရွယ်များ အေးချမ်းသာယာစွာဖြင့် အားပါးတရ ပျော်ရွှင်စွာ ရေကစားလျက်ရှိသလို ရပ်ကွက်များတွင်လည်း သင်္ကြန်ကာလတွင်နေ့စဉ် တစ်ဦးတည်းအလှူရှင်များ၊ စုပေါင်း၍ အလှူရှင်များမှလည်း စေတုဒိသာအလှူအဖြစ် မုန့်များဖြင့် ညှော့ခံကျွေးမွေးလှူဒါန်းလျက်ရှိသည်။ ရပ်ကွက်များအတွင်း သင်္ကြန်ကာလ နေ့စဉ်ဒုလ္လဘရဟန်းများမှလည်း နေ့ဆွမ်းကို တန်းဆွမ်းကြွရောက်၍ ဆွမ်းခံကြွရောက်တော်မူရာ ရပ်ကွက်နေ ပြည်သူများမှလည်း သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းကွမ်းနှင့် လှူဖွယ်များအားပါးတရ လောင်းလှူကြလျက်ရှိပြီး စေတုဒိသာအလှူများဖြင့် ကုသိုလ် ပွားများလျက် ရှိကြောင်းသိရသည်။

သင်္ကြန်ကာလတွင် ရွှေဘုန်သာ ဘုန်းတော်ကြီးကျောင်းတွင် ဒုလ္လဘ ရဟန်း ၉၀ ကျော်နှင့် ပေတပင်ဘုန်းတော်ကြီးကျောင်းမှဒုလ္လဘရဟန်း ၁၅၀ ကျော်တို့မှ တန်းဆွမ်းအဖြစ် နေ့ဆွမ်းခံကြွတော်မူရာ ပေတပင်ကျောင်းမှ ဒုလ္လဘရဟန်းများတို့ကို အနောက်ရပ်တောင်ပိုင်းရပ်ကွက်မှ ဆွမ်းအလှူရှင်များမှ သတ္တဌာနဘုရားလမ်းတွင် ဆွမ်းကွမ်းနှင့် လှူဘွယ်များစေတနာသဒ္ဒါတရားထက်သန်စွာ လောင်းလှူလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ကော့သောင်းမြို့ ရဲတပ်ဖွဲ့မှ မြန်မာ့ရိုးရာသင်္ကြန်အတက်နေ့တွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဧပြီ ၁၇**
မြို့နေပြည်သူများ အေးချမ်း ပျော်ရွှင်စွာ မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော်အား ဆင်နွှဲနိုင်ရေး ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့ မှ စားသောက်ဆိုင်များ၊ ရေပက်ကစားလျက်ရှိသည့် လူငယ် လူရွယ်များသို့ မှုခင်းဖြစ်စဉ်များ မဖြစ်ပေါ်ရေး အသိပညာပေး လုပ်ငန်းများ သင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက်က မြို့အနှံ့ လိုက်လံ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်မှုတွင် သင်္ကြန်ကာလအတွင်း ရောင်းချလျက်ရှိသည့် မြို့ပေါ်ရပ်ကွက် စားသောက်ဆိုင်များတွင် အရက်၊ ဘီယာရောင်းချ သောက်စားခြင်း မပြုလုပ်ကြရန်နှင့် အရက်မူးယစ်သောက်စားမှုကြောင့် မလိုလားအပ်သည့် မှုခင်းပြဿနာများ မပေါ်ပေါက်စေရေးအတွက် ဆိုင်ပိုင် ရှင်များထံသို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်လံအသိပညာပေး ပြောကြားခဲ့သည်။ မြို့ပေါ် လမ်းများနှင့် ရေကစားမဏ္ဍပ်များတွင် ရေကစားလျက်ရှိသည့် လူငယ် လူရွယ်များနှင့် ကားများ၊ ဆိုင်ကယ်များတွင် ဒုတ်၊ ဓား၊ စကေဘာ လက်နက်များကိုင်ဆောင် အသုံးပြုခြင်းမရှိစေရေး ရှောင်တခင် စစ်ဆေးခြင်း၊ မျက်နှာဖုံးများ တပ်ဆင်သွား လာကြသည့် လူငယ်များ အနေဖြင့် ပြစ်မှုကျူးလွန်ပြီးထွက်ပြေးသွားပါက မည်သူမည်ဝါဖြစ်ကြောင်းမသိရှိနိုင်သဖြင့် ပြစ်မှုကျူးလွန်ရာတွင် အထောက်အကူပစ္စည်း ဖြစ်စေနိုင်၍မျက်နှာဖုံးတပ်ဆင်သွားလာသူများအား အသိပညာပေး၍ မျက်နှာဖုံးများ သိမ်းဆည်းခြင်း၊ အရက်သေစာသောက်စားမူးယစ်ရမ်းကားမှု မပြုကြရေး၊ လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု မဖြစ်ကြရေး သတိပြုဆင်ခြင်ကာ အေးချမ်းပျော်ရွှင်စွာ ရေကစားကြရေး၊ မိမိကြောင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား ဂုဏ်သိက္ခာမကျဆင်းရေး၊ လူငယ်များ အသိတရားဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြရေး အသိပညာပေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကျော်စိုး (ကော့သောင်း-IPRD)**

# ဖိုင်တူကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း အရင်းနှင့် အတိုးရငွေများ ထပ်မံထုတ်ချေးပေး

**တွန်းဇံ ဧပြီ ၁၇**
ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်ကြသော ဖိုင်တူ၊ နတ်ဇန်(သ)+လုံတပ်၊ ဆာလ်ဇန်၊ မွာလ်ပီး၊ ဇမ်ပီး၊ လွမ့်ဇန်၊ ခွမ်နွဲ့၊ စိန်းပျဲလ်၊ ရှာလ်ထော်ဇန်၊ ဒါရ်ခိုင်း(ဟ)၊ တွီးမန်ကျေးရွာတို့အနက် ဖိုင်တူကျေးရွာအုပ်စု၊ ဖိုင်တူ ကျေးရွာတွင် အရင်းနှင့် အတိုးရငွေများကို ဧပြီ ၈ ရက်က ထပ်မံပြန်လည် ထုတ်ချေးပေးခဲ့ရာ ယင်းချေးငွေများထုတ်ချေးပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူများလူမှုစီးပွားဘဝအတွက် အထောက်အကူပြုပြီး များစွာအကျိုးသက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

ပြည်တွင်းရေးရာ

# နှစ်သစ်ကူးသင်္ကြန်နှင့် မြန်မာ့စိတ်ရင်း

**ခ** ခင်မောင်ငွေး(ပညာရေး)

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးလေပြီ။ အတာရေသဘင်ပွဲများ နိုင်ငံအနှံ့ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ နှစ်ကာလများစွာ အရုပ်ဆိုးအကျည်းတန်မှုများစွာဖြင့် ဖြတ်သန်းလာရာမှ မြန်မာ့မာန် မြန်မာ့ဟန်မပျက် ဂုဏ်သိက္ခာရှိသော မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲကို တွေ့ခဲ့ရသည်။

အတာရေသည် အေးမြလှပါသည်။ အညစ်အကြေးမှန်သမျှ သန့်စင်ဆေးကြောနိုင်ပါသည်။ တာကူးလ၊ ထန်းလူးလ၊ တန်ခူးလ ကူးပြောင်းခြင်းစသည့် အဓိပ္ပာယ်အမျိုးမျိုးတို့ဖြင့် နှစ်ဟောင်းအကျင့်ဟောင်းတို့ကို စွန့်ပစ်ကာ လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကိုကြိုဆိုကြသည့်ပွဲလည်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲများကလည်း နှစ်သစ်ကူးဆုတောင်းအဖြစ် နိုင်ငံသူနိုင်ငံသားအပေါင်း ကျန်းမာချမ်းသာကြပါစေကြောင်း၊ ပြည်သူပြည်သားများ တစ်နေ့ထက်တစ်နေ့ အရည်အချင်းတွေ ပိုမိုတိုးတက်ကြပါစေ၊ ကိုယ့်ရဲ့တာဝန်ကို သိသိနဲ့ ကိုယ်ရသင့်ရထိုက်တဲ့အခွင့်အရေးတွေအတွက် လုပ်ရဲကိုင်ရဲရှိကြပါစေကြောင်း ရိုးရှင်းစွာဆုတောင်းပေးခြင်းတို့နှင့်အတူပင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသံအမတ်ကြီး Roland Kobia ကလည်း ၁၃၇၈ ခုနှစ် မြန်မာနှစ်သစ်ကူးဆုတောင်းစကားများ ဆိုခဲ့သည်။

စင်စစ် မြန်မာ့အတာသင်္ကြန်သည် သရုပ်ပျက်သင်္ကြန်ဖြစ်ခဲ့သည်မှာ ကြာလေပြီ။ နေကုန်နေခန်း ရေဖြန်းတီးသောသင်္ကြန်၊ အရက်သေစာသောက်စားကာ မူးယစ်နေသောသင်္ကြန်၊ သရုပ်ပျက်ဝတ်စားဆင်ယင်မှုနှင့် သရုပ်ပျက်သီဆိုဖျော်ဖြေမှုများသည့်သင်္ကြန်၊ ငွေကြေးအမြောက်အမြားသုံးစွဲနိုင်သူတို့၏ အပျော်အပါးသင်္ကြန်ဖြစ်ခဲ့သည်။

ယခုနှစ် သင်္ကြန်ကား အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ထူးခြားစွာပြောင်းလဲသွားသည့် သင်္ကြန်ဖြစ်သည်။ သမ္မတအိမ်တော်တွင် နှစ်ရက်တိုင်ကျင်းပလေ့ရှိသည့် သင်္ကြန်မှာလည်း ခြိုးခြံချွေတာသောအားဖြင့် တစ်ရက်သာကျင်းပခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စုံညီနေကြသည်ကို တွေ့ရ၏။ သပြေခက်နှင့် ရေပက်ဖျန်းကာ အုန်းရွက်ဦးထုပ်ကလေးများကိုယ်စီဖြင့် ပကာသနမဖက်သည့် သဘာဝသက်သက်အလှ သင်္ကြန်ပင်ဖြစ်တော့သည်။

**ယခုနှစ်သင်္ကြန်ကား အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ထူးခြားစွာပြောင်းလဲသွားသည့် သင်္ကြန်ဖြစ်သည်။ သမ္မတအိမ်တော်တွင် နှစ်ရက်တိုင် ကျင်းပလေ့ရှိသည့်သင်္ကြန်မှာလည်း ခြိုးခြံချွေတာသောအားဖြင့် တစ်ရက်သာကျင်းပခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စုံညီနေကြသည်ကို တွေ့ရ၏။ သပြေခက်နှင့် ရေပက်ဖျန်းကာ အုန်းရွက်ဦးထုပ်ကလေးများကိုယ်စီဖြင့် ပကာသနမဖက်သည့် သဘာဝသက်သက်အလှသင်္ကြန်ပင်ဖြစ် . . .**

ယခုနှစ် ရန်ကုန်တွင် သင်္ကြန်မဏ္ဍပ်များ ယခင်နှစ်များလောက် မများလှသော်လည်း ရှိသည့်မဏ္ဍပ်များတွင် ရေပက်ခံကားများကလည်း စနစ်တကျ တန်းစီစောင့်ဆိုင်းနေကြသည်။ ဖျော်ဖြေရေးမဏ္ဍပ်များတွင် အားပေးနေကြသည့် လူငယ်လူရွယ်များမှာလည်း မိုက်မိုက်ရိုင်းရိုင်း မရှိကြ။ မူးမူးရူးရူး ထိန်းမနိုင် သိမ်းမနိုင် မဟုတ်ကြ။ လုံခြုံရေးအဖွဲ့ဝင်များကလည်း အပြည့်အဝ စနစ်တကျထိန်းသိမ်းပေးနိုင်ကြသည်ကို တွေ့ရ၏။

သင်္ကြန်ကာလအတွင်း ယာဉ်အသွားအလာနည်းသည်။ သွားလာနေသည့် စည်းကမ်းမဲ့ယာဉ်နည်းသည်။ ပုံပျက်ပန်းပျက် ဝတ်စားဆင်ယင်ကာ တစ်ကိုယ်တော်သွားလာနေသူများ၊ မူးယစ်နေသူများ နည်းသည်။ ရေကိုလည်း ခြိုးခြံချွေတာစွာဖြင့် အချိန်ကာလသတ်မှတ်ထားသည့်အတိုင်း ရေပက်ကစားကြသည်ကို တွေ့ရ၏။

ဆေးရုံဆေးခန်းများတွင်လည်း သင်္ကြန်မတိုင်မီကပင် ကြိုတင်ပြင်ဆင်နေသည့်သတင်းများ ဖတ်ရသည်။ သို့သော် ထင်ထားသလောက် ယာဉ်အန္တရာယ်မတွေ့ရ။ အသေအပျောက်နည်းသည်။ ဆိုင်ကယ်များသည် မြို့ကြီးအချို့တွင်သာ မတော်တဆမှုများကြောင်း သိရသည်။ ဆိုရလျှင် ငြိမ်းချမ်းလှသည့်သင်္ကြန်၊ သိမ်မွေ့လှသည့်သင်္ကြန်ဟု ဆိုရပေမည်။ မည်သို့ပင်ဆိုစေ သင်္ကြန်အတွင်း အကျည်းတန်အရုပ်ဆိုးလှသည့် မြင်ကွင်းများမှ ကင်းဝေး၍ စိတ်ချမ်းမြေ့ရသည်။ အသောက်အစား မူးယစ်ရမ်းကားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ မကြားရ၍ စိတ်ချမ်းသာရ၏။ ငြိမ်းချမ်းသောသင်္ကြန်၊ ယဉ်ကျေးသောသင်္ကြန်၊ ပျော်ရွှင်ဖွယ်ကောင်းလှသည့် သင်္ကြန်ပင်ဖြစ်သည်။

လွန်ခဲ့သည့်သင်္ကြန်ကာလများနှင့် နှိုင်းစာကြည့်လျှင် ပြည်သူတစ်ရပ်လုံးအတွက် အမြတ်များစွာရလိုက်သည်။ သာမန်အားဖြင့်တွေးကြည့်လျှင်ပင် ယခင်ကသင်္ကြန်သည် ငွေကြေးများများဖြုန်းနိုင်သုံးနိုင်သူတို့၏ သင်္ကြန်ဖြစ်သည်။ ယခု လူတိုင်းပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ကြသည်။ ယခင်က ငွေကြေးများစွာ အကုန်အကျခံကာ မဏ္ဍပ်များဆောက်ကြသည်။ ဆောက်ခွင့်ရအောင်လည်း ငွေများစွာပုံလောင်းကြသည်။ မဏ္ဍပ်တွင် ရေကစားခွင့်ရဖို့ကလည်း သိန်းဂဏန်းရှိသည်။ ယခင်မဏ္ဍပ်များတွင် သရုပ်ပျက်ဝတ်စားခြင်း၊ မူးယစ်သောက်စားပျော်ပါးနိုင်ရန် စီမံထားခြင်းများကြောင့် ပြည်သူ့အမြင် မတင့်တယ်ဖွယ်ရာများဖြင့် ဂုဏ်သိက္ခာမဲ့ခဲ့ရသည်။

ယခုနှစ်သင်္ကြန်ကား အမျိုးကောင်းသမီးများ၏ ဝတ်စားဆင်ယင်မှုများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာအားပေးခြင်းဖြင့် လူကိုယ်တိုင်ပါဝင်လာနိုင်သည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲဖြစ်ခဲ့သည်။ မဏ္ဍပ်ဆောက်ခွင့်ရသူတို့ကလည်း သတ်မှတ်ထားသည့်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြသဖြင့် အေးချမ်းပျော်ရွှင်မှုတို့ ရရှိကြသည်။

ဤသင်္ကြန်ပွဲတွင် ပြည်သူတို့၏စိတ်ရင်းကို သိရသည်။ ပြည်သူတို့သည် အကျိုးအကြောင်းစီလျော်စွာ ပွင့်လင်းမြင်သာမှုရှိသည်ကို သဘောကျကြသည်။ ပြည်သူတစ်ရပ်လုံး၏အကျိုးကို ရှေးရှုသည့် လုပ်ဆောင်ချက်များဆိုလျှင် လက်ခံကြသည်။ လိုက်နာကြသည်။ ဂုဏ်သိက္ခာကျစေနိုင်မည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်လာကြသည်။ ချမှတ်ထားသည့်စည်းကမ်းများအတိုင်း ပြုမူလာသည်။ အထူးသဖြင့် မြန်မာ့အတာသင်္ကြန်၏ပုံရိပ်ကို စည်းကမ်းရှိရှိ ပါဝင်ဆင်နွှဲလာကြသည်ကို တွေ့ရသည်။

ယင်းနှင့်ပတ်သက်၍လည်း အမြင်အမျိုးမျိုးရှိကြသည်။ အချို့က 'ယခင်ကစည်းကမ်းကို ကြပ်ကြပ်မတ်မတ်မရှိခဲ့' ဟု ဆိုသူကဆိုသည်။ အချို့က 'စည်းမဲ့ကမ်းမဲ့ဖြစ်အောင် လွှတ်ထားတာ' ဟု ယူဆသူလည်းရှိမည်။

စင်စစ် ယခုကဲ့သို့ ပြည်သူများ စည်းကမ်းရိုသေလိုက်နာကြခြင်းသည် အထူးအဆန်းတော့မဟုတ်။ ယခုလက်ရှိအစိုးရသစ်သည် ပြည်သူများက တစ်ခဲနက်ထောက်ခံကာ ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည်။ အစိုးရနှင့်ပြည်သူ စိတ်တူကြည်ဖြူကြသည့် ပြည်သူချစ်သောအစိုးရမို့ ပြည်သူများကလည်း အစိုးရသစ်သတ်မှတ်ပြဋ္ဌာန်းသမျှကို ချစ်ခင်စိတ်ဖြင့် ပို၍ လိုက်နာဆောင်ရွက်လာကြခြင်းဖြစ်သည်။ ပုဂ္ဂိုလ်ခင်မှလည်း တရားမင်နိုင်သည့်သဘောကို မြန်မာ့သင်္ကြန်က လှစ်ဟပြနေသကဲ့သို့ရှိ၏။ ။



## မဟာသင်္ကြန်ကာလအတွင်း ကယားပြည်နယ်သို့ ဘုရားဖူးဧည့်သည်များ လာရောက်မှုများလာ

**လွိုင်ကော် မေ ၁၇**

ကယားပြည်နယ်သို့ မဟာသင်္ကြန်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ဧည့်သည်များ လာရောက်မှုများမှာ ယခင်နှစ်ကထက် များပြားလာကြောင်းသိရသည်။

အဆိုပါဘုရားဖူးဧည့်သည်များသည် ကယားပြည်နယ်အတွင်းရှိ အထင်ကရဖြစ်သော သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီ)နှင့် ကျတ်ဂူ၊ အောင်သပြေဂူ၊ လွယ်တမူဂူ၊ ထီးပွင့်ကန်၊ ကန်ခုနှစ်ဆင့်၊ ဆုတောင်းပြည့်မြို့နမ်ရွှေစေတီ၊ ပဒေါင်လူမျိုးများတည်ရှိရာ ပန်ပက်ကျေးရွာများနှင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အစပ်တွင် တည်ရှိသော ထီးစဲခါးရေတံခွန်သို့ လာရောက်၍ ဘုရားဖူးခြင်း၊ အပန်းဖြေခြင်း၊ အမှတ်တရ လက်ဆောင်များဝယ်ယူခြင်းဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# စွယ်တော်မြတ် စေတီဖူးမြော်ရင်း အနားယူသူများပြား

**မန္တလေး မေ ၁၇**

ပူပြင်းသောနွေရာသီတွင် နေ့လယ်ပိုင်းအပြင်ထွက်လိုသူ နည်းပါးလျက်ရှိသည်။ နေပူရှိန်ကြောင့် ကျန်းမာရေးအထူးဂရုပြုလျက်ရှိသည်။ နေပူထဲမှ အအေးခန်းများအတွင်းဝင်မှုတွင် ဂရုပြုနေကြရသည်။နေ့လယ်ပိုင်းတွင် အအေးဆိုင်ထိုင်မှုတွင်လည်း သွပ်မိုးဖြင့်တည်ဆောက်ထားသောအမိုးအကာအောက်ဆိုင်များထက် သဘာဝသစ်ပင်ရိပ်များအောက်တွင်ထိုင်လိုကြသည်။ လက်ရှိကာလတွင် မန္တလေးစွယ်တော်မြတ်စေတီတွင် ညပိုင်းဘုရားဖူးရင်း ဘုရားရိပ်နှင့်ဘုရားဝင်းအတွင်း ဈေးဆိုင်များတွင်လူစည်ကားလျက်ရှိသည်။

နေ့လယ်ခင်းပူပြင်းသည့်အတွက်ညပိုင်းတွင်လွင်ပြင်ကျယ်ရှိရာနေရာလေဝင်လေထွက် ကောင်းရာနေရာများတွင်လွတ်လပ်စွာ သွားရောက်လေ့ရှိသည်။စွယ်တော်မြတ် စေတီမှာကျယ်ဝန်းပြီး ဈေးဆိုင်များဖြင့်စည်ကားသည့်အတွက်ညပိုင်းတွင်ဘုရားဖူးရင်း အနားယူသူများပြားလျက်ရှိသည်။ ဗုဒ္ဓစွယ်တော်မြတ်စေတီသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓ၏အထက်လက်ဝဲစွယ်တော်မြတ်ကြီးအား ၁၉၄၄၊ ၁၉၉၆၊ ၂၀၁၁ခုနှစ်တွင် မြန်မာနိုင်ငံသို့ပင့်ဆောင်ပူဇော်စဉ်တွင်စွယ်တော်မြတ်နှစ်ဆူကို ရင်ငွေ့တော်ခိုလုံစေကာ စွယ်တော်မြတ်နှင့်အတူ အပူဇော်ခံခဲ့သည်။ ထို စွယ်တော်နှစ်ဆူထဲမှတစ်ဆူကိုမန္တလေးမြို့၊ အမရပူရမြို့နယ်၊ မဟာဓမ္မရံသီကုန်းတော်၌စွယ်တော်မြတ်စေတီတစ်ဆူတည်ကာ တည်ထားကိုးကွယ်ခဲ့သည်။

စွယ်တော်မြတ်စေတီတည်ရာတွင် မြန်မာ့ရိုးရာရှေးထုံးအစဉ်အလာအတိုင်း မင်္ဂလာအခမ်းအနားကိုးမျိုးကိုပြုလုပ်ကာတည်ထားကိုးကွယ်ခဲ့သည်ဟုသိရသည်။ စွယ်တော်မြတ်စေတီ (မန္တလေး)သည်မဟာဓမ္မရံသီကုန်းမြေတွင် ဝတ္ထုကံမြေအပိုင်းအခြား ၁၁၃ ဒသမ ၅၆ဧကပေါ်တွင်အသွင် ၁၀၈ တောင်အမြင့်ဆောင်ကာ ဘုရားဂုဏ်တော်ကိုးပါးကိုအာရုံထား၍ မုဒြာကိုးပါး၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုးဆူ၊ မုခ် ၉ မုခ်၊ ဘုံ ၉ ဆင့်ဖြင့်တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်ဉာဏ်တော်အမြင့် ၁၀၈တောင်(၁၆၂)ပေ၊ ဖိနပ်တော်၁၅၂ပေ၊ ပန်းတင်ခုံ ကိုးပေ၊ တိုင်ကြီး ၄၅ လုံး၊ မုခ်ဦးကြီး ကိုးမုခ်၊ သရက်ကင်းလှေကားခုနစ်စုံ၊ မကာရ်းလှေကား ကိုးစင်း၊ ဗုဒ္ဓရုပ်ပွားတော် ကိုးဆူ၊ အရန်စေတီ ကိုးဆူ၊ ရောင်လင်းပေါက်၂၇ ပေါက်၊ ကာလသာအိုး ၂၇အိုး၊ ပစ္စယာ ငါးဆင့်၊ ကြာဝန်းကြေးဝန်း သုံးဆင့်၊ ကွမ်းတောင်အမြင့် ၃၇ ပေ၊ အထွတ်စေတီဉာဏ်တော်အမြင့်ပေ ၃၀၊ ပြဟ္မာရုပ် ကိုးရုပ်၊ ဝိသုကမ္မနတ်ကွန်း ကိုးခု၊ ခြင်္သေ့ရုပ် ၃၆ ရုပ်နှင့် ၄. ၈. ၁၉၉၅ မှ ၁၃. ၁၂. ၁၉၉၆ ခုနှစ်အတွင်းတည်ထားခဲ့သည်။ လက်ရှိကာလတွင် ညပိုင်းရောင်စုံမီးများဖြင့် ကြည်ညိုဖွယ်စွယ်တော်မြတ်စေတီကိုဖူးမြော်ရင်း ဘုရားဝင်းအတွင်းရှိ ဈေးဆိုင်များတွင် အနားယူသူများပြားလျက်ရှိကြောင်းသိရသည်။

**တိမ်တမန်**

# မုံရွာကြက်မွေးမြူရေးဇုန်တွင် H9N2ရောဂါပိုးသစ်တွေ့

**မုံရွာ ဧပြီ ၁၇**

ပြီးခဲ့သည့်၂၀၁၅ခုနှစ်ကH5N1ဖြစ်၍ကြက်နှင့် ငုံးအားလုံး သုတ်သင်ရှင်းလင်းခဲ့ရသော မုံရွာကြက်ငုံးမွေးမြူရေး အထူးဇုန်ကြီးကို ငုံးသီးသန့်ဇုန်ထူထောင်ကာ လက်ရှိ ဥစားကြက် ၁၂၀၀၀၀ ကျော်ကိုလွှန်ခဲ့သည့် ခြောက်လ ကျော်ကစတင် မွေးမြူလျက်ရှိရာ၂၀၁၆ ခုနှစ် ဧပြီ ၃ ရက် မှစတင်၍ ကြက်သေဆုံးမှုများရှိလာသည်။ ထိုသို့ သေဆုံး ခြင်းသည် နေအပူရှိန်ပြင်းသောကြောင့်ဟု ထင်ခဲ့ရာမှ ကြက်သေဆုံးမှုမှာ တဖြည်းဖြည်းများလာသောကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူ များသည်သေဆုံးသည့် ကြက်များအခြေအနေကို စောင့် ကြည့်ရင်းရောဂါရှိ မရှိဆိုသည့်အခြေအနေကို နေပြည်တော် နှင့်ရန်ကုန်မြို့များရှိဓာတ်ခွဲခန်းများသို့ပို့ဆောင် စစ်ဆေးရာ ဧပြီ ၁၂ရက် ကစစ်ဆေးတွေ့ရှိမှုသည်ပြီးခဲ့သည့်နှစ်က ဖြစ် သည့် H5N1မဟုတ်ဘဲ အဆင့်မြင့်ပြီး အန္တရာယ်ပိုများ သည့် H9N2ရောဂါပိုးသစ်ဖြစ်ကာ အဆိုပါ ရောဂါသည် ကမ္ဘာတွင် ဟောင်ကောင်တွင် ခဏသာဖြစ်ခဲ့ပြီးပြန်ပျောက် သွားကာယခုမုံရွာကြက်ဇုန်မှတွေ့ရှိခြင်းသည် ပထမဆုံး တွေ့ရှိခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိကြောင်းသိရသည်။

H9N2စတင်ဖြစ်ပွားနေသော မုံရွာကြက်မွေးမြူရေး ဇုန်သို့ နေပြည်တော်မှတာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ပညာရှင်များသည် ဧပြီ ၁၅ ရက်က ကြက်မွေးမြူရေးဇုန် လုပ်ငန်းရှင်များနှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်ကြ သည်။

"မုံရွာကြက်မွေးမြူရေးဇုန်ခြံအမှတ်၃၁နဲ့ ၃၂မှာဧပြီ ဆန်းပိုင်းလောက်ကတည်းက ကြက်အသေအပျောက် ရှိခဲ့တာပါ။ကြက်ကောင် ရေ၅၀စီရှိတဲ့အဲဒီ နှစ်ခြံမှာရောဂါ ရှိလို့လား အပူရှိန်လွန်ကဲလို့လားဆိုတာ အကြမ်းဖျဉ်းစစ် ဆေးလိုက်တဲ့အခါ ခြံအမှတ် ၃၂ မှာသံသယရှိစရာရောဂါ ပိုးကိုစတင်တွေ့ရှိလျှင်တွေ့ချင်း အဲဒီခြံကကြက်တွေကို ခြံရှင်ခွင့်ပြုချက် ကြက်မွေးမြူရေးဇုန်ကော်မတီရဲ့ ထောက်ခံချက်နဲ့ သုတ်သင်ရှင်းလင်းလာတာ ဧပြီ ၁၄ရက် အထိ ကြက်ကောင်ရေ ၆၉၂၆ကောင် ရှင်းလင်းသုတ်သင် ပြီးဖြစ်ပါတယ်။"ဟုမုံရွာခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသ ရေးဦးစီးမှူးဒေါက်တာမျိုးချစ်ထံမှသိရသည်။

ယခင်နှစ်ကထက်ပြင်းထန်သည်ဟုသတ်မှတ်ထား သော H9N2ရောဂါသည်ကြက်ခြံပိုင်ရှင်များ၏စည်းကမ်း ရှိမှုအပေါ်များစွာမူတည်နေပြီးမိမိလုပ်လိုရာဆောင်ရွက် သွားမည်မဟုတ်ဘဲ ခြံပိုင်ရှင်နှင့်လုပ်သားများပူးဆောင် ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် က ပြောကြားသည်။

"ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် မုံရွာကြက်ငုံးအထူးဇုန် မီးလောင်တော့လည်းမီးဘေးသင့်ခံခဲ့ရသလို၂၀၁၅ခုနှစ် ကဖြစ်ခဲ့တဲ့H5N1တုန်းကလည်းကြက်တွေအားလုံးသုတ် သင် ရှင်းလင်းတဲ့အထဲပါကုန်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း နိုင်ငံတော်ကခြံပိုင်ရှင်တွေကို အထောက်အပံ့တွေပေးခဲ့တာ ရှိပေမယ့်ပြန်လည်ထူထောင်ဖို့ အရင်းအနှီးငွေ လိုတဲ့ အတွက် ငွေချေးပြီးပြန်မွေးနေတာအခုချိန်အထိပြန်ဆပ် တာမကြေ သေးတဲ့သူတွေရှိနေပါသေးတယ်။ တချို့က တော့ ကြွေးခါစပဲရှိပါသေးတယ်"ဟုမုံရွာကြက်မွေးမြူရေးဇုန် လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ယခုအခါ မုံရွာကြက်ဇုန်အတွင်း ကြက်အသေ အပျောက်ရှိ၍ ရောဂါပိုးတွေ့သောအပိုင်းမှကြက်များကို သုတ်သင်ရှင်းလင်းနေသလိုကြက်ခြံအတွင်းရှိကျန်ရှိသော ရောဂါကင်း၍အသေအပျောက်မရှိသေးသော ကြက်ခြံများ ကိုစောင့်ကြည့်ကာဇီဝလုံခြုံရေးဖြစ်သည့် ခြံဖျန်းဆေးများ ဖြန်းခြင်း၊ အပူဒဏ်ကာကွယ်နိုင်ရန် ခြံအတွင်းရေပန်းပွား များတတ်ဆင်ခြင်း၊ ခြံပတ်လည်ရေအမြဲစိုစွတ်နေအောင် အဝတ်စောင်များ ကာရံထားခြင်းများအပြင် ဇုန်အဝင်၊ အထွက်နေမျာတွင် ဆေးဖျန်း၍ ကာကွယ်မှုများကို ယခင် ထက် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ထိုသို့ H9N2ရောဂါဖြစ်နေချိန်တွင်ကြက်မှလူသို့ကူး



မုံရွာကြက်မွေးမြူရေးဇုန်အဝင်ပေါက်တွင် ဇီဝလုံခြုံရေးဆေးဖျန်းနေသည်ကိုတွေ့ရစဉ်။

စက်မှုမရှိစေရန်ကျန်းမာရေးဦးစီးဌာနမှ ကြက်ဇုန်အနီး တွင် ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးဆေးခန်းကို ဖွင့် လှစ်ထားသလို အကယ်၍ အရေးကြီးလူနာရှိလျှင် အချိန်မီဆေးကုသနိုင်ရန် မုံရွာပြည်သူ့ဆေးရုံကြီးအတွင်း သီးသန့်ဆေးကုသရန် အခန်းများကိုလည်း စီစဉ်ထား ကြောင်း ကုသရေးဦးစီးဌာန မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးငြိမ်းထံမှသိရသည်။

H9N2ဖြစ်သည်ဟုသက်ဆိုင်ရာကအတည်ပြုချက် ရအပြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့ နယ်အဆင့်များ အပါအဝင် မွေးမြူရေးလုပ်ငန်းရှင်များ ပါဝင်သော ရောဂါထိန်းချုပ်ကာကွယ်ရေးအထူးအဖွဲ့ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့မှပညာရှင်များ၏ အကြံဉာဏ်အားများကိုရယူ၍ ဧပြီ ၁၅ရက်မှစတင်၍ အရှိန်တိုးမြှင့်ကာရောဂါကင်းစင်ရေးကို ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ဒေသခံပြည်သူများအား ထင်းများအခမဲ့ဖြန့်ဝေ

သရက် ဧပြီ ၁၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သမန်းပြင်ကျေးရွာတွင် အပူပိုင်း ဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဒေသခံ ပြည်သူများ ထင်းများ အခမဲ့ ဖြန့်ဝေခြင်းကို သမန်းပြင်ကျေးရွာ အတွင်း ပြုလုပ်ရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ သရက်မြို့နယ် ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ကျေးရွာနေ ပြည်သူများ တက် ရောက်ကြသည်။

အဆိုပါ ထင်းများအခမဲ့ဖြန့်ဝေ ခြင်းကို အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် သဘာဝတောထိန်းလုပ်ငန်း စဉ်(၈)ရပ်မှ တစ်ခုဖြစ်သော ဓမ္မတာ မျိုးဆက်ခြင်း ဧက ၂၀၀ ဆောင်ရွက် ရာမှ ထွက်ရှိသော ထင်း ၈ ဒသမ ၂၄၄ တန်ကို သရက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ် ခေါ်ဆောင်နှင့် တာဝန်ရှိသူတို့က သမန်းပြင်ကျေးရွာရှိ အိမ်ထောင်စု ၁၃ စုသို့ တစ်အိမ်ထောင်လျှင် ထင်း ၀ ဒသမ ၆၃၄ တန်နှုန်းဖြင့် ဖြန့်ဝေ ပေးရာ အိမ်ထောင်စု ၁၃စုသို့ ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

❑

# ရဲသတင်းပေးများအဂတိ ကင်းစေချင်

**ပဲခူး ဧပြီ ၁၇**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး ရှိ ပြည်သူ့ရဲတပ်ဖွဲ့များတွင် ရဲသတင်း ပေးဟုသော အသုံးအနှုန်းဖြင့် ပြည်သူ့ရဲတပ်ဖွဲ့များအပေါ် ကူညီ သတင်းပေး ဆောက်ရွက်နေသူများရှိ နေကြ ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်သူ့ရဲတပ်ဖွဲ့အား တစ်ဖက်တစ်လမ်းမှ လက်လှမ်းမီသမျှ ကူညီသတင်းပေး ဆောင်ရွက်နေခြင်း အား ကြိုဆိုလေးစားကြရမှာဖြစ်သလို သတင်းပေးများကြောင့်လည်း ပြည်သူ့ ရဲတပ်ဖွဲ့ ဂုဏ်သိက္ခာကျဆင်းစေမည့် ကိစ္စရပ်များမဖြစ်ပေါ်စေရေး သတိ ကြီးစွာ ထားရှိရန် လိုအပ်နေပေမည်။

မှုခင်းများ ကျဆင်းလျော့နည်း စေရန် သတင်းတိကျခိုင်လုံစွာ ရရှိမှု သည် အရေးကြီးလှပြီး ပြည်သူထဲက ပြည်သူများသာလျှင် ပိုမိုသတင်းရရှိ ခြင်း မြန်ဆန်မှုရှိမှာဖြစ်ရာ ထိုပြည်သူ ရဲတပ်ဖွဲ့၏ သတင်းပေးများ အဂတိ ကင်းစင်မှလည်းမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတို့တွင် မှုခင်းလျော့နည်း ပပျောက်ကာ ပြည်သူ့ရဲတပ်ဖွဲ့ ဂုဏ်သိက္ခာ အားမြှင့်တင်နိုင်မှာဖြစ်သည်။

ပဲခူးမြို့မှာဆိုရင် နှစ်လုံး၊ သုံးလုံး၊ ဘောလုံး ဒိုင်စတဲ့လောင်းကစားတွေ ရပ်ကွက်တိုင်းရှိနေတုန်းပါပဲ ရဲ သတင်းပေးတွေက သူတို့နှင့် အဆင် ပြေရင်တစ်မျိုး၊ အဆင်မပြေရင် တစ်မျိုး ရဲတပ်ဖွဲ့ကို အကြောင်းပြပြီး အဂတိလိုက်စားနေကြတာ၊ ရဲတပ်ဖွဲ့ ဝင်များထက်တောင် ရဲသတင်းပေး တွေက အဆင်ပြေပြီး သူတို့ကို ပိုကြောက်နေရတယ်လေ။ နာမည် ပျက်တော့ ရဲတပ်ဖွဲ့တွေ နာမည် ပျက်ရတာပါလို့ ပဲခူးမြို့ခံတစ်ဦးမှ ပြောပြသည်။

ပြည်သူ့ရဲတပ်ဖွဲ့များအနေနှင့် ရဲတပ်ဖွဲ့ ဂုဏ်သိက္ခာမကျဆင်းစေရန် ရဲသတင်းပေးများအပေါ် မျက်နှာလွှဲ ခဲပစ်မထားဘဲ အဂတိကင်းစင်မှု ရှိစေဖို့ သတိချပ်သင့်ပါကြောင်း အသိပေး ရေးသားလိုက်ရပါသည်။

**(၅၈၇)**

# ဒလမြို့ရှိတည်းခိုခန်းတစ်ခု၌ အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**ဒလ ဧပြီ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ တည်းခိုခန်းတစ်ခုတွင် သင်္ကြန်အကျနေ့ ဧပြီ ၁၃ ရက်က လာရောက်တည်းခိုခဲ့သော ဆိပ်ကြီးခနောင်တို မြို့နယ်မှ အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒလမြို့မရဲစခန်းတွင် ဒုရဲအုပ်သက်ထက်ဇော် တာဝန်မှူးဆောင်ရွက်နေစဉ် ထိုနေ့ ညနေ၆နာရီခွဲက မြို့မ(၄)ရပ်ကွက် ကင်းဝန်မင်းကြီးလမ်းရှိ တည်ခိုခန်း ပိုင်ရှင်က လူတစ်ဦးကြိုးဆွဲချသေဆုံးနေကြောင်း ဖုန်းဆက် အကြောင်းကြားသဖြင့် မြို့မရဲစခန်းမှူး ရဲအုပ်သက်နိုင်တို့ အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဝသုန်(ခ)အငယ်ကောင်(ခ)ကုလား (၂၃)နှစ်၊ ကျဘမ်း၊ (၄၈)ထိပ်လမ်း၊ ကွက်သစ်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နေသူ ဖြစ်ကြောင်း၊ ထိုနေ့ နံနက် (၈)နာရီက လာရောက် တည်းခိုခဲ့ပြီး သူတည်းခိုသည့် အခန်းအတွင်း ထုပ်တန်းအမြင့် ၁၀ ပေခန့်ရှိ မျက်နှာကျက် တွင် သုံးပေခန့် အရှည်ရှိ ခရမ်းရောင်ခန်းဆီးစအားချည်၍ မတ်တပ်ရပ် အနေအထားဖြင့် ကြိုး ဆွဲချသေဆုံးလျက် ရှိကြောင်းနှင့် အရက်ကို အလွန်အကျွံ သောက်တတ်သူ ဖြစ်ကြောင်း စုံစမ်းစစ်ဆေး သိရသည်။

အလောင်းအား စစ်ဆေးရာ ပြင်ပဒဏ်ရာမရှိသဖြင့် ဒလဆေးရုံသို့ တင်ပို့ခဲ့ရာ လက်ခံထားပြီး ဒလမြို့မ ရဲစခန်း က ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သေမှု သေခင်းအမှတ်-၇/၁၆ ဖြင့် ဖွင့်လှစ်စစ်ဆေးဆောင်ရွက် ထားခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

ပြည်တွင်းရေးရာ

# နှစ်ဆန်းတစ်ရက်မှသည် ...
# ရှေ့ဆီ ဘယ်လိုရည်မှန်းချက်ချမလဲ ...

## သရက်တန်းစိုးရွှေ(စိတ်ပညာ)

သင်္ကြန်ကာလအပြီး နှစ်ဆန်းတစ်ရက်သို့ ရောက်ရှိလို့လာပြီဖြစ်သည်။ ပျော်ခဲ့ပြီ. . အချို့လည်းဝမ်းနည်းပူဆွေးမှုတို့နှင့်ကြုံခဲ့ပြီ။ ခံစားမှုအလီလီ တွေ့ဆုံမှုအထွေထွေအကြားရှေ့ဆီဘယ်သို့သွားမည်ဆိုသည်က အရေးကြီးလာပြီဖြစ်သည်။ လိမ်ညာ၍မရသည့်အထဲတွင်ကိုယ်တိုင်က ထိပ်ဆုံးမှပါဝင်နေသည်။ ကိုယ်တိုင်ကိုယ့်ကိုယ်ကိုယ်လိမ်မရခြင်းနှင့်အညီ ကိုယ့်နှင့်သက်ဆိုင်သည့်ကိုယ့်အကြောင်းကိုယ်သာကောင်းကောင်းသိနေပေသည်။ လက်ရှိကာလသည် ဝေဖန်လေကန်ရမည့်ကာလမဟုတ်ဘဲ. . ညီညွတ်စွာနဲ့လျှောက်လှမ်းရမည့်ကာလပင်ဖြစ်နေပေသည်။ နှစ်ဆန်းတစ်ရက်နေ့မှသည်. . ရှေ့ဆီ မည်သို့သောရည်မှန်းချက်နှင့်သွားမည်ဆိုသည်ကို ကောင်းစွာသတ်မှတ်ထားကြရမည်ဖြစ်ပေသည်။

မိမိဘဝတိုးတက်ခြင်း၊ မတိုးတက်ခြင်းသည် မိမိနှင့်တိုက်ရိုက်ပတ်သက်နေပေသည်။ ကောင်းတာလုပ်သမျှကောင်းတာဖြစ်ပြီး မကောင်းတာလုပ်သမျှ မကောင်းတာဖြစ်သည့်သဘာဝအကြား ကိုယ်တိုင်၏ပြုမူဆောင်ရွက်မှုများ မည်သည့်ဘက်ကိုဦးတည်နေသည်ကို ပြန်လည်ကြည့်ရှုရမည့်ကာလပင်ဖြစ်သည်။ လူ-အပူနှင့်မကင်းမှားခြင်းလည်းရှိနေတတ်ပေသည်။ ကုန်လွန်ခဲ့သောအချိန်ကာလကိုပြန်ယူမရသောအမှန်တရားအကြား ရှေ့ဆီကောင်းမှုများဖြင့် ချီတက်ဖို့လိုအပ်နေပေသည်။

> ပါတီစွဲ ဝါဒစွဲဖြင့် ... ငါမှငါဘဲဆိုသော အတွေးတို့ လျော့နည်းအောင်ပြုလုပ်ရမည့်ကာလပင်ဖြစ်ပေသည်။ တိုးတက်ခြင်းကိုအလိုရှိသမျှ တိုးတက်စေသောခံယူမှု လုပ်ဆောင်မှုတို့ဖြင့် စတင်ရပေမည်။ ဘေးထိုင်ဘုပြောကာ အချိန်ဖြုန်းမည့်အစား အကျိုးပြုသည့်လုပ်ဆောင်ချက်များဖြင့် စတင်အကောင်အထည်ဖော်ရပေမည်။

လက်တွေ့လောကတွင် အပြုသဘောဆောင်ပေးဆပ်လုပ်ကိုင်ခြင်းထက် ဝေဖန်လေကန်ကာအတ္တစွဲဖြင့် အပြစ်ပြောနေခြင်းတို့များနေပေသည်။အလုံးစုံပြီးပြည့်စုံခြင်းမရှိသည့် လောကထဲတွင် မိမိဘဝတိုးတက်ရေး မိမိတိုင်းပြည်တိုးတက်ရေးအတွက် မိမိနှင့်အနီးဆုံးပတ်ဝန်းကျင်ကို အလှဆင်ခြင်းဖြင့်စတင်ရပေမည်။ ပြုပြင်ပြောင်းလဲမှုများစွာထဲတွင်ပထမဦးဆုံးပြောင်းလဲရမည်မှာ မူရင်းစိတ်ခံယူမှုများမှာအဓိကပါဝင်နေပေသည်။ ဖားခြင်း၊ အကပ်၊ အမြတ်မှအစတွင်ကျယ်စွာသုံးလာသောစကားများအကြား အရည်အချင်းများနှင့်ယှဉ်ပြိုင်ရမည့်ကာလရောက်ရှိနေပေသည်။

ပါတီစွဲဝါဒစွဲဖြင့် . . ငါမှငါဘဲဆိုသော အတွေးတို့လျော့နည်းအောင်ပြုလုပ်ရမည့်ကာလပင်ဖြစ်ပေသည်။ တိုးတက်ခြင်းကိုအလိုရှိသမျှ တိုးတက်စေသောခံယူမှုလုပ်ဆောင်မှုတို့ဖြင့် စတင်ရပေမည်။ဘေးထိုင်ဘုပြောကာ အချိန်ဖြုန်းမည့်အစား အကျိုးပြုသည့်လုပ်ဆောင်ချက်များဖြင့် စတင်အကောင်အထည်ဖော်ရပေမည်။ ခေါင်းဆောင်သူတို့ ဘာတွေလုပ်ပေးမလဲဆိုသော အားကိုးရေးဝါဒထက 'ကိုယ်ကဘာတွေလုပ်ပေးနိုင်သလဲဆိုသည့်အတွေးတို့ အစားထိုးပြောင်းလဲရမည် ဖြစ်ပေသည်။ နှစ်ပေါင်းများစွာစွဲလာခဲ့သော စိတ်အစွဲတွင် ကြောက်ရွံ့မှုတို့ပါနေပေသည်။ အားငယ်မှုတို့ကြီးစိုးနေပေသည်။ကိုယ့်ကိုယ်ကိုယုံကြည်မှုတို့လျော့နည်းနေသည်လည်းရှိနေပေသည်။အထူးသဖြင့် နည်းစနစ်မမှန်သော ရှာဖွေမှုများ၊ ဘိုးဘွားအမွေကိုဖြုန်းတီးမှုများ ကိုယ့်ပတ်ဝန်းကျင်တွင် တွေ့ကြုံနေရမြဲပင်ဖြစ်ပေသည်။ ပြင်ဆင်မှုများစွာအကြား အားငယ်နေမည့်အစားနီးစပ်ရာကစတင်ပြုပြင်ပြောင်းလဲရမည်ဖြစ်ပေသည်။ တိုးတက်ရေးအတွက် မိမိစိတ်ဓာတ်နှင့် လုပ်ရပ်များကစံပြဖြစ်အောင်စတင်ဆောင်ရွက်ဖို့လိုအပ်နေပြီဖြစ်ပေသည်။ ကောင်းသည့်အစွဲကို ပိုမိုတိုးတက်အောင် ပြုလုပ်ပြီး မကောင်းသည့်အစွဲကိုနှစ်ဆန်းတစ်ရက်နေ့မှ စကာပယ်ဖျက် ရုပ်သိမ်းဖို့ ကိုယ်တိုင်ပြဋ္ဌာန်းပေးရမည်ဖြစ်ပေသည်။

နှစ်ဆန်းတစ်ရက်ရောက်လာပါချေပြီ။ ကျန်းမာရေးအတွက်ကျင့်ဆောင်ရမည်များကို ရည်မှန်းချက်ချမည်လား။ ပညာရေးအတွက် ရည်မှန်းချက်ချမည်လား၊ကုသိုလ်ရေးအတွက်ရည်မှန်းချက်ချမည်လား။ ရင်းနှီးမြှုပ်နှံရေးစီးပွားရေးအတွက်ရည်မှန်းချက်ချမည်လား။ ကဏ္ဍများစွာရှိနေပေသည်။ မကောင်းသည်ကိုပယ်ကာ ကောင်းသည်များကို သယ်ယူသွားဖို့ အချိန်ရောက်လာပြီဖြစ်ပေသည်။ ကာလ. . ကောင်းစွာအသုံးချမှုဆိုသောစကားနှင့်အညီ ရင်ဆိုင်ရမည့်နှစ်တွင် တိုးတက်မှုများစွာရရှိရေးကျင့်ဆောင်ပေးရမည်ဖြစ်ပေသည်။

ပြီးခဲ့သည့်နှစ်ဟောင်းတွင်ကောင်းသည်များလည်းရှိခဲ့မည်ဖြစ်ပေသည်။ မကောင်းသည့်အကျင့်များကိုလည်းပြုလုပ်ခဲ့မိပြီးဖြစ်ခဲ့ပေလိမ့်မည်။ ပြန်လည်ပြုလုပ်မရသောအတိတ်ကိုထားရှိကာလက်တွေ့ရင်ဆိုင်ရမည့်ကာလကိုလက်စွဲမိတ်ဆက်ရင်းကောင်းသည့်ဘက်အားသာအောင်ပြုလုပ်ရမည်ဖြစ်ပေသည်။ဝေဖန်လေကန်မှုတို့ထားရစ်ဖို့လိုလာပါချေပြီ။မညီညွတ်ခြင်းတို့စွန့်ပယ်ပြစ်ဖို့လိုအပ်လာပါချေပြီ။အမုန်းတရားတို့ပစ်ပယ်ထားကာ ချစ်ခင်ညီညွတ်ခြင်းများအဆပွားဖို့လိုအပ်လာပါချေပြီ. . ။နှစ်ဆန်းတစ်ရက်နေ့မှသည်ရှေ့ဆီ-ကောင်းမွန်သောနှစ်သစ်ဆီချီတက်ရပေမည်။ နှစ်ဆန်းတစ်ရက်မှရှေ့ဆီအောင်မြင်ခြင်း၊ တိုးတက်ခြင်း၊ ညီညွတ်ခြင်း၊ ကူညီခြင်းများစွာဖြင့် ရှေ့ဆီချီတက်ရင်းကောင်းမွန်သော လုပ်ဆောင်ခြင်းများဖြင့် ချီတက်သင့်လှပါပေသည်။



# သင်္ကြန်ကာလအတွင်း တရားစခန်းဝင်သူများပြား

**လယ်ဝေး မေ ၁၇**
မြန်မာတို့နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့်အချိန်အခါဖြစ်သော မဟာသင်္ကြန် အကြိုနေ့မှစ၍ လယ်ဝေးမြို့နယ်အတွင်းရှိပြည်သူများ ကုသိုလ်ကောင်းမှုပြုခြင်း၊ အေးချမ်းစွာရေကစားခြင်းဖြင့် နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲလျက်ရှိသည်။

လယ်ဝေးမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဒုလ္လဘဝတ်ခြင်း၊ တရားစခန်းများ၌ ရက်ရှည်တရားအားထုတ်ခြင်း၊ ဆရာတော်များထံမှ တရားဒေသနာတော်များ နာယူခြင်းစသော ကုသိုလ်ကောင်းမှုများကို နှစ်ဆန်းတစ်ရက်နေ့အထိ ခြောက်ရက် ကြာလယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီလဆောက်တည်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ထန်တလန် မေ ၁၇**
ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မေ ၁၄ ရက် နံနက် ၉ နာရီက ထန်တလန် မြို့နယ်အတွင်းရှိ သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ကြောင်ထီးယား-ဖဲဖိုင်ကျေးရွာ ချောင်းကူးတံတားနှင့် လဲအော်တံတားများ ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ထန်တလန်မြို့နယ် တလွန်ရမ်း(ခ) ကျေးရွာနှင့် ဆန်ပီချုံးကျေးရွာတို့သို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မေ ၁၅ ရက်တွင် ဇဲဖိုင်(က)ကျေးရွာနှင့် ဇဲဖိုင်(ခ)ကျေးရွာတို့သို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရိခေါဒါရ်မြို့၌ သစ်သီးဝလံရောင်းဝယ်မှု
# စီးပွားဖြစ်လုပ်ကိုင်သူများပြားလာပြီး ဖရဲသီးဈေးကွက်ဖြစ်ထွန်း

**ရိခေါဒါရ် မေ ၁၇**
ပူပြင်းသည့်ခြောက်သွေ့သည့် နွေရာသီရောက်ရှိလာသည်နှင့်အမျှအရည်ရွှမ်းသောသစ်သီးဝလံများကို လူကြိုက်များလာပြီး သစ်သီးဝလံဝယ်ယူမှုအားမြင့်တက်လာရာ မြန်မာ- အိန္ဒိယနယ်စပ် ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့၌ ယခင်နှစ်များထက် သစ်သီးဝလံ ရောင်းဝယ်မှုပိုမိုကျယ်ပြန့်လာကာ ယခုနှစ် ဖရဲသီးရောင်းဝယ်မှုဈေးကွက်ဖြစ်ထွန်းလျက်ရှိပြီး စီးပွားဖြစ်လုပ်ကိုင်ကြသူ များပြားလာကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ဒေသတစ်ဝိုက်ကဖြစ်ထွန်းတဲ့ ဖရဲသီးတွေကို ကားနဲ့သယ်ပြီး ဂျစ်ကားတစ်စီးကို တန်ဆာခကျပ် နှစ်သိန်းကျော်နဲ့ စင်းလုံးငှားဝယ်ယူ တင်ပို့ရောင်းချလာတာပါ။ ကားတစ်စီးကို ဖရဲသီးအလုံး ၁၀၀၀ ကနေ အလုံး ၂၅၀၀ အထိတင် ဆောင်နိုင်ပါတယ်။ ဒီမြို့မှာဆိုရင် ဖရဲသီးအကြီးအသေးပေါ်မူတည်ပြီးတော့ ငွေကျပ် ၁၅၀၀ ကနေ ကျပ် ၃၀၀၀၊ ၄၀၀၀ အထိ ရောင်းပေးနေပါတယ်။ တစ်ဖက်နိုင်ငံ အိန္ဒိယနိုင်ငံ ကြမ်ဖိုင်းနှင့် အိုင်ဇောလ်မြို့အထိကိုလည်း တင်ပို့ရောင်းချပါတယ်။ ဟိုမှာဆိုရင် ရူပီးငွေ ၁၀၀ ကနေ ၃၀၀ အထိ ဖရဲသီး အလုံးပေါ်မူတည်ပြီး ရောင်းရပါတယ်။မနှစ်ကထက် ဖရဲသီးဈေးကွက်က ပိုပြီးဈေးကွက်ဖြစ်ထွန်းလာပါတယ်"ဟု ဖရဲသီးတင်ပို့လုပ်ကိုင်သည့် ကုန်သည်တစ်ဦးက ပြောသည်။

ရိခေါဒါရ်မြို့ဟာ လူဦးရေက နည်းသေးပေမယ့် နယ်စပ်မြို့ကလေးဖြစ်တော့ လူဝင် လူထွက်များတာကတစ်ပိုင်း၊ ချင်းပြည်နယ်မှာ အထူးထင်ရှားလူသိများပြီး တောင်ကုန်းပေါ်က တစ်မူထူးခြားတဲ့ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်ကြီးရှိတော့ ပွင့်လင်းရာသီမှာ လေ့လာရေးခရီးအနေနဲ့ လာရောက်လည်ပတ်ကြတာကတစ်ပိုင်း၊ အခုနှစ်သင်္ကြန်ကာလမှာ အပန်းဖြေလေ့လာရေးအနေနဲ့ လာရောက်လည်ပတ်ကြတဲ့ ခရီးသည်တွေက တစ်ပိုင်းလူဦးရေအရောက်အပေါက်များပြီး ဖရဲသီးရောင်းအားလည်း တော်တော် ကောင်းလာပါတယ်" ဟု ၎င်းကဆက်လက်ပြောပြသည်။

ရိခေါဒါရ်မြို့တွင် ဖရဲသီးများသာမက ပန်းသီးပေါ်သည့်အချိန်ကာလတွင်ပန်းသီးများကိုပါ တင်ပို့ရောင်းချလျက်ရှိကြရာ သစ်သီးဝလံများတင်ပို့ရာတွင် ဖရဲသီးသည် တင်ပို့ရောင်းချမှု အများဆုံးဖြစ်ကြောင်း သိရသည်။**ဖိုဟောဆာ**



ကြေးမုံ

ဧပြီ ၁၈၊ ၂၀၁၆

# ဥပဒေတွေ အသက်မဝင်သေးတော့ ကော်ဖီမစ်တို့လည်း အစစ်ဆေးခံနေရရှာ

**မောင်လွင်ပြင်**

ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသည့် အသင့်သောက်ကော်ဖီမစ်ထုပ်များနှင့် ကော်ဖီမစ် ကုန်ကြမ်းပစ္စည်းများကို မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က စစ်ဆေးနေသည်။ အသင့်သောက်ကော်ဖီမစ်ထုပ်များထဲတွင် ပြည်သူတို့ကျန်းမာရေးကို ထိခိုက်နိုင်သော ပစ္စည်းများရောနှောကာ မသမာသည့် နည်းဖြင့် ထုတ်လုပ်ရောင်းချနေသည်ဟူသော သတင်းထွက်နေခြင်းကြောင့် ဖြစ်သည်။ ကော်ဖီမစ်ထုပ်ထဲတွင် အုန်းမှုတ်ခွံအမှုန့်များ၊ ထန်းလျက်ခဲအမှုန့်များစသည် မလျော်ကန်သည့်ပစ္စည်းများရောနှောပါဝင်နေသည်ဟု ဆိုနေကြသည်။ ညည တီဗွီကြော်ငြာများတွင်လည်း အသင့်သောက်ကော်ဖီမစ်ကြော်ငြာများက မင်းမူနေသည်။

ဈေးကွက်ထဲတွင် ကော်ဖီမစ်ရောင်းအား မည်မျှတက်နေသည်မသိ။ ပေးနေသည့် ကံစမ်းမဲဆုကြေးငွေ ပမာဏကလည်း ကြောက်ခမန်းလိလိ။ ကျပ်သိန်းတစ်ထောင်ဆု ၁၀ဆု၊ ကျပ်သိန်း ၅၀၀ဆု ၂၀ဆု၊ ကျပ်သိန်း ၅၀၊ သိန်း၂၀၊ ၁၀သိန်းစသည်ဖြင့် ဆုကြေးငွေများ တီဗွီဖန်သားပြင်ပေါ်တွင် ပလူပျံနေသည်။ ပေါက်သည့်သူလည်း ပေါက်ကြသည်။ ကံစမ်းမဲပေါက်လျှင် မဲပေါက်သူထံ အရောက်သွားပြီး ချက်ချင်းဆုချီးမြှင့်သည်။ တီဗွီတွင် ဓာတ်ပုံနှင့်တကွ ဖော်ပြ ခံရသည်။ အင်တာဗျူးလည်း လုပ်ပေးမည့် ရုပ်သံမီဒီယာကလည်း အဆင်သင့်ရှိသည်။ တစ်ခါတစ်ခါစဉ်းစားသည် မြန်မာပြည်သူတွေ ထမင်းမစားဘဲ ကော်ဖီမစ်တွေချည်းပဲ လိုမ့်သောက်နေကြရော့လားဟု။ ကော်ဖီမစ်သည် အခြေခံလူတန်းစားများအတွက် နေ့စဉ်သုံးစားသောက်ကုန်စာရင်းထဲ ပါဝင်နေသည်။ နံနက်စောစောထ အလုပ်သွားရသူသည် ကော်ဖီမစ်တစ်ခွက်သောက်၊ ပဲပြုတ်နှင့် ထမင်းကြမ်းစားကာ ဗိုက်ဖြည့်လိုက်ရသည်လည်း ရှိသည်။ကော်ဖီမစ်တစ်ခွက်တည်းဖြင့် မနက်အစောစာ ပြီးသွားရသူလည်းရှိသည်။ ထို့ကြောင့် ကော်ဖီမစ်သည် တစ်နေ့လုပ် တစ်နေ့စားရသူများအတွက် အစာပြေပစ္စည်းဖြစ်နေ၍ ကော်ဖီမစ်ထုတ်သည့် လုပ်ငန်းများတိုးပွားနေသည်။ တံဆိပ်ပေါင်းလည်း များလှသည်။ တီဗွီကြော်ငြာကြည့်လျှင် သိနိုင်သည်။ ကျပ် ၁၀၀ရှိလျှင် ကော်ဖီမစ်တစ်ခွက် သောက်နိုင်သည်ဖြစ်သဖြင့် ကော်ဖီမစ်ထုပ်ထဲတွင် မလျော်ကန်သော ပစ္စည်းများရောလျှင်လည်း ရောနိုင်၏။

> **ပြဋ္ဌာန်းခဲ့သော "ယှဉ်ပြိုင်မှုဥပဒေ"ကလည်း ဥပဒေရှိရုံအဖြစ်သာ ပြဋ္ဌာန်းခဲ့သောအခါ ယင်းဥပဒေသည်လည်း လက်ဝါးကြီးအုပ်စီးပွားရေးစနစ်အောက်တွင် တိမ်မြုပ်သွားရသောအခါ ယခု ကော်ဖီမစ်ထုပ်ထဲတွင် မလျော်ကန်သည့် ပစ္စည်းများရောနှောထုတ်လုပ်ရောင်းချခြင်းမျိုးကဲ့သို့**

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အသင့်သောက်ကော်ဖီမစ်ထုပ်များအား စစ်ဆေးခြင်းကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ကတည်းက စတင်ဆောင်ရွက်နေသည်။ ဦးစီးဌာနက စိစစ်ကောက်ခံပေးထားသည့် သက်တမ်းရှိ ကော်ဖီမစ်ထုတ်လုပ်ရေးလုပ်ငန်းများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးနေသည်။ ကုန်ကြမ်းစတိုများရှိ ကော်ဖီမစ်ထုပ် ကုန်ကြမ်းပစ္စည်းများကိုလည်း နမူနာကောက်ယူဓာတ်ခွဲစစ်ဆေးနေသည်။ ယခုအခါ ပြည်တွင်းဓာတ်ခွဲခန်းတွင် စစ်ဆေးနေသည့်အပြင် အခြားစစ်ဆေးမှုများလိုအပ်နေသဖြင့် ပြည်ပဓာတ်ခွဲခန်းတစ်ခုနှင့် ပူးပေါင်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု သတင်းရသည်။ ပိုမို၍ တိကျသေချာစေချင်၍ ဖြစ်မည်ဟုထင်သည်။ စစ်ဆေးသည် ဆိုရာတွင် ပြည်တွင်းမှာပဲ စစ်စစ်၊ မလုံလောက်သေး၍ ပြည်ပသို့ ပို့ပြီးပဲစစ်စစ် စစ်ဆေးဖော်ထုတ်ခြင်းသည် အများပြည်သူကျန်းမာရေးအကျိုးစီးပွားဘက်က ရပ်တည်ခြင်းဖြစ်၍ အားပေးရပါမည်။ စောင့်စားရပါမည်။


ကော်ဖီမစ်ထုတ်လုပ်သည့် လုပ်ငန်းများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ အများစုတည်ရှိနေသဖြင့် မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနသည် စိစစ်ထောက်ခံထားသည့် သက်တမ်းရှိ ကော်ဖီမစ်လုပ်ငန်းများကို ရှောက်တခင်ဝင်ရောက်စစ်ဆေးမှုကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ကို တာဝန်ပေးခဲ့သည်။ ယင်းရုံးခွဲသည် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း၊ မှုခင်းတပ်ဖွဲ့အစရှိသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်နေသည်ဟု သိရသည်။ ရှောင်တခင်စစ်ဆေးခြင်းတွင် အထက်ဖော်ပြပါဌာနဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်၍ ကျယ်ပြန့်မှုသဘော၊ ထိရောက်မှုသဘောတော့ ဆောင်ပါသည်။ ဖြစ်နိုင်လျှင် ဩဇာတိက္ကမရှိသော မြို့မိမြို့ဖများ၊ မြို့နယ်စားသုံးသူ လူမှုအသင်းအဖွဲ့များနှင့် မီဒီယာများလည်း ထပ်မံပေါင်းထည့်စေလိုသည်။ မီဒီယာဟုဆိုရာတွင် နိုင်ငံပိုင်မီဒီယာ၊ ပုဂ္ဂလိကပိုင် မီဒီယာတို့ကို ဖိတ်ကြားပြီး ဝင်ရောက်စစ်ဆေးသင့်သည်။ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနက ကိစ္စအဝဝ လုပ်ဆောင်ပြီးမှ သတင်းထုတ်ပြန်ခြင်းထက်စာလျှင် ဆောင်ရွက်နေဆဲ မှာပင် မီဒီယာများအား ခေါ်ယူပြသပူးပေါင်းလုပ်ဆောင်ခြင်းက အများပြည်သူထံသို့ သတင်းအမှန်အမြန်ရောက် သွားစေမည်ဟု ယူဆသည်။ သို့မှသာ မီဒီယာများလည်း ပြည်သူ့ဝန်ဆောင်မှုမီဒီယာပိုမိုပီသလာမည်။ အစိုးရဦးစီးဌာနများလည်း ပြည်သူကိုဗဟိုပြုသော ဝန်ဆောင်မှုဌာနများပိုမိုဖြစ်လာနိုင်ပါသည်ဟု သုံးသပ်မိသည်။

အသင့်သောက်ကော်ဖီမစ်ထုပ်များ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာခြင်းမှာ ၁၉၉၃ ခုနှစ်နောက်ပိုင်းကာလများဟု မှတ်သားမိသည်။ ထိုစဉ်က ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့က ထုတ်လုပ်သည့် ကော်ဖီမစ်ထုပ်များသာ တင်သွင်းဖြန့်ဖြူးကြသည်။ ထို့နောက် ရန်ကုန်စက်မှုဇုန်အချို့တွင် ဖက်စပ်ကော်ဖီမစ်စက်ရုံများ စတင်တည်ထောင်ခဲ့သည်။ သည်နောက်တော့ ပြည်တွင်းလုပ်ငန်းရှင်များက တံဆိပ်အမျိုးမျိုး၊ ထုတ်ပိုးမှုအမျိုးမျိုးဖြင့် ကော်ဖီမစ်များကို အပြိုင်ထုတ်လုပ်ခဲ့ကြသည်။ ထိုင်းနှင့် စင်ကာပူမှဝင်လာသည့် ကော်ဖီမစ်ထုပ်များသုံးစွဲနေရသည့်အချိန်တုန်းက ယခုကဲ့သို့ ကော်ဖီမစ်ထုပ်များထဲတွင် မလျော်ကန်သည့်ပစ္စည်းများ ပါဝင်နေသည်။ ဤကဲ့သို့ မကြားမိခဲ့။ မြန်မာ FDA က စစ်ဆေးရလောက်အောင်လည်း ပြဿနာမရှိခဲ့။ ယခု ပြည်တွင်းလုပ်ငန်းရှင်များထုတ်လုပ်ကြတော့မှသာ ရှောင်တခင် စစ်ဆေးနေရသည်။ ပြည်ပဓာတ်ခွဲခန်းသို့ ပို့ပြီး စစ်နေရသည်များသည် ကော်ဖီမစ်ထုတ်သူ ပြည်တွင်းလုပ်ငန်းရှင်များအဖို့ သိက္ခာကျဖွယ်ရာဖြစ်နေသည်။ ကုန်ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်ဟူသည်ကလည်း ၁၀ဦးရှိလျှင် ၁၀ဦး စလုံး နိဗ္ဗာန်ရရာရောက်ကြောင်း မဂ္ဂင်ရှစ်ပါးကို သိကြမည်မဟုတ်၊ ကျင့်ကြမည်လည်းမဟုတ်ချေ။ တစ်ဦးစနှစ်ဦးစက ဝိသမလောဘစိတ်ရိုင်းဖောက်ကြမည်ပင်။ ဤသည်မှာလည်း မြန်မာနိုင်ငံတွင် စစ်မှန်သော ယှဉ်ပြိုင်မှုဥပဒေ မရှိ၍ ဖြစ်သည်။ ပထမအကြိမ်လွှတ်တော်များ သက်တမ်းကာလကတော့ "ယှဉ်ပြိုင်မှုဥပဒေ" ပြဋ္ဌာန်းခဲ့ပါသည်။ သို့သော် ထိုဥပဒေသည် စာအုပ်ထဲတွင်သာ အိပ်ပျော်နေခဲ့သည်။ လက်ရှိတွင် လုပ်ငန်းရှင်အများစုကြားတွင် ယင်းယှဉ်ပြိုင်မှုဥပဒေရှိ၍ ရှိမှန်းတောင်မသိကြသူများပင်ရှိနေသည်။

ပြဋ္ဌာန်းခဲ့သော "ယှဉ်ပြိုင်မှုဥပဒေ"ကလည်း ဥပဒေရှိရုံအဖြစ်သာ ပြဋ္ဌာန်းခဲ့သောအခါ ယင်းဥပဒေသည်လည်း လက်ဝါးကြီးအုပ်စီးပွားရေးစနစ်အောက်တွင် တိမ်မြုပ်သွားရသောအခါ ယခု ကော်ဖီမစ်ထုပ်ထဲတွင် မလျော်ကန်သည့် ပစ္စည်းများရောနှောထုတ်လုပ်ရောင်းချခြင်းမျိုးကဲ့သို့ မမျှတ မသင့်မြတ်သည့် ညစ်ပတ်သော ယှဉ်ပြိုင်ခြင်းမျိုးများ ဖြစ်ပေါ်လာရတော့သည်။ ထိုအခါ နောက်ဆက်တွဲပြဿနာအဖြစ် ဈေးပေါကော်ဖီမစ်ထုပ်များကြောင့် နေ့စဉ်သောက်သုံးသူ အခြေခံလူတန်းစားပြည်သူများ ချောင်းဆိုး၊ ရင်ကျပ် အသက်ရှူကျပ်သည့် ရောဂါများ၊ ဆီးပူဝမ်းချုပ် ဝေဒနာများ ခံစားနေကြရသည်ဟု ကြားသိရ၏။

ယခု မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနက ယင်းကိစ္စများကို ကြပ်ကြပ်မတ်မတ်ကိုင်တွယ် နေပါပြီ။ ယင်းအတွက် စားသုံးသူပြည်သူများ ကျေးဇူးတင်နေကြသည်။ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေး အသင်းကဲ့သို့ လူမှုအသင်းအဖွဲ့ များလည်း ထပ်မံပေါ်ပေါက်စေလိုသည်။ အစားအသောက်တစ်ခုခုတွင် အန္တရာယ်ရှိနိုင်သည်ဟု သံသယဝင်ပါက စားသုံးသူ ပြည်သူများအနေဖြင့် ချက်ချင်းထတိုင်ဖို့ အချိန်မပေး၊ အခြေအနေမပေးပေ။ ယင်းတာဝန်ကို အရပ်ဘက်အဖွဲ့အစည်းများကသာ ယူပေးရပေမည်။ ယခု မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေး ဥပဒေလည်း ရှိနေပြီ။ အစားအသောက်ဥပဒေလည်း ပေါ်ထွက်နေပါပြီ။ ဥပဒေများတွင် အန္တရာယ်ရှိ စားသောက်ကုန်များ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသူများကို အရေးယူနိုင်သည့် ပုဒ်မများလည်း ပြဋ္ဌာန်းထားသည်။ စားသုံးသူများတိုင်ကြားပါက စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူရမည့် ပုဒ်မများလည်းရှိသည်။ သို့သော် ပြည်သူများကြားတွင် တိုင်ကြားခြင်းအလေ့အထနည်းနေပါသေးသည်။ ယင်းမှာ 'တိုင်လည်းဘာထူးမှာလဲ' ဟူသော အယူအဆပြန့်ပွားနေခြင်းကြောင့် ဖြစ်သည်။ အမှန်လည်းဟုတ်သည်။ ဒီမိုကရေစီလမ်းကို စဖောက်ခဲ့ပါသည်ဆိုသည့် ယခင်အစိုးရလက်ထက်တွင် စားသုံးသူအရေး၊ စားသုံးသူကာကွယ်ရေးများကို ဘာမျှထိထိရောက်ရောက် အရေးယူပေးခဲ့ခြင်းမရှိ၍ဖြစ်သည်။ ထိရောက်စွာ အရေးယူမခံရ၊ ပြဿနာပေါ်လာပါကလည်း လာဘ်လာဘများဖြင့် ဖြေရှင်း၍ ရနေသဖြင့် ဝိသမလုပ်ငန်းရှင်များသည်လည်း စားသုံးရန်မသင့်သော ပစ္စည်းမှန်းသိသိချည်းဖြင့် တံဆိပ်ပြောင်းကာ ဆက်လက်ထုတ်လုပ်သည်။တင်သွင်းသည်။ ဖြန့်ချိနေပါတော့သည်။

ယခုတော့ ပြည်သူကို မျက်နှာမူရပါတော့မည်။ စားသုံးသူကို အလေးထားရပါတော့မည်။ ထို့ကြောင့် အစားအသောက်ဥပဒေနှင့် စားသုံးသူ ကာကွယ်ရေး ဥပဒေတို့ကို အသက်သွင်းရပါမည်။ သက်ဆိုင်ရာဌာနတို့ကလည်း အဂတိတရားကင်းကင်းဖြင့် ထိရောက်စွာ အရေးယူပြရပါတော့မည်။ စားသုံးသူ ပြည်သူအပေါင်းကလည်း စိတ်ပါလက်ပါ ပူးပေါင်းကြရလိမ့်မည်ဟု တင်ပြလိုက်ပါသည်။



## ရန်ကုန်မဟာသင်္ကြန် အတက်နေ့တွင် သင်္ကြန်ပျော်အဖွဲ့ လူ ၂၀၀၀ ခန့် လမ်းလျှောက်ရေပက်ကစားကြ

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်မြို့တော်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်အရှေ့၊ ဗန္ဓုလပန်းခြံအနီးတွင် မြို့နယ်ပေါင်းစုံက ရေပြွန်တံပုံစံမျိုးစုံတို့ဖြင့် ပျော်ရွှင်စွာ ရေပက်ခံကစားကြရန် ရောက်ရှိလာကြသော သင်္ကြန်ပျော်လူငယ်အစုအဖွဲ့ များစုပေါင်း၍ လူဦးရေ ၂၀၀၀ ခန့်သည် ကျောက်တံတားမြို့နယ် ပန်းခြံလမ်းမှ ကုန်သည်လမ်းအတိုင်း စီတန်းလမ်းလျှောက်ကာ ရေပြွန်တံများဖြင့် တပျော်တပါးရေပက်ဖျန်းကစားကြရင်းထွက်လာကြခဲ့ရာ (၃၇) လမ်းပေါ်၌ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ ညနေ ၄ နာရီခန့်က သင်္ကြန်လူငယ်တစ်သီတစ်တန်းကြီး တွေ့ရှိရသည်။

ထိုစီတန်းလမ်းလျှောက်၍ ရေပြွန်များဖြင့် ရေပက်ကစားကြသော သင်္ကြန်ပျော်လူငယ်တစ်သီတစ်တန်းကြီးတွင် နိုင်ငံခြားသားများနှင့် တိုင်းရင်းသား လူငယ်ပေါင်းစုံတို့ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါသင်္ကြန်ပျော်လူတန်းကြီးတွင် ပါဝင်ဆင်နွှဲခဲ့သူ မောင်မြတ်စိုးအောင်က "ဗန္ဓုလပန်းခြံအရှေ့က စထွက်လာတာပါ။ လူ ၂၀၀၀ လောက် တော့ရှိမှာပါ။ ကျွန်တော်တို့သူငယ်ချင်းတစ်စုက ၁၀ ဦး ကျော်ပါတယ်။ ကျန်တဲ့သူတွေက မြို့နယ်ပေါင်းစုံကဆိုတော့ မသိကြဘူးခင်ဗျား။ အပျော်သက်သက် လမ်းလျှောက်ရေပက်ကစားကြဖို့ စုမိသွားကြလို့ပါ။ ဒီအနီးအနားတစ်ဝိုက်လမ်းလျှောက်ကြပြီး ဗန္ဓုလပန်းခြံဘက်ကို ပြန်သွားကြမှာပါ" ဟု ပြောသည်။

အဆိုပါ လူတန်းကြီးသည် (၃၇)လမ်းမှ အနော်ရထာလမ်းသို့ လျှောက်ကာ ပန်းဆိုးတမ်းလမ်းမကြီးမှတစ်ဆင့် ဗိုလ်ချုပ်လမ်းဘက်၊ ထိုမှတစ်ဆင့် ဆူးလေလမ်းမှ ဗန္ဓုလပန်းခြံဘက်သို့ စီတန်းလမ်းလျှောက်၍ ရေပြွန်တံများဖြင့် တပျော်တပါးရေပက်ကစားထွက်ခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းမြင်ကွင်း-သန်းဌေး(ဒလ)၊**
**ဓာတ်ပုံ-စန်းဝင္ဍာ**

# စပိန်ကလပ်အသင်းတွေသာ လွှမ်းမိုးနေဦးမယ့် ဥရောပဘောလုံး ဇာတ်ခုံ



၂၀၁၅ ခုနှစ် ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်း။

> **စပိန်ကလပ်အသင်းတွေ ချန်ပီယံလိဂ်လို အဆင့်မြင့်ဆုံးပြိုင်ပွဲမှာ လွှမ်းမိုးနေတာ ဆယ်စုနှစ် တစ်ခုကျော်မက ကြာမြင့်နေပြီး ၁၉၉၈ ကနေ ၂၀၀၂ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်၊ ၂၀၀၆ကနေ အခုထိ ဘာစီလိုနာက တောက်လျှောက်လွှမ်းမိုးနေတာကို တွေ့ရပါတယ်။ နောက်ဆုံးဆယ်စုနှစ် တစ်ခုအတွင်း (၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်)အတွင်း စပိန်ကလပ်အသင်းတွေက ငါးကြိမ်တိုင် ချန်ပီယံဖြစ်ထားပြီး အီတလီအသင်းတွေနဲ့ အင်္ဂလန်တွေက နှစ်ကြိမ်စီ၊ ဂျာမနီကလပ်အသင်းက တစ်ကြိမ်ဗိုလ်စွဲခဲ့တာကြောင့် တစ်ခြား ဥရောပကလပ်အသင်းတွေဟာ စပိန်ကလပ်အသင်းတွေရဲ့ အောင်မြင်မှုကို ဘယ်လိုမှ လိုက်မမီနိုင်တာ ထင်ရှားပါတယ်။**

ချန်ပီယံနှင့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွေအပြီးမှာ စပိန်ကလပ် အသင်းနှစ်သင်းစီ အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်လာနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့ကြောင့် စပိန်အသင်းတွေဟာ ဥရောပမှာ အောင်ပွဲခံနိုင်ဖို့ ၅၀ရာခိုင်နှုန်း လောက်သေချာနေပြီး စပိန်လာလီဂါဟာ ဥရောပရဲ့ အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲဖြစ်တယ်ဆိုတာ သက်သေခံနေသလို အနေအထားကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ကွာတားဖိုင်နယ်အဆင့်မှာ စပိန်ကလပ်သုံးသင်းစီ တက်ရောက်နိုင်ကြပေမယ့် ချန်ပီယံလိဂ်မှာ အက်သလက်တီကိုနဲ့ ဘာစီလိုနာ၊ ယူရိုပါလိဂ်မှာ ဆီဗီလာနဲ့ ဘီဘာအိုတို့ ထိပ်တိုက်တွေ့ဆုံနေခဲ့လို့ နှစ်သင်းစီသာ အကြိုဗိုလ်လုပွဲ အဆင့်ကိုတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ စပိန်ကလပ်အသင်းတွေ ချန်ပီယံလိဂ်လို အဆင့်မြင့်ဆုံးပြိုင်ပွဲမှာ လွှမ်းမိုးနေတာ ဆယ်စုနှစ် တစ်ခုကျော်မက ကြာမြင့်နေပြီး ၁၉၉၈ကနေ ၂၀၀၂ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်၊ ၂၀၀၆ကနေ အခုထိ ဘာစီလိုနာက တောက်လျှောက်လွှမ်းမိုးနေတာကို တွေ့ရပါတယ်။ နောက်ဆုံး ဆယ်စုနှစ် တစ်ခုအတွင်း (၂၀၀၆ ခုနှစ်မှ ၂၀၁၅ခုနှစ် )အတွင်း စပိန်ကလပ်အသင်းတွေက ငါးကြိမ်တိုင် ချန်ပီယံဖြစ်ထားပြီး အီတလီအသင်းတွေနဲ့ အင်္ဂလန်တွေက နှစ်ကြိမ်စီ၊ ဂျာမနီကလပ်အသင်းက တစ်ကြိမ် ဗိုလ်စွဲခဲ့တာကြောင့် တစ်ခြား ဥရောပကလပ်အသင်းတွေဟာ စပိန်ကလပ်အသင်းတွေရဲ့ အောင်မြင်မှုကို ဘယ်လိုမှ လိုက်မမီနိုင်တာ ထင်ရှားပါတယ်။ ဒီငါးကြိမ်မှာ ဘာစီလိုနာက လေးကြိမ်(၂၀၀၆၊ ၂၀၀၉၊ ၂၀၁၁၊၂၀၁၅)နဲ့ ရီးယဲလ်မက်ဒရစ်က ၂၀၁၄ခုနှစ်မှာ တစ်ကြိမ် ချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်ဆိုလည်း နောက်ဆုံး ခြောက်နှစ်ဆက်တိုက် အနိမ့်ဆုံးအနေနဲ့ အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ပေမယ့် ၂၀၁၄ခုနှစ်မှသာ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒီနှစ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဆင့်ကို ရောက်ရှိလာချိန်မှာ ချန်ပီယံလိဂ် ဗိုလ်စွဲဖို့ ရေပန်းစားမှုအဆင့်မှာ ရီးယဲလ်မက်ဒရစ်ဟာ ဘိုင်ယန်မြူးနစ် အောက်ရောက်နေခဲ့ပေမယ့် ကံတရားရဲ့ မျက်နှာသာပေးမှုကို ပိုမိုရရှိနေသလိုပါပဲ။ ၁၆ သင်းအဆင့်ရှုံးထွက်ပွဲစဉ်မှာ ရိုးမား၊ ကွာတားဖိုင်နယ်မှာ ဝုဖ်ဘတ်၊ အခုအကြိုဗိုလ်လုပွဲမှာ မန်စီးတီးနဲ့သာ တွေ့ဆုံနေလို့ အခုလို ယူဆရတာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက ၁၆ သင်းအဆင့်မှာ ဒုတိယနေရာနဲ့သာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့တဲ့ အာဆင်နယ်၊ ဂျူဗင်တပ်တို့လို အန္တရာယ်ပေးနိုင်တဲ့အသင်းတွေနဲ့ မတွေ့ဆုံခဲ့ရတာ၊ ကွာတားအဆင့်မှာ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ အက်သလက်တီကို၊ ဘိုင်ယန်မြူးနစ်တို့လို အင်အားကြီးအသင်းတွေကို ရှောင်လွှဲနိုင်တာတွေ၊ အကြိုဗိုလ်လုပွဲအဆင့်မှာ ဘိုင်ယန်မြူးနစ်နဲ့ အက်သလက်တီကိုတို့နဲ့ မဆုံရတာက ချန်ပီယံလိဂ်မှာ ဗိုလ်စွဲစေဖို့ ကံတရားရဲ့ လက်ဆောင်မွန်ကို ရရှိထားတယ်လို့တောင် သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မီလန်မြို့ ဆန်စီရိုကွင်းကြီးမှာ ကျင်းပမယ့် ချန်ပီယံလိဂ် ဗိုလ်လုပွဲကို ရီးယဲလ်မက်ဒရစ်အသင်း တက်ရောက်နိုင်ဖို့ အလားအလာကောင်း တစ်ခုကို ပိုင်ဆိုင်နေတယ်လို့ ယေဘုယျ သတ်မှတ်ရမှာဖြစ်ပါတယ်။

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်ကို လက်ရှိချန်ပီယံ ဘာစီလိုနာ တက်ရောက်နိုင်ခြင်းမရှိပေမယ့် သူ့ကိုနောက်ကောက်ချခဲ့တာကလည်း လာလီဂါပြိုင်ဘက် အက်သလက်တီကိုအသင်းဖြစ်လို့နေတာက အံ့သြဖို့ကောင်းပါတယ်။ ဒါပေမယ့် ဘောလုံးကျွမ်းကျင်သူတွေ အားလုံးဟာ အက်သလက်ထက်ဆို ဘာစီလိုနာကိုသာ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်မယ်လို့ မျှော်လင့်ခဲ့ကြတာပါ။ အက်သလက်တီကိုဟာ ဘာစီလိုနာကို သမ္မာပိုင်းမှာ မယှဉ်နိုင်ပေမယ့် နိုင်လိုမှုပြင်းထန်တာရယ်၊ ဘာစီလိုနာလောက် ပွဲပန်းမှုမရှိတာရယ်ကြောင့် အသာရခဲ့တယ်လို့ ယေဘုယျ သုံးသပ်ရမှာပါ။ အက်သလက်တီကိုအသင်းက ၂၀၁၄ခုနှစ်မှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပေမယ့်လည်း ရီးယဲလ်ကို အချိန်ပို မိနစ်၃၀မှာ အရေးနိမ့်ခဲ့သလို ပြီးခဲ့တဲ့နှစ် ကွာတားဖိုင်နယ်အဆင့်မှာလည်း ရီးယဲလ်အသင်းကိုပဲ ထပ်ပြီး အရေးနိမ့်ခဲ့လို့ ချန်ပီယံလိဂ် အိပ်မက်တွေ ပျက်ပြယ်ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် အက်သလက်တီကိုအသင်းက ၂၀၁၀နဲ့ ၂၀၁၂ခုနှစ်တွေမှာ ယူရိုပါလိဂ်မှာ ဗိုလ်စွဲပြီးနောက် ချန်ပီယံလိဂ်မှာပါ အောင်မြင်မှုရှာဖွေလာတာဖြစ်ပြီး သုံးနှစ်အတွင်း ထင်ရှားတဲ့ အသီးအပွင့်ကို ရရှိခဲ့ပါတယ်။ ဒီနှစ်တော့ ဘာစီလိုနာလို အသင်းကြီးကိုတောင် ဒုတိယအကျော့မှာ နှစ်ဂိုးပြတ် ပြန်လည် အနိုင်ကစားနိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဘိုင်ယန်မြူးနစ်ကိုတောင် မထင်မှတ်တာတွေ လုပ်ပြနိုင်ပါလိမ့်မယ်။ တကယ်လို့ ရီးယဲလ်နဲ့ အက်သလက်တီကို အသင်းနှစ်သင်းလုံးသာ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ရင် ၂၀၁၄ ခုနှစ်တုန်းကလို စပိန်အသင်းအချင်းချင်း တွေ့ဆုံနေတဲ့ ဗိုလ်လုပွဲ(All Spanish Final) ဖြစ်လာပါလိမ့်မယ်။

ဒါပေမယ့် မန်စီးတီး၊ ဘိုင်ယန်မြူးနစ် အသင်းတွေကလည်း ချန်ပီယံလိဂ်အောင်မြင်မှုအတွက် အားကုန်ရုန်းလာမှာဖြစ်လို့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ချင်စရာကောင်းပါတယ်။ မန်စီးတီးအသင်းဆိုရင် ပရီမီယာလိဂ်မှာ အဆင့်(၄)နေရာအထိ ရောက်ရှိနေပေမယ့် ချန်ပီယံလိဂ်ကို အသေအချာအာရုံစိုက် ယှဉ်ပြိုင်နေတာကြောင့် ရီးယဲလ်မက်ဒရစ်အနေနဲ့ ပေါ့ဆလို့ တော့မရပါဘူး။ အက်သလက်တီကို ကတော့ ဘိုင်ယန်မြူးနစ်လို အင်အားကြီး ချန်ပီယံလိဂ် အသင်းနဲ့ တွေ့ဆုံနေလို့ ဗိုလ်လုပွဲတက်ဖို့ ခက်ခဲပေမယ့် အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ ယှဉ်ပြိုင်ရမှာဖြစ်လို့ တစ်ခုခုတော့ လုပ်ပြနိုင်ပါဦးမယ်။ သေချာတာတစ်ခုကတော့ ဒီနှစ်သင်းထဲက တစ်သင်းက ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ပြီး ဥရောပအောင်မြင်မှု ရှာဖွေနိုင်ပါလိမ့်မယ်။

ယူရိုပါလိဂ် ပြိုင်ပွဲဘက်ကို ငဲ့စောင်းလို့ သုံးသပ်ကြည့်ရင် စပိန်ကလပ်အသင်းတွေဟာ အီတလီအသင်းတွေရဲ့ အောင်မြင်မှုကို လိုက်မမီပေမယ့် ချန်ပီယံဆွတ်ခူးနိုင်တဲ့ အကြိမ်အရေအတွက် တူညီပြီး ဒုတိယဖြစ်ထားတဲ့ အကြိမ်အရေအတွက်သာ တစ်ကြိမ်လျှော့နည်းထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။အရင်က ယူရိုပါလိဂ်အောင်မြင်မှုကို အီတလီနဲ့ အင်္ဂလန်အသင်းတွေက လွှမ်းမိုးထားခဲ့ပေမယ့် နောက်ဆုံး ဆယ်စုနှစ် တစ်ခုအတွင်း အက်သလက်တီကိုက နှစ်ကြိမ်၊ ဆီဗီလာက လေးကြိမ် ချန်ပီယံဖြစ်ခဲ့ပြီး စပိန်အသင်းတွေကသာ ယူရိုပါလိဂ် အောင်မြင်မှုကို သိသိသာသာ ရယူထားနိုင်ခဲ့ပါတယ်။ အရင်က စပိန်ရဲ့ ဒုတိယတန်းစားကလပ်အသင်းတွေလို့ သတ်မှတ်ထားတဲ့ ဗလင်စီယာ၊ အက်သလက်တီကို၊ ဆီဗီလာတို့ဟာ ယူရိုပါလိဂ်အောင်မြင်မှုအတွက် ရေကုန်ရေခန်း ကြိုးစားယှဉ်ပြိုင်ကြပြီး နောက်ပိုင်း ပိုပြီး အဆင့်မြင့်တဲ့ ချန်ပီယံလိဂ် အောင်မြင်မှုရရှိဖို့အထိပါ အားထုတ်လာတတ်တာကြောင့် စပိန်တွေရဲ့ ဥရောပ စစ်မျက်နှာဖွင့်လှစ်ထားမှုဟာ အခြားဥရောပ အသင်းတွေအတွက် အတုယူစရာ ကိစ္စရပ် ဖြစ်လာခဲ့ပါတယ်။

လက်ရှိချန်ပီယံ ဆီဗီလာအသင်းဟာ ကွာတားအဆင့်မှာ လာလီဂါပြိုင်ဘက် ဘီဘာအိုကို ပင်နယ်တီအဆုံးအဖြတ်နဲ့သာ အနိုင်ရရှိခဲ့ပေမယ့် ပြိုင်ပွဲကာလတစ်လျှောက် ခြေစွမ်းမှန်မှန်နဲ့ အကြိုဗိုလ်လုပွဲအဆင့်ထိ တက်ရောက်လာတာ၊ ပြီးတော့ ထိပ်တိုက်တွေ့ဆုံနေတဲ့ ရှက်တာဒိုးနက်ခ်အသင်းက ခြေစွမ်းမာပေမယ့် ဆီဗီလာကို နောက်ကောက်ချလောက်အောင်တော့ မစွမ်းလောက်ဘူးလို့ ထင်မိပါတယ်။ ဗီလာရီးယဲလ်အတွက် လီဗာပူးဟာ ခက်ခဲတဲ့ ပြိုင်ဘက်ဆိုတာမှန်ပေမယ့် ဗီလာရီးယဲလ်ဆိုတာ နာပိုလီ၊ လေဗာကူဆင်၊ စပါတာပရပ်ဂ်တို့လို အသင်းတွေကို ကျော်ဖြတ်ပြီး ဒီအဆင့်ကို တက်ရောက်လာနိုင်ခဲ့တဲ့ အသင်းဖြစ်သလို လာလီဂါမှာလည်း ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်တွေကတောင် အနိုင်ကစားဖို့ ခက်တဲ့အသင်းဖြစ်တာကြောင့် ခြေကုန်ထုတ်ကစားရင် ဗိုလ်လုပွဲအဆင့်ထိ ရောက်ရှိနိုင်ပါတယ်။

ကံမကောင်းလို့ ဒီနှစ်သင်းလုံး ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲအဆင့်က ထွက်ခဲ့ရရင်လည်း ချန်ပီယံလိဂ်မှာ စပိန်အသင်းငါးသင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တာ၊ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို နောက်ဆုံးငါးနှစ်ဆက်တိုက် ရရှိခဲ့တာ၊ လာလီဂါကစားသမားတွေသာ ဖြစ်နေတာ၊ နောက်ပိုင်းနှစ်တွေမှာ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့လို ချန်ပီယံလိဂ်တိုးမပေါက်တဲ့ အခြားအသင်းတွေက ယူရိုပါလိဂ်ကို အလေးထား ယှဉ်ပြိုင်နေတာကြောင့် နောင်လာမယ့် ဆယ်စုနှစ်တစ်ခုမှာလည်း စပိန်ကလပ်တွေကသာ ဥရောပအောင်မြင်မှုကို ဆက်လက်သိမ်းပိုက်နိုင်မယ့် အနေအထားကို မြင်တွေ့နေရမယ့် အနေအထားပါပဲ။

ဒါ့ကြောင့် ဥရောပဘောလုံး ဇာတ်ခုံမှာ စပိန်အသင်းတွေရဲ့ လွှမ်းမိုးမှုကိုသာ ဘောလုံးပရိသတ်တွေ ဆက်လက်မြင်တွေ့ ရဦးမှာဖြစ်တယ်လို့ အားကစားကျွမ်းကျင်သူ တွေကသုံးသပ်ကြတာဖြစ်ပါတယ်။ ဒီနှစ်လည်းအကြို ဗိုလ်လုပွဲတက်ရောက်လာတဲ့ လေးသင်းထဲကတစ်သင်းကတော့ ချန်ပီယံ လိဂ် (သို့မ ဟုတ်)ယူရိုပါလိဂ် အောင်မြင်မှုကို သေချာပေါက် ဆက်လက်သိမ်းပိုက်နိုင်ဦးမယ်လို့ ယူဆရင်း. . .။

မေလဲ့သင်း

# အမျိုးသားများ မြုံရခြင်းအကြောင်း သိကောင်းစရာ



ပေါက်ပေါက်

အိမ်ထောင်ပြုပြီးနောက် မျိုးပွားခြင်း(သားသမီးယူခြင်း)ဟာ ဇနီးမောင်နှံ တွေအတွက် မထူးဆန်းတဲ့ဖြစ်စဉ်ပါ။ ဒါပေမယ့် အိမ်ထောင်သက် တစ်နှစ်ကျော်ကြာလာတာတောင် သားသမီးပွားစီးမလာနိုင်တာကြောင့် နားလည် ကျွမ်းကျင်သူ ဆရာဝန်တွေနဲ့ဆေး စစ်ကြည့်တော့မှ ဥပမာ အိမ်ထောင်သည် ငါးစုံမှာ ဖတစ်စုံက ယောကျာ်းဖြစ်သူရဲ့ ကျားသဘာဝ မစွမ်းဆောင်နိုင်(မြုံ)နေတာကို ကြုံတွေ့ကြရပါတယ်။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ရှိ North Middlesex ဆေးရုံက ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ စုံတွဲပေါင်း ၇၃ တွဲကို လေ့လာတွေ့ ရှိချက်အရ တစ်နာရီအတွင်း နှစ်ကြိမ်တိုင် ချစ်တင်းနှောခြင်းက ကိုယ်ဝန်ရနိုင်ခြေ သုံးဆများစေကြောင်း၊ အမျိုးသမီးများ ဓမ္မတာကာလတွင် အမျိုးသားများအနေဖြင့် ချစ်တင်းနှောခြင်းကိုရှောင်သင့်ကြောင်း၊ ဓမ္မတာမလာမီ နှစ်ရက်ခန့်ကတည်းက လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ထားမှသာ မျိုးအောင်နိုင်ခြေများသည့် သုက်ပိုးများကို ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလေ့လာမှုအရ တစ်နာရီအတွင်း နှစ်ကြိမ်ထုတ်ယူထားသော သုက်ပိုးတွေမှာ ဒုတိယအကြိမ်မြောက် သုက်ပိုးများက ပိုမိုလတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်ကာ မျိုးအောင်နိုင်ခြေများသော သုက်ပိုးများဖြစ်ကြောင်း ဆေးသုတေသီများက တင်ပြထားပါတယ်။

အမျိုးသား မျိုးပွားအင်္ဂါအဖွဲ့ အစည်းကို testes(ခေါ်)သုက်/ဟိုမုန်း တွေကိုထုတ်ပေးတဲ့ဥတစ်စုံ၊ ထို ဥတစ်စုံပေါ်က ducts(ခေါ်)ဖို အင်္ဂါသုက်ပြွန် တစ်ခုနဲ့အတူ အဲဒီသုက်ပြွန်ရဲ့ အတွင်းပိုင်းတလျှောက် ဂလင်းတွေနဲ့ဖွဲ့စည်း တည်ဆောက်ထားပါတယ်။ အရွယ်ရောက်ပြီးသူ အမျိုးသားတစ်ဦးရဲ့ testes ဥအရွယ်ဟာ ခန္ဓာကိုယ်ကြီးထွားမှုပေါ် မူတည်ပြီး ၁၅ မီလီလီတာ မှ ၃၅ မီလီလီတာ အထိ ရှိတတ်ပါတယ်။ မျိုးပွားအင်္ဂါအရွယ်အစားလူစဉ်မီနေပြီး ဖို-မ ဆက်ဆံရာမှာလည်း တစ်စုံတစ်ရာ ပြဿနာမဖြစ်၊ သုက်သွေးလွှတ်နိုင်ပါလျက်နဲ့ အမျိုးသားတွေမြုံရခြင်းအကြောင်းကတော့ (၁) သုက်ရည်ထွက်ရှိမှုပမာဏ နည်း(ခန်း)ခြင်း၊ (၂) သုက်ရည်ထွက်ရှိမှု မနည်းသော်ငြား သုက်ကောင်ရည် ပမာဏနည်းပါးခြင်း၊ (၃) သုက်ကောင်ရည်ပမာဏ မနည်းသော်ငြား အရေအသွေး ပြည့်ကျမှာတဲ့ သုက်ကောင်မဟုတ်ခြင်း၊ (၄) သုက်ရည်ပြွန်ပိတ်ဆို့နေခြင်း၊ (၅) လိင်ဆက်ဆံစဉ် အနေအထား ပုံစံမှားယွင်းနေခြင်း၊ (၆) ဖိုအင်္ဂါတွင်းရှိ ဂလင်းပြဿနာများ၊ (၇) ခန္ဓာကိုယ်တွင်းအပူဓာတ်များလွန်းခြင်း၊ (၈) အမျိုးသားအင်္ဂါပိုးဝင်ခြင်း၊ (၉) မျိုးရိုး ဗီဇပြဿနာ၊ (၁၀) မွေးရာပါ testes ရောဂါ၊ (၁၁) ကပ္ပာယ်အိတ်ပုံသဏ္ဌာန်မမှန်(လိမ်ကွေးနေခြင်း)၊ (၁၂) ရောဂါ တခုခုကြောင့် သောက်သုံးနေရတဲ့ ပိဋိဇီဝဆေးဝါးရဲ့ ဘေးထွက်ဆိုးကျိုး၊ (၁၃) ရောဂါတစ်ခုခုကြောင့် ဓာတ်ရောင်ခြည်ဖြင့် ကုသခံထားရသူ၊ (၁၄) ဖို-မ ဆက်ဆံသည့်အကြိမ်ရေနည်းလွန်းခြင်း၊ (၁၅) ဆီးကြိတ်ရောဂါရှိသူ(သို့ မဟုတ်) ဆီးကြိတ်ခွဲစိပ်ခံထားရသူ၊ (၁၆) ကျောရိုးဝေဒနာရှိသူ၊ (၁၇) အာရုံကြောအားနည်းခြင်း၊ (၁၈) အိပ်ချိန်မမှန်ခြင်း(နေ့ဘက်အိပ်ပြီး ညဘက် အလုပ်လုပ်ရသူများ)၊ (၁၉) စိတ်ဖိစီး မှုများခြင်း၊ (၂၀) နေ့စဉ်ညဆက် ဆိုသလို ဖို-မ ဆက်ဆံမှုအကြိမ်ရေများလွန်းတာကြောင့် သုက်ရည်လိုက်မှုအားနဲလာခြင်း၊ (၂၁) မကြာခဏ သူ့အလိုလို သုက်ယိုစိမ့်ခြင်း၊ (၂၂) သုက်လွှတ်မြန်ခြင်း၊ (၂၃) သားကြောဖြတ်ပြီးပြန်ဆက်ထားသူများစသည်တို့ကြောင့် ဖြစ်ပါတယ်။

အထက်ပါ ပြဿနာအချို့ကို သက်ဆိုင်ရာ ဆရာဝန်ရဲ့ လမ်းညွှန်ချက် အတိုင်း ပုံမှန်ဆေးစား/ဆေးထိုး/ခွဲစိတ်/လေ့ကျင့်ခန်း လုပ်ခြင်းဖြင့် ကျားသဘာဝစွမ်းဆောင်လာနိုင်ပြီး သားသမီးထွန်းကားလာနိုင်တာကြောင့် စိတ်ဓာတ်မကျပါနဲ့။ ဆရာဝန်ရဲ့ဆေး ကုသမှုကိုခံယူရင်း အောက်ပါရိုးရှင်းလွယ်ကူတဲ့ အိမ်တွင်းကုထုံး(ဓာတ်စာ)လေးများဖြင့် ကြိုးစားကြည့်စေလိုပါတယ်။

**သုက်ကို ပွားစေသော ဓာတ်စာများ**

(၁) ကန်စွန်းရွက်၊ (၂) ကြက်သွန်ဖြူ၊ (၃) ခိုသား၊ (၄)ငါးကျည်း(ငါးကြီး)၊ (၅) နံ့သာပုဌက်ပျောသီး(မှည့်မှည့်)၊ (၆) စာကလေး၊ (၇) ပိန္နဲသီးအမှည့်၊ (၈) ပဲလင်းမြွေသီး(ခေါ်)ဗုံလုံသီး၊ (၉) ပဒတ်သား၊ (၁၀) ဗူးသီး၊ (၁၁) ဖရဲသီး၊ (၁၂) ရစ်ငှက်သား၊ (၁၃) ဝမ်းဘဲသား၊ (၁၄) သမင်သား၊ (၁၅) ထောပတ်သီး၊ (၁၆) ကြက်သွန်နီ၊ (၁၇) ကြာစေ့၊ (၁၈) ရုံးပတီသီး၊ (၁၉) အုန်းသီး၊ (၂၀) ထန်းမြစ်(ထန်း ပင်မြစ်)၊ (၂၁) လက်ပံပွင့်စသည်တို့ ဖြစ်ပါတယ်။

**ပန်းသေး၊ ပန်းညှိုးခြင်းအတွက်ဆေးမြီးတိုများ**

(၁) ဒန့်သလွန်မြစ်နဲ့ ပရံနဝါတို့ကို အမှုန့်ပြု၍ အုန်းနို့၊ ပျားရည်တို့ဖြင့်ရောချက်ပြီး နံနက်-ည တစ်ဇွန်းစီသောက်ပါ။ (ကာမခွန်အား တိုးပွားစေပါတယ်)၊ (၂) သုက်အားနည်းသူများ ခွေးလှေးယားစေ့၊ ဆူးလေစေ့၊ သကြား တို့ကို ဆတူရော အမှုန့်ဖြစ်အောင် ထောင်းပြီး နေ့စဉ် ၆-ပဲ သားခန့်စားပြီးနောက် နွားနို့ ပူပူသောက်ပါ၊ (၃) ခွေးလှေးယားသီးနု(အစိမ်း)ကို အရိပ်ထဲမှာ ခြောက် အောင်လှန်းပြီး နွားနို့ ၂၅-ကျပ်သားနဲ့ ရောကျို၍ နေ့စဉ် တစ်ဇွန်းကျ မှီဝဲသောက်သုံးပါ (သုက်ရည်ယိုခြင်းနဲ့ ကာမကြော အားပြော့သူများကို ကောင်းကျိုးပြုပါတယ်)၊ (၄) ညဥ့်အိပ်မက်၍ သုက်လွှတ်ရောဂါရှိသူများ၊ သုက်မြန်သူများ၊ သုက်ဓာတ်အားနည်းသူများ အဖို့ ခွေးလှေးယားစေ့ တစ်ကျပ်သား၊ မိကျောင်းကွမ်းဖတ် တစ်ကျပ်သား၊ သကြား နှစ်ကျပ်သား ရောကာ အမှုန့်ပြု၍ နေ့စဉ် ခြောက်ပဲသားခန့်ကို နွားနို့ပူပူဖြင့် သောက်ပါ၊ (၅) ခွေးလှေးယားပင်မြစ် နှစ်ပဲသားခန့်ကို ဖြတ်ယူ၍ ရေစင်စင် ဆေးပြီး ဖို-မ ဆက်ဆံနေစဉ် ထို အပင်မြစ်ကို ပါးစပ်ထဲ ထဲ့ငုံထား ခြင်းဖြင့် သုက်လွှတ်ခြင်းကို ကြာကြာထိန်းထားနိုင်ပါတယ်၊ (၆) ဂျုံမှုန့်ကိုခွေးလှေးယားစေ့နဲ့ ရောချက်၍ အေးအောင်ထားပြီးနောက် ထောပတ်ရောသောက်ပါ။ ပြီးရင် နွားနို့ ပူပူသောက် ပေးခြင်းဖြင့် ကာမ အားတိုးစေပါတယ်၊ (၇) မြင်းခွာရွက် လေးကျပ်သား၊ ငရုပ်ကောင်း တစ်ကျပ်သားကို အမှုန့်ပြု၍ ပျားရည်ဖြင့် နံနက်/ည ခြောက်လတိတိ စားပေးခြင်းဖြင့် ခွန်အားဗလကြီး၍ လူပျိုအရွယ်ကဲ့သို့ စွမ်းဆောင်နိုင်ပါတယ် (သို့) မြင်းခွာရွက် ကိုအရည် ညှစ်၍ ပျားရည်၊ သကြားတို့နှင့် သောက်ပေးခြင်းက ခွန်အားတိုးပွားစေပြီး အမောအပန်းခံနိုင်ပါတယ်၊ (၈) ပန်းသေပန်းညှိုး ရောဂါရှိသူများ ငါးဖရုံကိုမီးကင်ပြီး ကြိတ်မှန်ရွက်ဖြင့် အသုပ်သုပ်စားပါ၊ (၉) ကျွဲခေါင်းသီးကို မှုန့်ညက်နေအောင်ပြုပြီး နွားနို့ဖြင့်စိမ်သောက်ပေးခြင်းဖြင့် သုက်ခမ်းရောဂါပျောက်ကင်းပြီး သုက်ဓာတ် ပွားလာစေပါတယ်၊ (၁၀) ငရုန့်ပတူပင် အမြစ်ကို ပြစ်ပြစ်သွေး၊ နှမ်းဆီနဲ့ရောပြီး တကိုယ်လုံးလူးပေးခြင်းဖြင့် အားကုန်ခန်းခြင်းကို မဖြစ်စေတော့ပါဘူး၊ (၁၁) ကာမသတ္တိလျော့ နည်းသူများ ကျည်းနီသီးအဆန်ကို ဘူးသီးအနှစ်ဖြင့်ရောကြိတ်ပြီး လိင်တံမှာ လိမ်းကျံပေးခြင်းဖြင့် ကြီးထွားတောင့်တင်းခိုင်မာလာစေပါတယ်၊ (၁၂) ပန်းသေရောဂါအတွက် ကျည်းနီသီး အဆန်ကို ပေါက်ပန်းဖြူ သတ္တုရည်ဖြင့် တွဲဖက်သောက်ပါ၊ (၁၃) ခွေးတောက်ရွက်က သွေးကိုပွားစေပြီး ကာမကိုအားပေးတာကြောင့် ခွေးတောက်ရွက်ကို ဘဲဥနဲ့ကြော်စားပါ၊ (၁၄) ဖန်ခါးသီးကို အမှုန့်ပြုလုပ်၍ ပျားရည်၊ ထောပတ်တို့နှင့်ရောနှောသောက်သုံးပါက ခွန်အားဖြစ်စေပါတယ်၊ (၁၅) လိင် သန်မာကြီထွားစေဖို့ ထိကရုံးပင်မြစ်နဲ့ ဒဟတ်သစ်ကိုင်းမြစ်တို့ကို ကြိတ်၍ ထောပတ်အနည်းရောလိမ်းပါ၊ (၁၆) ပရန္နဝါကိုပါးပါးလှီး၍ ဒန့်သလွန်ပွင့်၊ အုန်းသီးရင့်ရင့်နှင့်ရောစပ်ကာ ပျားရည်ဖြင့်ကျိုချက်ပါ။ နံနက်/ည စားပွဲတင်ဇွန်း တစ်ဇွန်းစီ စားပေးခြင်းဖြင့် အားနည်းမောပန်းခြင်းနဲ့ ပန်းသေ ပန်းညှိုး ရောဂါတို့ကို ပျောက်ကင်းစေပါတယ်၊ (၁၇) ကညွတ်စားပါ (သို့) ကညွတ်ဥကို နွားနို့နှင့်အတူ နို့ထမင်းကဲ့သို့ ပြုလုပ်စားပေးပါက ကာမအားတိုး၍ သုက်ပွားစေပါတယ်၊ (၁၈) နတ်ဆေးဂမုန်း အခြောက်မှုန့် နှစ်ကျပ်သား၊ ပျားရည် ၅၀ ကျပ်သား၊ ထောပတ် ၂၅ ကျပ်သားတို့ကို သမအောင်ရောစပ်၍ နေပူပူမှာ ခုနစ်ရက်လှမ်းပြီးနောက် ဖန်ပုလင်းထဲ သိမ်းထားပြီး နံနက်/ည စားပွဲတင်ဇွန်း တစ်ဇွန်းစီစားပေးပါ။ ထိုဆေးက ပန်းသေ ပန်းညှိုး၊ အင်အားကုန်ခန်းမောပမ်း လွယ်ခြင်းအတွက် အသုံးဝင်လှပါတယ်၊ (၁၉) ဖလံတောင်ဝှေးကို ငါးခူနဲ့ ချက်စားပါက၊ ကာမအားကိုဖြစ်စေပါတယ်၊ (၂၀) ဆိတ်ဖလူးပန်း ပွင့်ကိုအခြောက် လှမ်းအမှုန့်ထောင်းပြီး သကြားနဲ့ ဆတူရောစပ်သောက်ပေးခြင်းဖြင့် အမျိုးသားများ သုက်အားနည်းခြင်းကို ကုသနိုင်ပါတယ်၊ (၂၁) ပင်စိမ်းရွက်ကို ဆိတ်သား၊ ငုံးသားတို့နဲ့ ကြော်စားပါက ပန်းညှိုးရောဂါပျောက်၍ ခွန်အားနဲ့သုက်ကို ပွားစေပါတယ် (သို့မဟုတ်) ပင်စိမ်းပင်အစေ့များ၊ ထန်းလျက်၊ ပျားရည်တို့ကို ဆတူရောစပ်ပြီး နံနက်အိပ်ယာထ၊ ညအိပ်ယာဝင် လက်ဘက်ရည်ဇွန်း တစ်ဇွန်းစီ မှန်မှန်စားပေးပါ၊ (၂၂) မဥ္ဇူပန်း (၄ နာရီပန်း) ကို နေပူလှန်း၍ ရလာသော အခြောက်ကို ရေနွေးကြမ်း သောက်သကဲ့သို့ ခတ်၍သောက်ခြင်းက ကာမအားကို တိုးပွားစေပါတယ်၊ (၂၃) ဗာဒံစေ့ငါးလုံး၊ ငရုတ်ကောင်း ငါးစေ့၊ ချင်းခြောက် နှစ်ပဲသားတို့ကို သကြားသင့်သလိုထည့်ကာ သမအောင်ရောနယ်၍ ညက်ညက်ဝါးပြီမှ မျိုချပါ။ ပြီးရင် နွားနို့ပူပူ တစ်ခွက်ကို တငုံချင်းသောက်ပါ။ ဤအချိုးအဆအတိုင်း ညအိပ်ခါနီး သောက်ပေးခြင်းဖြင့် သုက်ထွက်မြန်သူ၊ သုက်လွှတ်မြန်သူ၊ သုက်ဓာတ်ခိုင်မာမှု မရှိသူများကိုကောင်းကျိုးပြုပါတယ်၊ (၂၄) ဇာတိပ္ဖိုလ်သီးကို သုက်ထိန်းဆေးအဖြစ် မြန်မာ့တိုင်းရင်းဆေးဝါး ဖော်စပ်ရာတွင် အသုံးပြုကြပါတယ်၊ (၂၅) ပန်းသေပန်းညှိုခြင်းနဲ့ အကြောအားနည်းခြင်းတို့အတွက် ခပေါင်းကြီးပင်(ခပေါင်း ခါး)ရွက်ကို အခြောက်ခံအမှုန့်ပြု၍ ပျားရည်ဖြင့်ရောစားပေးပါ (သို့) ခပေါင်းကြီးစေ့ လေးပဲသားကို ငရုပ်ကောင်းစေ့ နှစ်စေ့ ရောစပ်၍စားပါ၊ (၂၆) ဆီးအတွင်းမှ သုက်များယိုစီခြင်းအတွက် မြေဇာမြက်ကို အခြောက်ခံအမှုန့်ပြု၍ ဒိန်ချဉ်ဖြင့်ရောသောက်ပါ။ (၂၇) ခေါ်ရန်းပန်း အနီပွင့် ၁၀ ပွင့်ကို ရေစင်အောင်ဆေးပါ၊ ရေနွေးပူပူကို အအေးခံ၍ အဝကျယ်သော ဖန်ပုလင်းတွင် ဌက်ပျောဖူးအရွယ်အစားရှိသော ပုလင်းပြည့်အောင်ထည့်ပါ၊ ထိုရေနွေးအအေးထဲသို့ ခေါ်ရန်းပန်း ၁၀ ပွင့်ကိုထည့်ပြီး သကြားအညို တစ်ဆယ်သားထည့်ပါ၊ ရက်သတ္တတစ်ပတ်တိတိစိမ်ပါ၊ တစ်ပတ်ပြည့်ပါက ၎င်းစိမ်ရည်ကို နံနက် သုံးဇွန်း ညနေ သုံးဇွန်း(ဟင်းခတ် စတီးဇွန်းဖြင့်) သောက်ပါ။ ရောဂါကြီးလျှင် နေ့လည်သုံးဇွန်းထပ်မံသောက်နိုင်ပါတယ်၊ အရသာမှာ ချိုချဉ်၍ ပြင်းတာကြောင့် ဆေးသောက်ပြီးနောက် အနည်းငယ် ရီဝေဝေ ဖြစ်လာတတ်ပါတယ်၊ (၂၈) ငါးကြင်းသားကို မီးကင်၍ ကြက်သွန်အဖြူ၊ ကြက်သွန်အနီ၊ ချင်း၊ ဇီယာ၊ ပင်စိမ်းရွက်တို့ဖြင့် ရော၍ အသုပ်လုပ်စားပေးခြင်းဖြင့် ပန်းသေပန်းညှိုရောဂါကို ပျောက်ကင်းစေပါတယ်။

**(မှီငြမ်း American Daily Health Tips + မြန်မာ့ဆေးမြီးတိုများ)**

> အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ North Middlesex ဆေးရုံက ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ စုံတွဲပေါင်း ၇၃ တွဲကို လေ့လာတွေ့ရှိချက်အရ တစ်နာရီအတွင်း နှစ်ကြိမ်တိုင် ချစ်တင်းနှောခြင်းက ကိုယ်ဝန်ရနိုင်ခြေ သုံးဆများစေကြောင်း၊ အမျိုးသမီးများ ဓမ္မတာကာလတွင် အမျိုးသားများအနေဖြင့် ချစ်တင်းနှောခြင်းကိုရှောင်သင့်ကြောင်း၊ ဓမ္မတာမလာမီ နှစ်ရက်ခန့်ကတည်းက လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ထားမှသာ မျိုးအောင်နိုင်ခြေများသည့် သုက်ပိုးများကို ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ လေ့လာမှုအရ တစ်နာရီအတွင်း နှစ်ကြိမ်ထုတ်ယူထားသော သုက်ပိုးတွေမှာ ဒုတိယအကြိမ်မြောက် သုက်ပိုးများက ပိုမိုလတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်ကာ မျိုးအောင်နိုင်ခြေများသော သုက်ပိုးများဖြစ်ကြောင်း ဆေးသုတေသီများက တင်ပြထားပါတယ်။

# ခရီးသည်တင်ဘတ်စ်ကားနှင့် မော်တော်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ ဆိုင်ကယ်စီးနင်းသူနှစ်ဦး သေဆုံး

**ကျောက်ပန်းတောင်း ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဧပြီ ၁၅ရက် ညနေ ၃နာရီခွဲက ကျောက်ပန်းတောင်း-ညောင်ဦးသွားကားလမ်း မိုင်တိုင်အမှတ် (၃/၄)အနီးတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့်မော်တော်ဆိုင်ကယ် တစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိကြရာ မော်တော်ဆိုင်ကယ်စီးနင်းသူနှစ်ဦး မှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့မရဲစခန်းမှ ရဲအုပ်အောင်လွင် တာဝန်မှူးအဖြစ်ဆောင်ရွက်နေစဉ် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်း တွင် ယာဉ်တိုက်မှုဖြစ်ကြောင်း သတင်းရရှိသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောက်ပန်းတောင်း-ညောင်ဦးသွားကားလမ်း မိုင်တိုင်(၃/၄)အနီးတွင် ကျောက်ပန်းတောင်းဘက်မှ ညောင်ဦးဘက်သို့ မောင်ထွန်း ဆားခါးကျေးရွာ မြင်းခြံမြို့နယ်နေသူမောင်းနှင်ပြီး နောက်တွင် ဇော်ဇော်လှိုင် ရှားတော ကျေးရွာ မြင်းခြံမြို့နယ်နေသူတို့ စီးနင်းလာသည့် LOUJIA-110 အမျိုး အစား မော်တော်ဆိုင်ကယ်နှင့် ညောင်ဦးမှ ကျောက်ပန်းတောင်းဘက်သို့ ယာဉ်မောင်း အောင်လင်း (၅၁) ရပ်ကွက် မြောက်ဒဂုံမြို့နယ်နေသူမောင်းနှင် လာသည့် ဘုရားဖူးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူ မောင်ထွန်း၊ အသက်(၃၂)နှစ်နှင့်နောက်ထိုင် လိုက်ပါလာသူ ဇော်ဇော်လှိုင် အသက်(၃၂) နှစ်တို့ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ကြကြောင်းသိရသည်။

အဆိုပါ သေဆုံးသူများကို ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်၊ မေတ္တာရိပ် နာမှုကူညီရေးအသင်းရုံးမှ လူငယ်များက မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြပြီး ကျောက်ပန်းတောင်း မြို့မရဲစခန်းက အရေးယူဆောင် ရွက်ထားကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၇**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၂ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၊ အိမ်အမှတ် (ဝက-ရ/၁၆၀) နေ လော်ထူ၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းကြမ်းခင်းပေါ်ရှိ သံဘူးအတွင်းမှ အိုက်စ် ဝ ဒသမ ၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၆၀ ပြားနှင့် ဘိန်းစိမ်း ၁၂၆ ဒသမ ၃၃ ဂရမ် တို့ကို သိမ်းဆည်းရမိသဖြင့် လော်ထူ ၄၉နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျောင်းကုန်းမြို့ လှည်းဆိပ်ကျေးရွာတွင် ယာဉ်တိုက်မှု ဖြစ်ပွား

**ကျောင်းကုန်း ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု တာဦးကျေးရွာအနီးတွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၁၄ ရက် ည ၉ နာရီ ၄၅မိနစ်ခန့်တွင် ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် ၃၁/၇ နှင့်၃၂/၀ ကြား ကံကလေးဘက်မှ ပုသိမ် ဘက်သို့ လှထွန်း(၅၀)နှစ် မောင်းနှင်သော 2H/---------ဖြူ/စိမ်းကြားယာဉ် သည် အရှိန်ဖြင့်မောင်းနှင်လာစဉ် ရှေ့မှလမ်းလျှောက်နေသူ လှစိုးဦး(၃၈) နှစ်အား နောက်မှဝင်ရောက်တိုက်မိရာ လှစိုးဦးတွင် ဒဏ်ရာရရှိသွားသဖြင့် ယာဉ်မောင်းလှထွန်းအား ကျောင်းကုန်းမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက် ထားကြောင်း သိရ သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဘုရားဖူးကား အရှိန်လွန်တိမ်းမှောက်ပြီး နှစ်ဦးသေဆုံးကာ ၅၃ ဦး ဒဏ်ရာရ

**ကျောက်ဖြူ ဧပြီ ၁၇**

ကျောက်ဖြူမြို့နယ် စည်မော်ကျေးရွာမှ ရွာသူရွာသား များက တေပါကားအဖြူရောင်ဖြင့် ဧပြီ ၁၅ ရက် နံနက် ၇ နာရီခန့်တွင် စည်မော်ကျေးရွာမှရမ်းဗြဲ မြို့နယ် ကန်တိုင်းတိုက်နယ်ရှိ နားမွေးတော် စေတီတော်သို့ ဖူးမြော်ရန်သွားစဉ် မင်းပြင်ကျေးရွာ ၏ ရွာအဝင်နားတွင် အဆိုပါ တေပါကားကို ကလေးငယ်များမှရေလောင်းစဉ် ကားလီဘာကို အရှိန်ပြင်းစွာ မောင်းနှင်ခဲ့ရာ ထိန်းမရသဖြင့် ဘရိတ်အုတ် လိုက်စဉ်ကားလမ်း၏ လမ်းဘေး ယာဖက်သို့ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ကားဖြင့်လိုက်ပါလာသူထဲတွင် ပန်းတောပြင်ကျေးရွာအုပ်စု ကျွဲတဲကျေးရွာမှ ဦးမောင်ချမ်းအေး (၆၃)နှစ်နှင့် စည်မော်ကျေးရွာမှ ဒေါ်ပေါက်ယောင်းမ (၅၄)နှစ်တို့မှာ သေဆုံးသွား ပြီး ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံ၏ပြင်ပလူနာ ဌာနသို့ မင်းပြင်ကျေးရွာအခင်းဖြစ်နေရာမှ ဒဏ်ရာရရှိသူ စုစုပေါင်း ၅၃ဦးရောက်ရှိလာ သည်။

အဆိုပါ ၅၃ဦးထဲတွင် အတွင်းလူနာအဖြစ်စုစု ပေါင်း ၃၅ ဦးတက်ရောက်ကုသနေကြောင်းသိရှိရ သည်။ အဆိုပါ ကားပေါ်တွင်ဘုရားဖူးသွားသူစုစု ပေါင်း ၅၅ ဦးပါရှိကြောင်းသိရသည်။

ဘုရားဖူးတေပါကားမောင်းနှင်သူ ယာဉ် မောင်း မောင်ကြည်အောင် (၃၁နှစ်)အား အမှုဖွင့် လုစ်ဆောင်ရွက်ထားကြောင်းသိရသည်။

**(၅၀၉)**

# ကွတ်ခိုင်နှင့် မူဆယ်တို့တွင် စိတ်ကြွရူးသွပ် ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၇**

ဧပြီ ၁၃ ရက် ည ၁၂ နာရီ ၂၅ မိနစ် အချိန် ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ ဝင်များသည် ကွတ်ခိုင်မြို့ ရပ်ကွက် (၃) အိမ်အမှတ် (ဂ/၃၀၅)နေ သန်းအောင်၏ နေအိမ်ကိုရှာဖွေရာ ဝှင်းဝတ်ဆင်ထားသည့် ဘောင်းဘီ အိတ်အတွင်းမှ အအေးစုပ်ပိုက်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ ပြား သိမ်းဆည်းရမိသဖြင့် သန်းအောင်(၄၈) နှစ်အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဧပြီ ၁၂ ရက် ည ၉ နာရီ ၅ မိနစ်အချိန် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့ ၁၀၅ မိုင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ်၊ ၁၀၅ မိုင် မိုင်းယုကျေးရွာဈေးအနီးတွင် တွေ့ရှိသူ မိုင်းလုမ်သောင်းအား ရှာဖွေရာ ဝှင်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၃၈ ပြား သိမ်းဆည်းရ မိသဖြင့် မိုင်းလုမ်သောင်း(၂၈) နှစ် အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။ **(ကြေးမုံ)**



# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စစ်ဆေးရေးများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၇**

မဟာသင်္ကြန်ကာလအတွင်း ရေကစားသူများ ဘေးအန္တရာယ်ကင်း၍ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပူးပေါင်း၍ ရေကစားသူများနှင့် ယာဉ်များအား ရှာဖွေစစ်ဆေးရာ ဧပြီ ၁၃ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်(၁) အတွင်းရှိ HOTEL MAX ရှေ့လမ်း ဆုံတွင် ယာဉ် ၁၀၂ စီးပေါ်မှ သစ်သား တုတ် ၁၁ ချောင်း၊ ဝါးလုံးပိုင်း သုံး ချောင်း၊ ပုလင်းခွံ ၆၁ လုံးကိုလည်း ကောင်း Junction Centre ရှေ့လမ်း ဆုံ၌ ယာဉ် ၆၈ စီးအား ရှာဖွေရာ ဝါးလုံးပိုင်း ခြောက်ချောင်း၊ ပုလင်းခွံ ၅၃ လုံးနှင့် ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ယာဉ် ၅၈ စီးအားရှာဖွေရာ ဝါးဆစ်တုတ် တစ်ချောင်း၊ သစ်သား ငါးချောင်း၊ သံပိုက်လုံး နှစ်ချောင်း၊ ဓားမ တစ်ချောင်း၊ မောင်းချဓား တစ်ချောင်း၊ ပုလင်းခွံ ၈၈ လုံးကိုလည်းကောင်း၊ Execel Captial Hotel ရှေ့၌ ယာဉ် ၅၆ စီးအား ရှာဖွေရာ ပုလင်းခွံ ၃၂ လုံးတို့ကိုလည်းကောင်း သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာကျောက်ရင်းနီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများကို နွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။

(ခ) ကိုယ်ကျင့်သိက္ခာနှင့်ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့် စိတ်ဓာတ်ကိုအခြေခံ၍ ဆောင်ရွက်နိုင်သူ။

(ဂ) မိမိ၏လုပ်ငန်း အောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။

(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်းရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။

(င) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ၊ ဘောဂဗေဒ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးစဉ်းစားမည်။

(စ) စိစစ်ရွေးချယ်ခံရသူအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါ ကူညီထောက်ပံ့ပေးမည်။

(ဆ) ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်။**

အမှတ်(၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉ ၄၉၂၁၁၁၀၆၊ ၀၉ ၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း (ဌာနမှူး) ၀၉ ၄၀၁၅၈၀၄၀၃၊ ၀၉ ၇၉၅၃၇၂၂၄၉၊
ဒေါ်ငွေငွေဝင်း (ဌာနမှူး) ၀၉ ၉၇၉၆၂၁၆၃၉၊ ၀၉ ၂၅၃၀၃၈၇၂၂၊
ဒေါ်ဝေမွန်သိန်း (ဌာနမှူး) ၀၉ ၂၅၀၇၇၄၉၀၈၊ ၀၉ ၄၂၅၂၇၆၉၀၈။

## နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်တွင် ကျရောက်သည့် နှစ်သစ်ကူးမင်္ဂလာအခါသမယတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အသင်းသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြလျက် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပြီး စီးပွားရေးလုပ်ငန်းဆောင်တာများလည်း ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးရုံးမှူး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)နှင့်
ဇနီး ဒေါ်ပဲ့နန်းမိသားစု

## "HAPPY BIRTHDAY"ပါ ဘိုးဘိုး

၁၈-၄-၂၀၁၆ ရက်ဟာ ဘိုးဘိုး ဒေါက်တာဦးမောင်မောင်ချို ရဲ့ (၇၀)နှစ် မြောက် မွေးနေ့ ဖြစ်ပါတယ်။

အဲဒီမွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာအေးချမ်း ပျော်ရွှင်စွာ ဒါနသီလဘာဝနာတရားများကို ပွားများအားထုတ်နိုင်ပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။

မြေး-**Leon** ရဲရင့်အောင်(**Australia**)

Dumper ကားမျိုးစုံ နှင့် Truck ကားမျိုးစုံကို မြန်မာ့အကောင်းဆုံး နဂါးနီ ကုမ္ပဏီ တွင်ရောင်းချပေးနေပါပြီ။ ရန်ကုန်လိုင်စင် ဖြင့်ရပါမည်။
အမှတ်(၁၅)၊ ကျန်စစ်သားစက်မှုဇုန်၊ (အမှတ်၂လမ်းမနှင့် ကျန်စစ်သားလမ်းဆုံအနီး) ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
အကွက်(၂၇)၊ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းရှေ့၊ နေပြည်တော်။
095191131,0973104047





# ကြော်ငြာ

**GOLDEN STAR** ခရီးသွားလုပ်ငန်း
- ကျိုက်ထီးရိုး(နေ့စဉ်)
- ချောင်းသာ/ငွေဆောင်

ကိုယ်တိုင် စီစဉ်ပေးသည်။

Ph: 209200, 544383, 430480, 705968, 703448

---

**ရွှေလမ်းခရီး**...မှ ကျိုက်ထီးရိုး/ချောင်းသာ

ဖုန်း- 01371317, 095124678, 098627170

---

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

---

**ဦးအောင်ဟိန်းကျော်**

ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ

writing (essay, letter) grammar

အင်္ဂလိပ်စကားပြော သင်တန်း

- နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်

- ဇဂ်မအိမ်ယာ၊ ဇဂ်မလမ်း၊ ရုပ်ရှင်ရုံနှင့်ထုပါရုံကြား၊ ၂ မြောက်၊ သာကေတ
- 09785171841
- 392468, 095171841

---

**POWER**

၁၀-တန်း, ၉-တန်း, ၈-တန်း

စာသင် စာကျက် စာမြေ လေ့ကျင့်ရေး

မြန်မာစာ - ဦးနန်းဦး ဦးစာဝ | ဓာတု - ဦးအောင်နိုင်ဦး B.C.Sc
အင်္ဂလိပ် - ဇော်ဂျက်ဇရီ, ဒေါ်နိုင်နိုင်ဆု M.A (English) | ရူပ - ဦးညွန့်ဝေ B.Sc(Physics)
ဇီဝ - Dr.အောင်မြင့်သိန်း (Ph.D), Dr. အောင်ဖြိုးဟိန်း (MBBS)
သင်္ချာ - ဦးမျိုးလွင် B.E | ဘောဂ - ဆရာဇော် (Eco)

09 73129358, 09 263916053, 09 73046850, 09 421165113, 09 785663304, 09 785161853

၃၆၅/ ပ - ထပ်၊ မဟာဗန္ဓုလလမ်း(လွှတ်လမ်းထိပ်)၊တော်ဝင်မှန်တိုက်အပေါ်ထပ်။ ၁၁ - ၃၉၁၂၆၆
၅၇၂ ရွှေဂုံလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ၊ မေတ္တာညွန့်ဘုတ်ဘားအနီး။

---

**ဧည့်လမ်းညွှန် ဝင်ခွင့်** ၂၀ ကျက်ပရိ

IELTS (FOUNDATION & PREPARATION)

4-SKILL (For different age groups)

တစ်ဦးချင်း/အုပ်စုလိုက်စမ်းပါ | သာကေတ - ၀၉၄၂၀၂၆၄၃၄

၅၈၊၄ - လှော၊ ၄၆လမ်း(အောက်)ဗိုလ်တထောင်မြို့နယ်၊ YMCA အနီး။
MCC - သာကေတ၊ ဇဂ်မလမ်း၊ အနော်မာ၊ ၁ - ဈေးမှတ်တိုင်။

---

၈၊၉၊၁၀ကျောင်းသား/သူများ အတွက်
အချိန်ပိုင်းအလုပ်ပေးမည်
တစ်နိုင်ငံလုံးဒေသမရွေး
၀၉-၄၂၀၇၃၆၄၆၊
၀၉-၂၅၄၂၆၃၃၈၃

**မီးသတိပြု**

---

## THE PRESTIGIOUS PRIVATE HIGH SCHOOL AT PHO SEIN

ဆရာကောင်း (ဆေး - ၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော

မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ စည်းကမ်း၊ စာ၊ စနစ် အထူးကောင်းမွန်သည်ဟု မိဘအုပ်ထိန်းသူများအကြား ဂုဏ်သတင်းမွှေးပျံ့နေသော ကျောင်း

# ကောင်းထက်ကျော်

## တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
(မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)

## အဆင့်မြင့် စာသင်ဝိုင်းများ
(၈၊၉၊၁၀တန်း)

## အထူးစခန်းသွင်းဘော်ဒါဆောင်
(၈၊၉၊၁၀တန်း)

မေလဆန်း ဖွင့်လှစ်မည့် မူလတန်းမှတက္ကသိုလ်ဝင်တန်းအထိ တန်းခွဲများ အမြန်ဆုံး အပ်နှံမှုသာ

ခြံအမှတ် - ၃၃ (စီ - ၂)၊နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဖိုးစိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊
HOT LINE - 01 548339,01 541962,01 552348,09 421 168127, 09 420 700008

### ၂၀၁၄-၁၅ ပညာသင်နှစ်အောင်စာရင်း၏ အောင်မြင်မှုမှတ်တိုင်....



မငြိမ်းဆုသာ
ဆတမ - ၇၇
ဘာသာစုံဂုဏ်ထူး
လူရည်ချွန်နှစ်ထပ်ကွမ်း
မြန်မာတစ်နိုင်ငံလုံးအဆင့် (၆)



မမေမီမီမောင်
ဆဗဟ - ၂၉၅
ဘာသာစုံဂုဏ်ထူး
မြန်မာတစ်နိုင်ငံလုံးအဆင့် (၇)



မနှင်းရည်သင်း
ဆဗဟ - ၆၈၆
ဘာသာစုံဂုဏ်ထူး



မသီရိနန္ဒာအောင်
ဆဒဂ - ၄၇၉
ဘာသာစုံဂုဏ်ထူး



မခင်ရှုပါသင်း
ဆလသ - ၂၅၇
ဘာသာစုံဂုဏ်ထူး

- ၅ ဘာသာဂုဏ်ထူးရှင် - ၁၈ ဦး
- ၄ ဘာသာဂုဏ်ထူးရှင် - ၂၀ ဦး
- ၃ ဘာသာဂုဏ်ထူးရှင် - ၂၀ ဦး
- ၂ ဘာသာဂုဏ်ထူးရှင် - ၁၁ ဦး
- ၁ ဘာသာဂုဏ်ထူးရှင် - ၂၆ ဦး

၂၀၁၅-၁၆ ပညာသင်နှစ် ဘက်စုံပညာထူးချွန်(လူရည်ချွန်) အဖြစ် ရွေးချယ်ခံရသော ကောင်းထက်ကျော်စာသင်ဝိုင်းများတွင် တက်ရောက်နေသည့် မောင်အောင်ပြည့်ကျော် (တက္ကသိုလ်ဝင်တန်း၊ ထ - ၁ တာမွေ)နှင့် မကေခိုင်စိုး လူရည်ချွန်နှစ်ထပ်ကွမ်း (န၀မတန်း၊ ထ - ၄ တာမွေ)တို့အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

---

ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသားအများဆုံးရရှိနေပြီး အောင်ချက်ကောင်း၊စည်းကမ်းကောင်း၊ စာသင်ကောင်းခြင်းတို့ကြောင့် ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်၊ အင်းစိန်မြို့နယ် ကိုယ်ပိုင်ကျောင်းများအားလုံးတွင် ၈-တန်းအောင်ချက် **ပထမ**၊ ၁၀-တန်းအောင်ချက် **ပထမ** တရားဝင်ရရှိခဲ့သော..... ကျောင်းလခလည်းအလွန်ချိုသာသော.....

PRIVATE HIGH SCHOOL TS U THAN SEIN

# ဆရာ ဦးသန်းစိန် (သင်္ချာ/ရူပ) နှင့် ဆရာမ ဒေါ်ဇင်နီမြင့် (အင်္ဂလိပ်စာ)
[M.A (English), Dip in ELT(YU)]

ကိုယ်တိုင်အုပ်ချုပ်သင်ကြားသော

# UTS
(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)

## ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ

ကြော်ငြာရုံဖြင့် မယုံပါနှင့်၊
လေ့လာပါ၊စုံစမ်းပါ၊လာကြည့်ပါ၊
ကြိုက်မှကျောင်းအပ်ပါ။၊
ငွေကြေးသက်သာ၊
ဝန်ဆောင်မှုပြည့်ဝတာ
ဦးသန်းစိန်ကျောင်းပါ။၊

မတ်လတန်းခွဲများ အားလုံး ပြည့်သွားပြီ။
မေလ (၁၀) ရက်၊တန်းခွဲသစ်များထပ်ဖွင့်လိုက်ပြီ။

ဖွင့်တဲ့တန်းခွဲတိုင်း ပြည့်နေတာမို့ ကြိုတင်အပ်နှံထားမှ စိတ်ချရမှာပါ။

သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ၁၀-၅-၂၀၁၆ စမည်။

- ကျောင်းနှင့်တူသော ကျောင်းကြီးဖြစ်သည်၊
- ကျောင်းသား/သူများကိုပညာရေး ထူးချွန်စေရုံသာမက မိဘကိုပါ ရိုသေ ကိုင်းရှိုင်းမှု ရှိစေရန် စာရိတ္တပါ သင်ကြားပေးသည်၊
- စာသင်ခန်းများ နှင့် အိပ်ဆောင်များ အလွန်ကျယ်ဝန်းသည်၊ ဘောလုံးကွင်းရှိသည်၊ အားကစားရုံရှိသည်၊
- ဘော်ဒါဆောင် နှင့် စာသင်ကျောင်း တစ်နေရာတည်းတွင် ရှိသောကြောင့် လုပ်ငန်းချိန်ကုန် သက်သာစေသည်၊

စာသင်ကျောင်းတည်နေရာ - ဆရာဦးသန်းစိန်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း
ပြည်တော်သာမှတ်တိုင်ရှေ့၊ ရွာမအရှေ့ရပ်ကွက်၊ ရွာမလမ်းဆုံ၊အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

သင်တန်းတည်နေရာ - (၄၈)(၅၇)(၇၄)၊ဗိုလ်ဥတ္တမလမ်း၊ဘောဂရပ်ကွက်၊ ဗားဂရာမီးပွိုင့်အနီး၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

Phone: 095190862, 09450014699, 0973016839, 09420273846, 09263889212
Facebook Page - Saya U Than Sein Private High School

အထက်တန်းများMaths,Phy,Chem,Bio Guideများ အလိုရှိသည်၊ (အဆောင်တွင်နေနိုင်သူဦးစားပေးမည်၊)

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မေလ၊ ၇၊ ၈ (၆၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မေလ (၇-၈)ရက်များတွင် ၆၁-ကြိမ်မြောက် ဦးရေ (၇၆၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည့်သာသာ၊ ရန်ကင်း။ (ကျိုက္ကဆံဘုရားပါဝင်၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သင့်ရင်သွေးငယ်တို့ ...အနာဂတ် လှပဖို့ ...ပညာရေးမှာ ရင်းနှီးစို့။

**YRS** ရန်ကုန် "တော်ဝင်ကျောင်း"

Yangon Royal School

အဆင့်မြင့်ဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း



မှတ်ပုံတင်အမှတ် ကက ၁၃ / ၁၃ / ၁၂၈

အထက်တန်းသင်ကြားမည့် ဆရာ၊ဆရာမများ

| | |
|---|---|
| မြန်မာစာ | ဂုဏ်ထူးဦးသိန်းနိုင် |
| | ဆရာမကြီးဒေါ်စန်းမြင့် |
| အင်္ဂလိပ်စာ | ဦးနေအုပ် (စိန်ပေါလ်) |
| | ဦးအောင်ဇေ |
| သင်္ချာ | ဦးဇော် |
| ဓာတုဗေဒ | ဦးဇော်လင်းအောင် |
| ရူပဗေဒ | S.S Top သိန်းဇေ |
| ဇီဝဗေဒ | ဦးကိုကိုနိုင် |
| ဘောဂဗေဒ | ဦးထွန်းမြင့်အောင်၊ ဦးရွှေလဝင်း |

မေ(၆)ရက် စမည်

4 skills English ကို Native Speaker ဖြင့်အထူးလေ့ကျင့်ပေးမည်

09 250804096

အမှတ်၄၅ ၊ နဝရတ်လမ်း ၊ နဝရတ်အိမ်ရာ(သာကေတအဝိုင်းအနီး)သာကေတမြို့နယ်။ ဖုန်း ၀၉ ၄၂၀၇၄၈၈၁၁၊ ၀၉ ၅၁၆၀၄၆၁

၁၃၇၈ ခုနှစ် မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်အချိန်မှစ၍
မိတ်ဆောင်းမိတ်သစ်များအား စီးပွားလာဘ်လာဘများ တိုးတက်အောင်မြင်ပြီး
စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း
ရွှေကွန်ရက် ပြည်တွင်းပြည်ပလေယာဉ်လက်မှတ် အရောင်းမိသားစု
ရွှေကွန်ရက် ပြည်တွင်းခရီးလှည့်လည်ရေး ဝန်ဆောင်မှုမိသားစု
ရွှေကွန်ရက် မြိတ်ငှက်သိုက် ရောင်းဝယ်ရေးမိသားစု များမှ
နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။
ဖုန်း - ၀၉၂၆၃၅၇၀၁၁ ၊ ၀၉၂၆၃၅၇၀၁၂ ၊ ၀၉၂၆၃၅၇၀၃၃
နေပြည်တော် - ၀၉၂၅၀၄၉၂၆၃၄

**MIHARA CAR RENTAL**

Road To Thailand

ပြဝတီ - ဖါးအံ ခရီးစဉ် အပတ်စဉ်
(၃)ညအိပ်(၄)ရက် - ၁၃၀,၀၀၀/ကျပ်

ငပလီကမ်းခြေ ခရီးစဉ် အပတ်စဉ်(၆)ဦးပြည့်တိုင်းထွက်ပါမည်
(၃)ညအိပ်(၄)ရက် - ၁၆၀,၀၀၀/ကျပ်

မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစင်းလုံးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။(လူဦးရေ ၄ ယောက်မှ ၃၄ ယောက်ထိ)

Ph: 09 49218700,09 5025400,09 43124072

**မှတ်ပုံတင်အမှတ် - ကက/၁၃/၂၃/၂၄၁**

Intelligence Plus Character ........ that is the goal of true Education.

**NEC** "မြတ်"ပညာ

Noble Education Centre

**Private Boarding High School**

**အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက်အထူး**

Academic Year 2016 -2017 မေလ (၅)ရက်နေ့စမည်။

(မူလတန်း၊ အလယ်တန်း၊ အထက်တန်း)

* မြန်မာစာ ဂုဏ်ထူးဦးသိန်းနိုင်၊ ဦးရွှေဖိုး
* အင်္ဂလိပ် ဒေါက်တာ ဒီ၊ ဦးရည်ဆန်းမွန်
* သင်္ချာ ဦးတင်ရွှေ (ထိပ်တန်း)
* ဓါတုဗေဒ ဦးဇော်လင်းအောင်
  Tr. ဒေါ်တာ (M.Sc)Chemistry 95
* ရူပဗေဒ ဒေါက်တာ ဝင်းမောင်
  ဦးဇော်လွင်
* ဇီဝဗေဒ ဒေါ်ကေသီလွင်
* ဘောဂဗေဒ ဦးထွန်းမြင့်အောင်
  ဆရာရွှေလှိုင်ဝင်း

Reular Class များစတင်လက်ခံနေပါပြီ။



၄၂(ဘီ)၊ သိမ်ဖြူ(၆)လမ်း၊ သိမ်ဖြူအိမ်ရာ၊ (၁၅)ရပ်ကွက်၊ လှိုင်မြို့နယ်
ဘုရင့်နောင်ဖိုင်နန်းအနီး (ဘုရင့်နောင်လမ်းနှင့် ပါရမီလမ်းထိပ်)
ဖုန်း - ၀၉-၇၈၈၄၂၅၁၃၁၊ ၀၉ ၇၇၀၀၆၂၁၁၊ ၀၉-၄၂၀၀၃၇၆၅

Hot -Line : 01-680 918

ရွေးချယ်မှုအတွက် အကောင်းဆုံး

**EPI** ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်း၊ ရှင်းလင်းထိရောက်သောသင်ကြားမှု...

Software ● ၁ သိန်း
Hardware ● ၁ သိန်း

**ဖုန်းပြုပြင်နည်းသင်တန်း**

ကိုယ်ပိုင်ဆိုင်ဖွင့်ပြီး ပြုပြင်နိုင်အောင် လုပ်ငန်းခွင်မှ ကျွမ်းကျင်သောဆရာများက အခြေခံမှစ၍ အတတ်သင်ကြားပေးသည်။နယ်သင်တန်းသားများအတွက် တည်းခိုရန် အဆောင် အခမဲ့ စီစဉ်ပေးမည်။
Data 2000 GB ပေးမည်။ကြိုတင်အပ်နှံသူများ 10% Discount ပေးမည်။

အမှတ်(၁၃၂)၊ ဒုထပ်(ဝဲ)၊ (၃၇)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 09 25 4040 200, 09 300 47 422

MAHA MYA KYWUN THA
MMAC
ACADEMIC CENTRE

**မဟာမြကျွန်းသာ**
အကယ်ဒမစ်စင်တာ

**အဆင့်မြင့်စခန်းသွင်းဘော်ဒါ**

သင့်ပညာရေးအတွက် အကောင်းမွန်ဆုံးသော ရွေးချယ်ရာ
၂၀၁၆/၂၀၁၇ ပညာသင်နှစ်အတွက်ကျောင်းအပ်လက်ခံပြီ။



ကိုယ်ပိုင်အထက်တန်းကျောင်း
နေ့တက်အထက်တန်းကျောင်း
မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း

နေ့တက်ကျောင်းချိန်
နံနက် ၉:၁၀ နာရီမှ ညနေ ၃:၀၀နာရီ

တိုက်၂-B၊ ၃-လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၀၁၀၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉-၀၆၂၀၆၃၇



Mother's House
Education Centre

**အမေ** တစ်ယောက်၏ စေတနာမေတ္တာနှင့်မခြား သင်ကြား/လေ့ကျင့်စီမံအုပ်ချုပ်သော

**ဘဝဖွံ့ဖြိုး**

**ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်**

**အဆင့်မြင့်ဘော်ဒါ**

တန်းခွဲသစ်များ ၂၃-၄-၂၀၁၆ နေ့စမည်

အမှတ် (၆၂၇/၆၂၈) ၊ ကံ့ကော်ရိပ်သာလမ်း၊ ၁၆/၄ရပ်ကွက် ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။
Tel : 09-514 6359, 09-731 22 777, 01-571547, 09-49314099



# ကိုယ်လိုချင်တဲ့ ရည်မှန်းချက်ပန်းတိုင်မှာ အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်နဲ့ ထမ်းဆောင်နိုင်

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်သစ်ကူးဆုမွန်စကားပြောကြား



**နေပြည်တော် ဧပြီ ၁၇**

မဟာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ မိသားစုရေသဘင်မဏ္ဍပ်များ၌ ရေကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး စစ်တက္ကသိုလ် ရေသဘင်မဏ္ဍပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "မဟာသင်္ကြန်မှာ နိုင်ငံသူ နိုင်ငံသားများအားလုံး စည်းကမ်းရှိရှိနဲ့ ပျော်ပျော်ရွှင်ရွှင် ရေကစားရတာမြင်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ဒီလိုပျော်ပျော်ရွှင်ရွှင် လုပ်နိုင်အောင်လို့လည်း နိုင်ငံသူနိုင်ငံသားတွေအနေနဲ့ ကျရာအခန်းကဏ္ဍ အသီးသီးကနေပြီး ဆောင်ရွက်ခဲ့တာကြောင့် ဒီလိုအခြေအနေမျိုးတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒါကိုလည်း လာမယ့် ၁၃၇၈ ခုနှစ်မှာလည်း အစဉ်အလာတွေ ဆက်လက်ထိန်းသိမ်းပြီးမှ နိုင်ငံရဲ့ကဏ္ဍအသီးသီးတိုးတက်ဖွံ့ဖြိုးဖို့အတွက် တိုင်းသူပြည်သားအားလုံးကနေပြီးတော့ ကျရာကဏ္ဍအသီးသီးက ဆောင်ရွက်သွားကြလို့ရှိရင် တိုင်းပြည်ဟာ အင်မတန် ကိုယ်လိုချင်တဲ့ ရည်မှန်းချက်ပန်းတိုင်မှာ အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်နဲ့ ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်"။

"ဒါ့ကြောင့် လာမယ့်နှစ်သစ် ၁၃၇၈ ခုနှစ်အခါသမယမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးဘယာခပ်သိမ်းလည်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်းလည်း ကင်းငြိမ်းကြပါစေ၊ အမျိုးဘာသာ သာသနာအကျိုးများလည်း ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်"ဟု နှစ်သစ်ကူး ဆုမွန်စကား ပြောကြားခဲ့သည်။ **(မြဝတီ)**

# ဦးနေမျိုးဇင်အပါအဝင် အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူတို့၏ ရင်တွင်းစကားသံ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဦးနေမျိုးဇင်ကို တွေ့ရစဉ်။

သတင်း - ဇော်ကြီး(ပဏ္ဍိတ)၊ဓာတ်ပုံ - ဌေးအောင်

**ရန်ကုန် ဧပြီ ၁၇**

အစိုးရသစ်လက်ထက်တွင် ဒုတိယအကြိမ်မြောက်အဖြစ် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများအနက် ၈၃ ဦးကို ယနေ့နံနက်ပိုင်းက လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၆ ဦး လွတ်မြောက်ခဲ့သည်။

ထိုသို့လွတ်မြောက်လာမှုနှင့်ပတ်သက်၍ (M.D.C.F) မှ ဦးထင်ကျော်က "ကျွန်တော်တို့ကို ပြည်သူတွေကတင်မြှောက်တဲ့ ပြည်သူ့အစိုးရက လွှတ်ပေးလိုက်တဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။ အရပ်သားဒီမိုကရေစီအစိုးရရဲ့ ပြည်သူ့ဆန္ဒကိုဖြည့်ဆည်းပေးလိုက်တာပဲဖြစ်ပါတယ်။အဲဒီအတွက် ကျွန်တော်တို့အဖွဲ့ကလည်း ပြည်သူတင်မြှောက်ထားတဲ့ အစိုးရအဖွဲ့ကို ရှိထားတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ အချက်အလက်တွေတင်ပြမယ်။ တရားစီရင်ရေးရဲ့ လိုအပ်ချက်တွေကို ထောက်ပြမယ်။အဲဒီလိုမျိုးပူးပေါင်းဆောင်ရွက်မှုမျိုးနဲ့ မြန်မာနိုင်ငံရဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ပြည်သူလူထုရဲ့ဆင်းရဲမွဲတေမှုလျှော့ချရေး၊လွတ်လပ်ပြီးတရားမျှတမှုရရှိရေး၊ လူထုရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ၊လွတ်လပ်ခွင့်တွေ၊ တန်းတူညီမျှမှုတွေကို အရပ်သားအစိုးရ အနေနဲ့ ပြည်သူကိုယ်စားပြုဆောင်ရွက်ပေးနိုင်မယ်လို့မျှော်လင့်ပါတယ်"ဟုပြောသည်။

ပြည်သူတို့ ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရသစ်တက်လာပြီး ရှစ်ရက်မြောက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင် အသီးသီးမှ နိုင်ငံရေး အကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့**


## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်ကူးမင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလားတိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

**သူငယ်တန်း အထူးအစီအစဉ်**

ယခုမှ ကျောင်းစ နေကြမည့် သူငယ်တန်းများအတွက်... အသစ်စက်စက် သင်ရိုးများကို နိုင်ငံတကာစံချိန်နှင့်တန်းတူ သင်ကြားနည်းသစ်ကိုမဏ္ဍိုင်ပြု၍ သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

နှစ်စ နှစ်ဆုံး အပျက်အကွက် မရှိ သင်ကြားကြောင်း စာချုပ်ချုပ်ဆိုပေးသည့် အတူမရှိ အတုမရှိသော ဆရာအင်အား

ဂုဏ်ထူး ဦးသိန်းနိုင်

ဂုဏ်ထူး ဦးအောင်နိုင်

ဒေါက်တာ ညီညီ

ဒေါက်တာထွန်းခင်

ဒေါ်ဆွေညွန့်လှိုင်၊ ဆရာတော်လင်းအောင်

ဒေါက်တာ ဝီဝ

ခိုင်းစိုးမြင့်အောင်

အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final) ကိုယ်တိုင် စီမံ၊ ကွပ်ကဲ၊ ခန့်ခွဲ အုပ်ချုပ်သည်။

**ဂုဏ်ထူးဦးသိန်းနိုင်** ကိုယ်ပိုင်အထက်တန်းကျောင်းကြီးနှင့် ပညာရေးအဆင့်မြင့် ဘော်ဒါ

- ရန်ကုန်မြို့၏ No.1 ဆရာများချည်းသာ သင်သည်။
- ဝါရင့် Guide များက တစ်နေ့(၃)နာရီ လေ့ကျင့်ပေးသည်။
- စာသင်ခန်း၊ စာကျက်ခန်း၊ အိပ်ခန်းများကို အဆင့်မြင့်ဆုံး Air Con ခန်းများနှင့် ထားသည်။
- စားသောက်ရေး (MENU ပေး၍ တစ်သွေ့မတိမ်း) ချက်ပြုတ်သည်။
- ရန်ကုန်မြို့နယ် အသီးသီးမှ Ferry ကား ကြို/ပို့ ရှိသည်။

ဦးရာလူ ကြိုက်ရာ ကုတင်၊ အခန်း၊ စာသင်ခုံ ကြိုက်ရာရွေး စနစ်

သူငယ်တန်း မှ ဒသမတန်း အထိ ဧပြီလ (၂၇) ရက်နေ့ ဖွင့်မည်။ ကျောင်းအပ် လက်ခံနေပါပြီ

ဆုံစမ်းအပ်နှံရန်...

- ခြံအမှတ် ၂၀ A +၂၀ B ဝေဇယန္တာလမ်းမကြီး၊ ရွှေနားပန်ဘုရားလမ်းထိပ်၊ (ORANGE SUPER MART ညာဘက်)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၅၇ ၄၀၀၅၆၁၂
- ခြံအမှတ် ၁၄၊ မင်းနန္ဒာ လုံးချင်းအိမ်ရာ၊ ဝေဇယန္တာလမ်းမကြီး၊ (ရွှေပုဇွန်ကိတ် အနီး)၊ ဗိုလ်ရိပ်တံတားညီနောင်ထိပ်၊ ဖုန်း ၀၁ ၅၅၃၄၁၈၊ ၀၉ ၅၀၁ ၂၆၁၁၊

၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးထုတ်ခဲ့သောတပည့်ရင်းများ

| | |
|---|---|
| တစ်နိုင်ငံလုံး ရမှတ်အများဆုံး 1 to 10 အဆင့်ဝင် | (၇)ဦး |
| (၆) ဘာသာ(ဘာသာစုံ) ဂုဏ်ထူးရှင် | (၃၃)ဦး |
| (၅) ဘာသာ ဂုဏ်ထူးရှင် | (၃၀)ဦး |
| (၄) ဘာသာ ဂုဏ်ထူးရှင် | (၁၃)ဦး |
| (၃) ဘာသာ ဂုဏ်ထူးရှင် | (၃)ဦး |
| (၂) ဘာသာ ဂုဏ်ထူးရှင် | (၄)ဦး |
| (၁) ဘာသာ ဂုဏ်ထူးရှင် | (၆)ဦး |

၏ဂုဏ်ထူးရှင်များ အားလုံးကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆၊ ...တွင် "၃၇ ကြိမ်မြောက် ..." ကြိုတင် အသိပေးပါသည်။